# သီတဂူ ဂုဏဂီတိကာ



သီတဂူဆရာတော်၏ (၆၆) နှစ်မြောက်

မွေးနေ့အထိမ်းအမှတ်အဖြစ်

သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာနမှ စီစဉ်ပုံနှိပ် ထုတ်ဝေသည်။

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄ ခရစ် ၂၀၀၃



# သီတဂူ

# [illegible]

၂၅၆၄၈

**သုတေသနစာကြည့်တိုက်**
**[illegible]သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊**
**ကမ္ဘာအေး၊ ရန်ကုန်။**

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄ ခရစ် ၂၀၀၂

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာန က စီစဉ်ပုံနှိပ် ထုတ်ဝေသည်။

# မွေးနေ့မင်္ဂလာ ကန်တော့ပန်းလွှာ



၁၃၆၄–ခု တပေါင်းလဆန်း (၁၅)ရက်နေ့၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဖြစ်တော်မူသော သီတဂူဆရာတော်၏ (၆၆)နှစ်ပြည့် မွေးနေ့မင်္ဂလာကို စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ကျင်းပခဲ့ပါသည်။

ဆရာတော်သည် ရေအလှူတော်အပါအဝင် သာသနာပြုလုပ်ငန်းကြီးလေးရပ်ကို ၁၃၄၂–ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့ဆိုလျှင် နှစ်ပေါင်း(၂၂)နှစ်မျှ ရှိလာပြီဖြစ်ပါသည်။ ဆရာတော်၏ သာသနာပြုလုပ်ငန်းကြီးများနှင့် ပတ်သက်၍ စာပေပညာရှင်များက စာနယ်ဇင်းအသီးသီးမှ ကဗျာ လင်္ကာ ဆောင်းပါးများ ရေးသား၍ ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။

ထိုစာနယ်ဇင်းအသီးသီးမှ သင့်လျော်ရာရာ ကဗျာလင်္ကာတို့ကို ရနိုင်သမျှစုစည်း၍ ဆရာတော်၏ (၆၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆရာတော်ကို ပူဇော်သောအားဖြင့် ဤစာအုပ်ကို ထုတ်ဝေလိုက်ပါသည်။

သုတေသနနှင့် ကျမ်းပြုဌာနမှ တပည့်များ၏ ကန်တော့ပန်းလွှာ ဤ'ဂုဏာဂီတိကာ'ကို စာရှုသူတို့ နှစ်သက်ရွှင်မြူးကြည်နူးကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

သုတေသနနှင့် ကျမ်းပြုဌာန
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း

# မာတိကာ


| စဉ် | အကြောင်းအရာ | ကလောင်ရှင် | စာမျက်နှာ |
|---|---|---|---|
| | နိဒါန်း | | က - ဍ |
| ၁။ | ပြည်တော်ချစ်သီတဂူ | သီတဂူအဖွဲ့ | ၁ |
| ၂။ | ယောကျ်ားတို့ဇာနည် | စစ်ကိုင်းမင်းရှိန် | ၂ |
| ၃။ | သီတဂူမော်ကွန်းသစ် | ဆန်းထွန်း (မန်းတက္ကသိုလ်) | ၃ |
| ၄။ | မိုးပျံရောဝတီ | သုခ | ၄ |
| ၅။ | ချောင်တိုင်းရေလှူဖို့ | ဆန်းထွန်း | ၅ |
| ၆။ | အလှစေတနာ | မင်းယုဝေ | ၆ |
| ၇။ | သီတဂူရေအလှူတော်ဖွဲ့ တေးထပ် | ဒဂုန်ဦးစန်ဌေ | ၇ |
| ၈။ | ကြည်နူးရှိသေလှူမိစေ | သုံးပုံတံချူကျမ်း | ၈ |
| ၉။ | ဓေယျာပဗ္ဗတ | နယဉ် | ၉ |
| ၁၀။ | ရေစင်တပေါက်သောကပျောက် | မင်းသုဝဏ် | ၁၀ |
| ၁၁။ | တောင်ဓေယျာရေလွှမ်းပြီမို | ခင်မျိုးချစ် | ၁၁ |
| ၁၂။ | မေတ္တာရေစင် | မောင်စွမ်းရည် | ၁၅ |
| ၁၃။ | လဝန်ရည်တူသီတဂူ | မြေလတ်သဇင်မြိုင် | ၁၆ |
| ၁၄။ | တောင်နှင့်ဒီရေ | ရဝေထွန်း | ၁၈ |
| ၁၅။ | မြသပိတ်အိုင် | ဆန်းထွန်း မန်းတက္ကသိုလ် | ၁၉ |
| ၁၆။ | ဓေယျာမြေ | ညဏ်စိုး (သီတဂူ) | ၂၀ |
| ၁၇။ | ရေညာဆန်ရောဝတီ | ကောမုဒီ (သီတဂူ) | ၂၂ |
| ၁၈။ | သီတဂူထုတိမင်္ဂလာ | ရွှေမန်းသီရိပညာကျော် | ၂၃ |
| ၁၉။ | ကမ္ဘာမှာသာသော သီတဂူ | ပါမောက်လွင် | ၂၇ |
| ၂၀။ | ကိုးဆယ်ဆသာလိမ့်မယ် | ကိုကိုနိုင် (ကေတု) | ၂၈ |
| ၂၁။ | သီတဂူဆေးအလှူတော် | ဆန်းထွန်း (မန်းတက္ကသိုလ်) | ၂၉ |
| ၂၂။ | ရေအေးအေး ဆေးစွမ်းစွမ်း | ညဏ်ထွန်း | ၃၀ |
| ၂၃။ | သီတာရေအေး ဖျန်းဆွတ်ပေး | မောင်လင်းကြည် | ၃၁ |

၂၄။ စစ်ကိုင်းတောင် ကိုရင်စစ် ၃၂
၂၅။ သည်အလှူ မြမန်း ၃၄
၂၆။ ငြိမ်းချမ်းစေဖို့ ဓေယျာပညာရှင် ၃၅
၂၇။ ရေဒါန ဆန်းထွန်း (မန်းတက္ကသိုလ်) ၃၆
၂၈။ လက်ကမ်းကြိုနေ ဓေယျာမြေ အရှင်ပညာဒီပ (သီတဂူ) ၃၈
၂၉။ တောင်ဓေယျာမှ သီတာစန်း ၃၉
၃၀။ အလှူကောင်းမှု ရရာပြုလော့ မဃဒေဝ ၃၉
၃၁။ သီတဂူ သီတဂူအရှင် ၄၀
၃၂။ သီတဂူအမြိုက်ကန်တော် အရှင်ကဝိသာရ (ဝေဇယန္တာ) ၄၂
၃၃။ ဆန္ဒ မောင်ရေချမ်း (သီတဂူ) ၄၃
၃၄။ သီတဂူ ခင် (တိုင်းရင်းမေ) ၄၄
၃၅။ သီတဂူ ငွေစန္ဒာ (D.P.P.S) ၄၅
၃၆။ သီတဂူရေ သီတဂူအရှင် ၄၆
၃၇။ ဘုရားစကား ထိပ်တင်ဝင်း ၄၇
၃၈။ အိုဘယ့်သီတဂူ မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၄၈
၃၉။ ဖူးထိုက်လို့ ဦးခိုက်ပါသည် မကြွယ်ကြွယ် ၄၉
၄၀။ ကန်တော့ပန်း မောင်ခေတ်ထွန်း ၅၀
၄၁။ ဖြူသောအလှူရှင် မောင်သက်ကြူ ၅၀
၄၂။ ရာဇဝင်သစ်ရေးမည့်စစ်ကိုင်း မောင်စိန်ဝင်း (ပုတီးကုန်း) ၅၁
၄၃။ နိဗ္ဗာန်ကူးတို သီတဂူ ကြူကြူသင်း ၅၂
၄၄။ အောင်ခွန်းသံ သီတဂူအဖွဲ့ ၅၂
၄၅။ သီတဂူဆရာတော်သို့
ဂုဏပုဗ္ဗာဝန္ဒနာ မောင်မောင်ချစ်ဝင်း (ဥပဒေ) ၅၃
၄၆။ သီတဂူအလှ မောင်မြတ်ရည် (မန်းတက္ကသိုလ်) ၅၄
၄၇။ ကြည်ဖြူရေးမကုန် သီတဂူဆေးရုံ မောင်စိတီး (စစ်ကိုင်း) ၅၅
၄၈။ သီတဂူ ဤအလှူအကျိုး တက္ကသိုလ်သျှင်သီရိ ၅၆
၄၉။ သီတဂူထေရ်အရှင်သို့ မင်းယုဝေ ၅၇

| | | | |
| --- | --- | --- | --- |
| ၅၀။ | စစ်ကိုင်းတောင် အထက်နားက နှစ်ဆယ့်ငါးကိုအမှတ်တရ | ဓမ္မာစရိယ ဦးခင်မောင် | ၅၈ |
| ၅၁။ | ပဋိပက္ခာ ယောနိသော | ကိုရင်ဥေယျ (သုမောင်) | ၅၉ |
| ၅၂။ | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဘွဲ့တေးထပ် | ဦးတင်ဦး (မြောင်) | ၆၀ |
| ၅၃။ | သွေး | မောင်စီတီး | ၆၁ |
| ၅၄။ | သီတဂူမော်ကွန်းတင် မင်္ဂလာသြဘာ ထောမနာစာထောင့် လေးချိုးကြီး | ကထိက ဒေါ်မြင့်သန်း | ၆၂ |
| ၅၅။ | စန်းမြသီတဂူ ဓမ္မာ့နယ်စုံလင် မဟာလေးချိုးကြီး | မင်းလဲ့ရီ | ၆၇ |
| ၅၆။ | ဂုဏာဘိတ္ထဝ ဂုဏပူဇာ ထုတိဝေဒလ္လကထာ | ဦးတင်ထွန်း (ဓမ္မာစရိယ) | ၆၉ |
| ၅၇။ | စွမ်းအားရှင် | မြိုင်နန်းဆွေ | ၇၂ |
| ၅၈။ | သီတဂူရေအလှူတော်ဘွဲ့တေးထပ် | ဦးတင်ဦး (မြောင်) | ၇၅ |
| ၅၉။ | အနော်ရာတတ်၏ မြတ်ရေစင် | မောင်ဟေမာ | ၇၆ |
| ၆၀။ | သီတဂူမော်ကွန်း | လှသမိန် | ၇၈ |
| ၆၁။ | ဗုဒ္ဓသာသနာ့တံခွန် | နွယ် (စစ်တွေ) | ၈၀ |
| ၆၂။ | ပေးတဲ့ဆုနဲ့ပြည့်ပါစေ | ဇေကရီ | ၈၂ |
| ၆၃။ | ပြာရိပ်မြလွင်အလှဆင်သည် | မြင်းမူမောင်နိုင်မိုး | ၈၄ |
| ၆၄။ | ပင့်ဖိတ်သံ | ကောင်းမွန် | ၈၇ |
| ၆၅။ | မွေးနေ့ဆုတောင်း | ကောင်းမွန် | ၈၈ |
| ၆၆။ | သီတဂူ | အရှင်သာသန (ဗုဒ္ဓတက္ကသိုလ်) | ၈၉ |
| ၆၇။ | ပရဟိတ | ဉာဏ်စိုး (သီတဂူ) | ၉၀ |
| ၆၈။ | ရေဆေးအလှူ ကျိုးဆယ်ဆူ | ဉာဏ်စိုး (သီတဂူ) | ၉၁ |
| ၆၉။ | ဆုတောင်း | တက်လူ | ၉၂ |
| ၇၀။ | အာစရိယပူဇာ | ရတနာလှိုင် | ၉၃ |
| ၇၁။ | သီတဂူဆရာတော်အား ဂုဏပူဇာ ကာဗျဝန္တနာ | လှသမိန် | ၉၄ |
| ၇၂။ | သီတဂူ အေးမြတဲ့စန်း | သူရဇော် | ၉၅ |

စဉ် အကြောင်းအရာ ကလောင်ရှင် စာမျက်နှာ

၇၃။ စစ်ကိုင်းအမွေ — ဦးအေးချို (မဟာဝိဇ္ဇာ) ၉၆
၇၄။ ငါတို့မမေ့ ဗုဒ္ဓနေ့ — မနှင်းဆီ ၉၇
၇၅။ အောင်ပွဲ — မြေလတ် သဇင်မြိုင် ၉၈
၇၆။ တောင်မြတ်စခန်း — ဧယျာထေရ် ၉၉
၇၇။ နှလုံးသားဘုရားတည်သူ သီတဂူသို့
အလင်္ကာဝတ်ရည် ကဗျာရည် — တက်လူ ၁၀၀
၇၈။ သူရဲကောင်းစိတ်ဓာတ် — ခင်ဆွေဦး ၁၄၄
၇၉။ လေဟုန် တောကြီး
မီးနှင့်ကျောက်တောင် ပမာဆောင် — အရှင်စန္ဒာသီရိ (သီတဂူ) ၁၄၅

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

ဘီစီ ၆ – ရာစုသည် အလွန်ထူးခြားသော ရာစုနှစ်ဖြစ်၏။ အဘယ့်ကြောင့် နည်း။ ထို ဘီစီ(၆)ရာစု၌ သိဒ္ဓတ္ထမင်းသားသည် အကန်းကမ္ဘာကြီးကို မျက်လုံးပေးဖို့အတွက် သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိခဲ့သောကြောင့်တည်း။ ဗုဒ္ဓသည် (၄၅) ဝါတို့ပတ်လုံး လောကသားများအား အမြိုက်တရားများကို ဟောကြားတော်မူခဲ့သည်။ ထို အမြိုက်တရားများကို လိုက်နာကျင့်သုံးသူမှန်သမျှသည် ဓမ္မအရသာကို မြိန်မြိန်ကြီးခံစား၍ ငြိမ်းချမ်းသာယာသော 'သုခနိုင်ငံတော်' သို့ ရောက်သွားကြပေသည်။ ထို့ကြောင့် ဗုဒ္ဓဟောကြားတော်မူခဲ့သော ဓမ္မမှန်သမျှသည် လောက သားများ လိုက်နာကျင့်သုံးသင့်သော စည်းကမ်းဥပဒေများပင်ဖြစ်၏။ သို့ဖြစ်၍ သီတဂူဆရာတော်က **'ဓမ္မသည် ငါတို့၏စည်းကမ်း'** ဟု ကြွေးကြော်ခဲ့ပေသည်။

ဗုဒ္ဓက 'အမိုက်တိုက်၌ အိပ်ပျော်နေသူများအား အမြိုက်စည်ကြီးကို တီးခတ်၍ နိုးကြားစေမည်' ဟု ကြိမ်းဝါး၍ လောကသားများကို ဓမ္မဥပဒေဖြင့် အုပ်ချုပ်ပြီး ဓမ္မနိုင်ငံတော်ပေါင်းများစွာကို တည်ထောင်ခဲ့ပေသည်။ ထို့ကြောင့် ဓမ္မနိုင်ငံသူ နိုင်ငံသားများသည် နှလုံးစိတ်ဝမ်း အေးချမ်းကြသည်။ စစ်မှန်သော ချမ်းသာကို ခံစားကြသည်။

ယနေ့အချိန်၌ ကမ္ဘာ့ရွာကြီး၏ ရပ်ကွက်တိုင်းလောက်နီးနီး စစ်မီးလျှံများ တဟုန်းဟုန်း တောက်လောင်နေသည်ကို တွေ့မြင်နေရပေသည်။ ထို စစ်မီးလျှံများ ခေါင်းမထောင်နိုင်ဖို့အတွက် ဓမ္မနိုင်ငံတော်များချဲ့ထွင်နိုင်ဖို့ အထူးလိုအပ်လှ၏။ ထို့ကြောင့် သာသနာ့ဝင် ရှင်ရဟန်းများသည် 'သာသနာ့အအလုပ်သည်တို့အလုပ်' ဟု ကြွေးကြော်၍ သာသနာပြုလုပ်ငန်းများကို ခြေလှမ်းသွက်သွက်ဖြင့် ကြိုးစားအားထုတ် ကြရပေမည်။ **(အာရဗ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ)**

လောကီ အကျိုးစီးပွားဖြစ်ဖြစ်, လောကုတ္တရာအကျိုးစီးပွားဖြစ်ဖြစ် အလုပ်လုပ်မှသာလျှင် ကြီးပွားတိုးတက်နိုင်ပါသည်။ အလုပ်ဖြင့် ဘဝတန်ဘိုးကို မြှင့်တင်ပေးရမည်။ အလုပ်ဖြင့် အဆင့်မြင့်သောဘဝကို တည်ဆောက်ရပေမည်။ ထို့ကြောင့် သီတဂူဆရာတော်က **'အလုပ်သည် ငါတို့၏အခွင့်အရေး'** ဟု ကြွေးကြော်ထားခြင်းဖြစ်ပေသည်။

အစုန်လမ်းကို လျှောက်လှမ်းကြသည့် အချောင်သမားတို့သည်ကား အလုပ်မလုပ်ဘဲ အခွင့်အရေးကို လိုချင်မက်မောကြ၏။ အလုပ်သည်အခွင့်အရေးဖြစ်၏ ဆိုသည်ကို နားမလည်ကြ။ အခွင့်ရေးနောက်သို့သာ ကောက်ကောက်ပါအောင် လိုက်ကြ၏။ ထို့ကြောင့် တဗုန်းဗုန်းနှင့် ပြုတ်ကျကုန်တော့သည်။ ဤသည်ကား ဓမ္မလမ်းကြောင်းမှ သွေဖည်သူတို့ မလွဲမသွေ ပက်ပင်းတိုးရမည့် ပန်းတိုင်ပင်ဖြစ်ပေသည်။

ရောမမြို့သည် တစ်ရက်တည်းနှင့် တည်ဆောက်ထားသည် မဟုတ်သကဲ့သို့ ယနေ့အချိန်၌ သီတဂူလုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခု ငွားငွားစွင့်စွင့် ပေါ်ထွန်းလာခြင်းမှာ သီတဂူဆရာတော်၏ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်မှု, သီတဂူဝန်ဆောင်သံဃာအဖွဲ့နှင့် သီတဂူ ကပ္ပိယကာရကအဖွဲ့တို့၏ ဝိုင်းဝန်း ကူညီဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပေသည်။

အမှန်တကယ်ကား အလုပ်များကြောင့် သီတဂူဟူသောအမည် ဖြစ်ပေါ်လာသည်။ ထိုသီတဂူကြောင့်လည်း အလုပ်ပေါင်းများစွာ ဖြစ်လာပြန်ပေသည်။ ထို့ကြောင့် သီတဂူဟူသောအမည်သည် အလုပ်၏အမည်ဖြစ်ပေ၏။ သို့ဖြစ်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသမထေရ်က **'သီတဂူဆရာတော်သည် နာမည်ကြီးအောင်အလုပ်လုပ်သည်မဟုတ်၊ အလုပ်လုပ်သောကြောင့်သာ နာမည်ကြီးခြင်းဖြစ်သည်'** မိန့်တော်မူခြင်းဖြစ်ပေသည်။

သီတဂူဆရာတော်သည် အလုပ်လုပ်သည့်နေရာ၌ သီတဂူပရိသတ်အတွက်သာ အလုပ်လုပ်သည်မဟုတ်သောကြောင့် သီတဂူအဖွဲ့ကပိုင်ဆိုင်သည့် **'အဖွဲ့ပိုင်ဆရာတော်'** မဟုတ်သကဲ့သို့ ဂိုဏ်းဂဏအတွက်သာ အလုပ်လုပ်သည် မဟုတ်သောကြောင့်လည်း ဂိုဏ်းကပိုင်ဆိုင်သည့် **'ဂိုဏ်းပိုင်ဆရာတော်'** လည်းမဟုတ်ပါ။

နိုင်ငံတော်အတွက်အကျိုးကျေးဇူးများသော အလုပ်များကို လုပ်သောကြောင့် နိုင်ငံတော်က ပိုင်ဆိုင်သည့် **'နိုင်ငံပိုင်ဆရာတော်'** ဖြစ်သကဲ့သို့ တစ်သာသနာလုံးအတွက် အကျိုးကျေးဇူးများသော အလုပ်များကိုလုပ်သောကြောင့်လည်း တစ်သာသနာလုံးက ပိုင်ဆိုင်သည့် **'သာသနာပိုင်ဆရာတော်'** လည်းဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ နာယကချုပ်ဆရာတော် ဘုရားကြီးက **'ဘုန်းကြီးတို့မြန်မာနိုင်ငံမှာ သီတဂူဆရာတော်လို စွယ်စုံထူးချွန်သည့် ပုဂ္ဂိုလ်မျိုးရှိတော့ နိုင်ငံနဲ့သာသနာတော်အတွက် အလွန်အားကိုးရတယ်'** ဟု မိန့်တော်မူခြင်းဖြစ်ပေသည်။

## အလုပ်နှင့်ပတ်သက်လာလျှင် ပေါ့ပေါ့ဆဆမလုပ်နဲ့

အလုပ်လုပ်သည့်နေရာ၌ တိုးတက်အောင်မြင်နိုင်ဘို့အတွက် **'အလုပ်နဲ့ပတ်သက် လာရင် ပေါ့ပေါ့ဆဆ မလုပ်နဲ့၊ လေးလေးနက်နက်လုပ်၊ ပြင်းပြင်းထန်ထန်လုပ်၊ ဖွဲ့ကောင်းကောင်းနှင့်လုပ်၊ ခိုင်မာတဲ့ယုံကြည်ချက်နှင့်လုပ်'** ဟု သီတဂူဆရာတော်က မိန့်ဆိုထားပေသည်။

နာမည်ရအောင်အလုပ်လုပ်ခြင်းထက် အလုပ်တွင်ကျယ်အောင် လုပ်ခြင်းက ပို၍အရေးကြီးကြောင်းကို အစုန်သမားများသဘောမပေါက်ကြ။ ထို့ကြောင့် 'ဒုတ်နှင့်ပစ်လို့ရရ၊ ခဲနှင့်ပစ်လို့ရရ နာမည်ရဖို့အရေးကြီးတယ်' ဟု သဘောပိုက်ပြီး နည်းမျိုးစုံဖြင့် နာမည်ရအောင်ကြိုးစားနေကြ၏။ ထိုသူများကား 'နာမည်ငတ်ကြီးကျနေသူများ' ပင်တည်း။ ထိုနာမည်ငတ်ကြီးကျနေသူများ ပေါများလာလျှင် နိုင်ငံနှင့်သာသနာသည် ဆေးမမိသော လူနာကဲ့သို့ အသက်ဆုံး၍ နိဂုံးချုပ်သွားနိုင်ပေသည်။

နိုင်ငံနှင့်သာသနာ တိုးတက်အောင်မြင်ဖို့အတွက် အလုပ်ငတ်ကြီးကျသူများ ပေါများဖို့လိုအပ်လှပေ၏။ မိမိတို့သည် နိုင်ငံနှင့်သာသနာကို မှီခို၍နေကြ၏။ ထို့ကြောင့် အလုပ်ကို ကြိုးကြိုးစားစားလုပ်ခြင်းဖြင့် နိုင်ငံနှင့်သာသနာကို ကျေးဇူးဆပ်ရ

ပေမည်။ 'ဝန်စီး' မဖြစ်စေဘဲ 'ဝန်ထမ်း' ဖြစ်အောင်ကြိုးစားရပေမည်။ 'တို့သာသနာ၊ တို့ပြည်ရွာကို၊ သာယာစေမှု၊ လုံ့လပြုအံ့'ဟူသော သီတဂူအဓိဋ္ဌာန်သည် နိုင်ငံသားတိုင်း ထားရှိရမည့် အဓိဋ္ဌာန်ပင်ဖြစ်ပေသည်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် သာသနာ့ကျေးကျွန်များဖြစ်ကြသည့် လယ်တီဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်၊ သီတဂူဆရာတော်များကို စံနမူနာထား၍ မိမိတို့၏ဘဝကို နိုင်ငံနှင့်သာသနာအတွက် အသုံးချနိုင်အောင် ကြိုးစားရပေမည်။

အိမ်နေသူလူအများကလည်း လှေစုတ်ကလေးပိုင်ဆိုင်သည့် ဆင်းရဲသားဘဝမှ ပင်လယ်ကူးသင်္ဘောကြီးများပိုင်ဆိုင်သည့်သူဌေးဘဝရောက်အောင် ကြိုးစားသည့် သူဌေးဗန္ဓာဗစ်ကဲ့သို့ ရှပ်ရှပ်ချွံချွံကြိုးစား၍ မိမိတို့၏ ခနဥစ္စာများကို နိုင်ငံနှင့်သာသနာ အတွက် စွမ်းနိုင်သမျှ စွန့်လွှတ်ရပေမည်။

သက်မဲ့ဖြစ်ကြသည့် သစ်ပင်၊ မြစ်ချောင်းတို့သည်ပင် မိမိတို့၏ ချိုမြိန်သော အသီး၊ အေးမြသော ရေချိုတို့ကို လောကသားတို့အား ပေး၍ အများအကျိုးကိုဆောင် ရွက်ကြသေးလျှင် သက်ရှိဖြစ်ကြသည့် လူသားတို့သည်ကား အဘယ့်ကြောင့် အများ အကျိုးကို မဆောင်ရွက်သင့်ဘဲရှိပါအံ့နည်း။

ထို့ကြောင့် သီတဂူဆရာတော်က **'မိမိကိုယ်တိုင်လည်း ရှေ့တန်းမတင်၊ လောက သားတို့ကိုလည်း ဦးစားမပေး၊ မိမိဘဝနှင့် လောကသားတို့၏ အကျိုးစီးပွားကို အညီ အမျှဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်သည်သာ အစွန်းလွတ်၍ မြတ်ဗုဒ္ဓချီးမွမ်းသည့် ယောကျ်ား ကောင်း ဖြစ်ပေသည်'**ဟု မိန့်တော်မူခြင်းဖြစ်ပေသည်။

## ယုံကြည်ချက်ရှိမယ်ဆိုရင် မဟာအခွင့်အရေးကြီးပါပဲ

**'အလုပ်လုပ်ကြတဲ့နေရာမှာ ပြင်းထန်တဲ့ ယုံကြည်ချက် ရှိနေမယ်ဆိုရင် သိပ် ကောင်းတဲ့ မဟာအခွင့်အရေးကြီးပါပဲ။**

**၁။ ကိုယ့်ကိုယ်ကို ယုံကြည်ရမည်။**

**၂။ ကိုယ်လုပ်တဲ့ အလုပ်အပေါ်မှာ ယုံကြည်ရမည်။**

**၃။ ကိုယ့်ပန်းတိုင်ကို ယုံကြည်ရမည်။'**

မည်သည့် အလုပ်ကိုပဲလုပ်လုပ် ယုံကြည်ချက်ရှိမှသာလျှင် အောင်မြင်မှုရရှိနိုင်ပေသည်။ ထို့ကြောင့် သီတဂူဆရာတော်က အထက်ပါသြဝါဒစကားကို မိန့်တော်မူခြင်းဖြစ်ပေသည်။ မှန်၏။ သဒ္ဓါယ တရတိ ဩဃံ = ယုံကြည်ချက်ဖြင့် အခက်အခဲမှန်သမျှကိုကျော်လွှားနိုင်ပေသည်။ ယုံကြည်ချက်ရှိမှသာလျှင် စိတ်ဓာတ်သည် ရဲရင့်၏။ ခွန်အားရှိ၏။ စိတ်ဓာတ်ခွန်အားရှိမှ လုပ်ရမည့်အလုပ်များကို စံချိန်မီလုပ်နိုင်မည်ဖြစ်၏။

ထို့ကြောင့် 'ဖြစ်မှ ဖြစ်ပါ့မလား'ဆိုသည့် သံသယစိတ်များကို ဖယ်ထုတ်ပစ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် ထိုသံသယစိတ်များ ကိန်းဝပ်နေသမျှကာလပတ်လုံး အောင်မြင်မှုပန်းတိုင်နှင့် အလှမ်းကွာဝေးနေမည် ဖြစ်သောကြောင့်တည်း။ ယောကျ်ားတို့ဖွဲ့ သေခါမှလျှော့ပြီး 'ဖြစ်ကိုဖြစ်ရမည်'ဆိုသည့် ယုံကြည်ချက်အပြည့်ဖြင့် အလုပ်လုပ်လျှင် ကြီးကျယ်သော အခွင့်အရေးများ ရရှိလာမည်မှာ မြေကြီးလက်ခတ်မလွဲသာတည်း။

## စစ်မရှုံးဖို့အတွက် အောင်လံတံခွန် လွှင့်ထူဖို့လိုအပ်တယ်

**'ဓမ္မကိုထွန်းကားအောင် မဆောင်ရွက်နိုင်လျှင် အောင်လံလှဲတာနှင့်တူတယ်၊ အိန္ဒိယပြည်ကြီးမှာ နှစ်ပေါင်းများစွာ အောင်လံလှဲသလိုဖြစ်ခဲ့တယ်။ အလံလဲတဲ့တိုင်းပြည်ဟာ စစ်ရှုံးတာနှင့်အတူတူပဲ။ အောင်လံထူရင် စစ်နိုင်တာပဲ။ ဒါကြောင့် စစ်မရှုံးဘို့အတွက် အောင်လံတံခွန် လွှင့်ထူဖို့လိုအပ်တယ်။'**

သီတဂူဆရာတော်၏ အထက်ပါသြဝါဒစကားသည် သာသနာ့ဝန်ထမ်းများလုပ်သင့်သည့်တာဝန်ကို မီးမောင်းထိုးပြထားပေသည်။ ဓမ္မနိုင်ငံတော်တည်းဟူသောကြိုးဝိုင်းထဲ၌ အဓမ္မရန်သူများကို အလဲထိုးရမည့်တာဝန်မှာ မိမိတို့သာသနာ့ဝန်ထမ်းတို့၏ တာဝန်ဖြစ်သည်။ ထိုအဓမ္မရန်သူများကို 'ကျူပင်ခုတ် ကျူငုတ်ပါမကျန်'ဆိုသကဲ့သို့ အမြစ်ပြုတ်အောင် ချေမှုန်းသုတ်သင်နိုင်မှသာလျှင် ဓမ္မအောင်လံတံခွန် လွှင့်ထူနိုင်ပေမည်။

သာသနာ့ဘက်တော်သားများ အောင်လံလွှင့်ထူနိုင်ဘို့အတွက် ကိုယ်ခံအားကောင်းဖို့ အထူး လိုအပ်လှပေသည်။ ပိဋကတ်စာပေကိုလည်း တတ်ကျွမ်းရမည်။ ဘာသန္တရစာပေတို့ကိုလည်း တတ်ကျွမ်းရမည်။ ယင်းသို့ဘက်စုံတော်မှသာလျှင် ပြည်တွင်းပြည်ပနှစ်ဌာနလုံး၌ အကွက်စေ့စေ့ ဖြန့်ကျက်နိုင်မည်ဖြစ်၏။ တစ်ဘက်သတ်

ကြည့်ပြီး အလုပ်လုပ်၍မဖြစ်တော့။ နှစ်ဘီးလိုမှ ခရီးတွင်မည်ဖြစ်၏။ ဤသည်ကို မရိပ်မိသော ပုဂ္ဂိုလ်များက 'ပြည်ပသာသနာပြုဆိုတာ မလိုအပ်ပါဘူး၊ အပိုအလုပ်တွေပါ'ဟု အော်ကြီးဟစ်ကျယ် ပြောဆိုလျက်ရှိကြပေသည်။

မည်သို့ပင်ဆိုကြပါစေ မိမိတို့၏ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော သီတဂူဆရာတော်ကြီးသည်ကား အလုပ်ဖြင့်သက်သေပြလျက်ရှိ၏။ ၂၀၀၂-ခုနှစ်က ကမ္ဘောဒီယားနိုင်ငံတွင် ကျင်းပခဲ့သော ဗုဒ္ဓဘာသာညီလာခံ၌ သီတဂူဆရာတော်အမိန့်ရှိလိုက်သော ဓမ္မအသံတို့ကို နိုင်ငံခြားသားများ ခေါင်းတညိမ့်ညိမ့်ဖြင့် နားစွင့်ပြီး သဘောကျ ကြည်နူးလျက်ရှိပေသည်။

ထိုအစည်းအဝေးကြီးကပင် သီတဂူဆရာတော်ကို ဂျပန်နိုင်ငံ၌ တည်ဆောက်တော့မည်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ကြီး၏ **အကြီးအကဲအဖြစ်** ခန့်အပ်လိုက်ကြသည်။ မြန်မာနိုင်ငံသူ, နိုင်ငံသားများ ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းလေစွ။ ထိုအစည်းအဝေးကြီး၏ သဘာပတိက ဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံတို့တွင် မြန်မာနိုင်ငံသည် ထိပ်တန်းအဆင့်မှာရှိကြောင်း ပြောကြားလိုက်သေး၏။ စွယ်စုံထူးချွန်ကြသည့် ဆရာတော်ကြီးတို့၏ ဓမ္မအောင်လံတံခွန် လွှင့်ထူနိုင်ခြင်း၏ အကျိုးပင်တည်း။

ထိုကဲ့သို့ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်တော်မူသည့် သီတဂူဆရာတော်နှင့်သီတဂူအဖွဲ့သည် ''ငါတို့ဖြစ်ရ၊ ဤလောကဝယ်၊ ဘဝ သမိုင်း၊ မရိုင်းစေရန်၊ စိတ်မန်မချ၊ မာနမပါ၊ တို့စွမ်းရာဖြင့်၊ တို့သာသနာ၊ တို့ပြည် ရွာကို၊ သာယာစေမှု၊ လုံ့လပြုအံ့.' ဟုကြွေးကြော်၍ နိုင်ငံနှင့်သာသနာ့အကျိုးပြု လုပ်ငန်းကြီးများကို ဇောက်ချ၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။

## သီတဂူဝိဟာရ (ပြည်တွင်း)

လမ်းညွှန်မရှိဘဲ ခရီးသွားလျှင် လမ်းမှားနိုင်သကဲ့သို့ ပရိယတ္တိစာပေ မတတ်ကျွမ်းဘဲ သာသနာပြုလျှင်လည်း ကမောက်ကမ ဖြစ်သွားနိုင်ပေသည်။ ထို့ကြောင့် သာသနာ့ ဝန်ထမ်းရှင်ရဟန်းတို့သည် 'ဆင်ကန်းတောတိုး' မဖြစ်ရလေအောင် ပရိယတ္တိစာပေ များကို တတ်မြောက်ရန် သင်ကြားပို့ချဖို့ အရေးကြီးလှ၏။ သို့ဖြစ်၍ သီတဂူဆရာ တော်သည် ပရိယတ္တိစာပေများကို သင်ကြားပို့ချနိုင်ရန်အတွက် စစ်ကိုင်းတောင်ရိုး၌ သီတဂူဝိဟာရ (သဒ္ဓမ္မသီတဂူချောင်)ကို ၁၃၃၈-ခုနှစ်၌ တည်ထောင်ခဲ့

ပါသည်။ ယင်းသီတဂူချောင်၌ ရဟန်း၊ သာမဏေပေါင်း (၄၀)ခန့်သည် ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ကြားပို့ချခြင်းဖြင့် သာသနာတော်ကြီးကို အားဖြည့်လျက်ရှိပေ သည်။

သဲကုန်းမြို့ သီတဂူဝိဟာရ (တပ်အလယ်ကျောင်း)၌လည်း စာပေအရည် အချင်းပြည့်ဝသော တပည့်တစ်ပါးကို ပို့လွှတ်၍ သာသနာ့အာဇာနည်လောင်းလျာများ ဖြစ်ကြသော ရှင်ငယ် ရဟန်းငယ်တို့၏ နှလုံးသား၌ ဓမ္မစေတီတည်ဖို့ လမ်းညွှန်ထား ပေသည်။ ရန်ကုန်မြို့တော်၌လည်း သီတဂူသားကောင်းအာဇာနည်များ ဓမ္မအောင်လံ တံခွန်လွှင့်ထူနိုင်ဖို့ သီတဂူဝိဟာရကျောင်းတိုက်ကို တည်ဆောက်လျှက် ရှိပေသည်။

## သီတဂူဝိဟာရ(ပြည်ပ)

သီတဂူဆရာတော် ဖွဲ့စည်းတည်ထောင်ထားသော 'ထေရဝါဒဓမ္မအသင်း' သည် ပြည်ပသာသနာပြုလုပ်ငန်းတစ်ရပ်အနေဖြင့် ခိုင်မြဲစွာအခြေစိုက်ဖို့အတွက် အမေရိကန် ပြည်ထောင်စု တက္ကဆက်ပြည်နယ်၊ အော်စတင်မြို့၌ သီတဂူဗုဒ္ဓဝိဟာရ ကျောင်းတိုက်ကို ၁၉၉၄-ခုနှစ်က တည်ဆောက်ခဲ့ပါသည်။ ဆရာတော်၏ တပည့်များသည် ယင်း ကျောင်း တိုက်၌ သီတင်းသုံးနေထိုင်၍ အချိန်ဇယားအတိုင်း တရားဟော တရားပြသင်တန်းများ ပို့ချ၍ သာသနာပြုလုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ထို့အပြင် (၂)လတစ်ကြိမ် အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် စာစောင်များ ထုတ်ဝေခြင်း၊ တနင်္ဂနွေနေ့တိုင်း ယောဂီများ စုပေါင်း၍ ကမ္မဋ္ဌာန်းတရားအားထုတ် ခြင်း၊ တရားဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အဘိဓမ္မာသင်တန်းကို အင်္ဂလိပ်လို ပို့ချခြင်း၊ ကလေးသူငယ်တို့အတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ပို့ချခြင်းစသည်ဖြင့် အမေရိကန်နိုင်ငံသူ, နိုင်ငံသားများအား ဓမ္မမျက်လုံးကို တပ်ဆင်ပေးလျက်ရှိပါသည်။ ဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌လည်း ထေရဝါဒ သာသနာ့အုတ်မြစ်ချ ရန်အတွက် သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်များ တည်ဆောက်ဖို့ စီမံလျက်ရှိပေသည်။

## သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

ယခုလက်ရှိ ရှင်ငယ်၊ ရဟန်းငယ်တို့မှာ နောင်တချိန်၌ နိုင်ငံနှင့်သာသနာ၏ တာဝန်များကို ထမ်းဆောင်ကြမည့် သူများဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံနှင့်သာသနာ

ကိုချစ်လျှင် မျိုးဆက်သစ်လူငယ်လေးများကို ချစ်ရမည်။ လူငယ်များကို ချစ်မှသာလျှင် နိုင်ငံနှင့်သာသနာကို ချစ်ရာရောက်ပေမည်။ ထိုသူတို့ကို ကိုယ်ကျင့်သိက္ခာနှင့် အတတ်ပညာအမျိုးမျိုးကျွမ်းကျင်တတ်မြောက်အောင် သင်ပေးရမည့်တာဝန်ကား သာသနာ့ထိပ်ခေါင်ဆရာတော်ကြီးတို့၏ တာဝန်ပင်ဖြစ်ပေသည်။

ထိုသို့သင်ပေးကြရာ၌လည်း မိရိုးဖလာ သင်ပြပေးခြင်းမျိုးဖြင့် တာဝန်ကျေသည်ဟု ပြောမရပေ။ အဘယ့်ကြောင့်နည်း။ မှန်တိုင်းထန်သော ပစ္စုပ္ပန်ကာလအတွက် လေငြိမ်သော အတိတ်ကာလ၏ သဘောတရားတို့သည် ပြည့်စုံလုံလောက်မှုမရှိသောကြောင့်တည်း။ ယခုခေတ်သည် သိဖွယ်, တတ်ဖွယ်, မှတ်ဖွယ်အတတ်ပညာများ အလွန်များပြားလှ၏။ သာသနာ့ဝန်ထမ်းတို့သည် ထိုအတတ်ပညာများကို တတ်မြောက်မှသာလျှင် ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ ကျင့်တတ်ပေမည်။

ထို့ကြောင့် သာသနာဝင်အရှင်များအား ပိဋကတ်စာပေနှင့်ဘာသန္တရစာပေများကို နည်းသစ်စနစ်သစ်တို့ဖြင့် ပို့ချပေးနိုင်သော 'ဗုဒ္ဓတက္ကသိုလ်ကြီး'များ သာသနာထွန်းကားသော ဤမြန်မာနိုင်ငံ၌ ရှိသင့်သည်မှာ ကြာလှပေပြီ။ ယင်းသို့လိုအပ်နေသော သာသနာ၏ ကွက်လပ်ကို ဖြည့်ဆည်းသည့်အနေအားဖြင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကို ၁၃၅၆–ခု ကဆုန်လပြည့် ဗုဒ္ဓနေ့၌ စတင်တည်ဆောက်ခဲ့ပါသည်။ ၎င်းတက္ကသိုလ်ကြီးသည် ပုညရှင်စေတီသို့ သွားရာလမ်းမကြီး၏ အနောက်ဘက်မှာတည်ရှိပြီး အလျားပေ (၁၀၀၀) အနံပေ (၉၀၀)ရှိပါသည်။

ဤတက္ကသိုလ်ကြီးက ပေးအပ်မည့်ဘွဲ့များမှာ ဝိဇ္ဇာဘွဲ့ (B.A)၊ မဟာဝိဇ္ဇာဘွဲ့(M.A)၊ ပါရဂူဘွဲ့ (Ph.D)တို့ဖြစ်ပါသည်။ ယခုအခါ သင်တန်းများ စတင်ပို့ချနေပြီဖြစ်ရာ သင်တန်းသား, သင်တန်းသူပေါင်း (၃၀၀) ခန့် တက်ရောက်နေကြပြီဖြစ်ပါသည်။ ထိုသင်တန်းသား သင်တန်းသူတို့တွင် လာအို, ယိုးဒယား, ဗီယက်နမ်, ကမ္ဘောဒီယား, ဂျပန်, သီရိလင်္ကာ, အိန္ဒိယ, ကိုးရီးယား, နီပေါစသော အာရှ နိုင်ငံ၊ အင်္ဂလန်, ဂျာမနီ, ချက်, အမေရိကန်စသော အနောက်နိုင်ငံတို့မှ သင်တန်းသား သင်တန်းသူတို့လည်း ပါဝင်ကြပါသည်။

## သီတဂူရေအလှူတော်

ရေးအခါက တောင်ရိုးပျော်သူတော်စင်တို့သည် ဧရာဝတီမြစ်ကမ်းပါး၌ နေထိုင်ကြပါလျက် 'ဖေါင်စီးရင်း ရေငတ်' ဆိုသကဲ့သို့ ရေရှားပါးမှုဒဏ်ဖြင့် ဒုက္ခဖြစ်နေကြရာ ယနေ့အချိန်၌ သီတဂူရေအလှူတော်ကြောင့် ရေရှားပါးမှုဒုက္ခမှ လွတ်မြောက်ပြီး နလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိကြပါသည်။

ထိုသီတဂူရေအလှူတော်စီမံကိန်းကို ၁၃၄၂-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ စတင်ဆောင်ရွက်၍ ၁၃၄၇-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ အောင်မြင်ပြီးဆုံးခဲ့ပါသည်။

ချောင် (၉)ချောင်ဖြင့်စတင်ခဲ့သော စစ်ကိုင်းတောင်သည် ယနေ့အချိန်၌ ချောင်ပေါင်း (၉၀၀)ကျော်တို့ဖြင့် စည်ကားလျက်ရှိနေပါသည်။ ထိုချောင်တို့၌ သီတင်းသုံးနေထိုင်ကြသော ရဟန်း သာမဏေ သူတော် သီလရှင် ယောဂီအစရှိသော သူတော်စင်ပေါင်း (၉၇၀၀)ကျော်တို့အား သီတဂူရေအလှူတော်သည် တစ်နေ့လျှင် ရေဂါလံ (၅၀၀၀၀၀) ငါးသိန်းကျော် လှူဒါန်းလျက်ရှိပါသည်။

## သီတဂူအာယုဒါနဆေးရုံတော်

အနာရောဂါ ဖိစီးနှိပ်စက်ခံနေရသူသည် သာသနာတော်ကို မမြှင့်တင်နိုင်သကဲ့သို့ နိုင်ငံတော်ကိုလည်း မတည်ဆောက်နိုင်ပေ။ ထို့ကြောင့် လူသားတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် မရှိမဖြစ်လုပ်ငန်းဖြစ်၏။ ထိုမျှလောက်အရေးပါသည့်အတွက် ဗုဒ္ဓက 'ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ= ငါဘုရားကို ပြုစုလုပ်ကျွေးလိုက သူအိုသူနာတို့ကို ပြုစုလုပ်ကျွေးရာ၏'ဟု မိန့်တော်မူခဲ့ပေသည်။

ဗုဒ္ဓ၏မိန့်မှာချက်ကို လေးလေးနက်နက် ခံယူလျက် သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့သည် သီတဂူအာယုဒါနဆေးရုံတော်ကို (၁၃၄၇)ခုနှစ် ဝါခေါင်လပြည့်နေ့၌ ပန္နက်ချခဲ့ပြီး (၁၃၅၁) ခုနှစ် တပေါင်းလပြည့်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အာယုဒါနဆေးရုံတော်သို့ လူနာများလာရောက်၍ ဆေးဝါးကုသခံယူကြသည်မှာ လစဉ် ပျမ်းမျှအားဖြင့် အတွင်းလူနာ (၅၀)ခန့် အပြင်လူနာ (၂၀၀)ခန့်ရှိပါသည်။ ထိုအတွင်းအပြင်လူနာတို့အတွက် တစ်လတာကုန်ကျစရိတ်သည် ပျမ်းမျှအားဖြင့်

ကျပ်သိန်း (၂၀) ကျော်ခန့်ရှိပါသည်။ ထိုအာယုဒါနဆေးရုံတော်သည် ယနေ့အချိန်၌ လူနာ ပေါင်း သုံးသိန်းကျော်ကို ပြုစုစောင့်ရှောက်ပြီးဖြစ်ပါသည်။

၁၉၉၃–ခုနှစ်တွင် မျက်စိအထူးကုစီမံကိန်းကို ခေတ်မီစက်ကိရိယာများဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ ထိုမျက်စိအထူးကု အစီအစဉ်၌ ပြည်ပမှ မျက်စိအထူးကု ဆရာဝန်ကြီးများသည် မျက်စိအတွင်းတိမ်ရောဂါကို မျက်တွင်းမှန် (I.O.L)ထည့်၍ ခွဲစိတ်ကုသခြင်း၊ ရေတိမ်တားခြင်း၊ မျက်ကြည်လွှာအစားထိုးကုသခြင်း၊ မျက်စိနောက် ခံလွှာ ခွဲစိတ်ကုသခြင်း၊ လေဆာရောင်ခြည်တို့ဖြင့်ကုသခြင်းတို့ကို၊ အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် အာယုဒါနဆေးရုံကိုအမှီပြု၍ မျက်စိအလင်းရသောပုဂ္ဂိုလ် ပေါင်း (၃၀၀၀) ကျော်ရှိခဲ့ပါသည်။

## ဂုဏဂီတိကာ

ပဋ္ဌသိခနတ်သားသည် ဘုရားရှင်ကိုယ်တော်မြတ်ကို ဘုရားရှင်၏ဂုဏ်တော် တို့နှင့်စပ်သော သီချင်း၊ ဂါထာတို့ဖြင့်ပူဇော်သကဲ့သို့ စာရေးဆရာပေါင်းများစွာတို့က လည်း သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့ကို သီတဂူရေအလှူ၊ သီတဂူ အာယုဒါနဆေးရုံ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူဝိဟာရတို့နှင့်စပ်သော ဂါထာ၊ ကဗျာ၊ လင်္ကာ၊ ရတုစသည်တို့ဖြင့် ပူဇော်ခဲ့ကြပါသည်။

ဤ 'သီတဂူ ဂုဏဂီတိကာ' စာအုပ်သည် စာရေးဆရာပေါင်းများစွာတို့က သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့၏ လုပ်ငန်းစဉ်ကြီးလေးရပ်နှင့်ပတ်သက် ၍ ဂုဏ်ပြုထားသော ဂါထာ၊ ကဗျာများမှ သင့်ရာတို့ကို စုပေါင်းပြီး မှတ်တမ်းတင်ထား သော စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်ထဲ၌ တေးထပ်၊ ရတုပိုဒ်စုံ၊ ဒွေးချိုး၊ လေးချိုး၊ ကဗျာလင်္ကာအစုံပါဝင်၏။ ထို့ကြောင့် သာသနာပြုလိုသူတို့အတွက် အတုယူဖွယ် ဖြစ်သကဲ့သို့ ဂါထာ ကဗျာ ဝါသနာရှင်တို့အတွက်လည်း နည်းပေးလမ်းပြဖြစ်ပေသည်။

ဤစာအုပ်ရှိ ဂါထာ, ကဗျာများသည် သီတဂူမော်ကွန်းတင် ငါးနှစ်ခရီး, ဓမ္မအသံ မင်္ဂဇင်း, သီတဂူဂုဏ်ပြုလွှာစသော စာစောင်အသီးသီးတို့၌ ပါရှိသော ဂါထာ ကဗျာ ပေါင်းစုံကို စုစည်း၍ တင်ပြထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့၏ လုပ်ဆောင်ချက်များကို သိရှိရခြင်း၊ ထိုသို့သိရှိရသဖြင့် သီတဂူဆရာတော်နှင့် သီတဂူ

သာသနာပြုအဖွဲ့ကို ကြည်ညိုရခြင်း၊ ထိုသို့ ကြည်ညိုရသဖြင့် သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့ကဲ့သို့ ပရဟိတလုပ်ငန်းများကို လုပ်ချင်သည့် ဆန္ဒဖြစ်ပေါ်လာနိုင်ခြင်း၊ ထိုသို့သော သမ္မာဆန္ဒများ ဖြစ်ပေါ်လာသဖြင့် အမျိုးဘာသာ သာသနာ၏ အကျိုးစီပွားများကို တတ်စွမ်းသမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းစသော အကျိုးကျေးဇူးများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဤ'သီတဂူ ဂုဏဂီတိကာ'စာအုပ်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာနက ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်ပါသည်။

ကဗျာများကို ရွေးချယ်စုဆောင်းခြင်း၊ ကွန်ပျူတာစာစီခြင်း၊ သတ်ပုံသတ်ညွှန်း စီစစ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းစသော သက်ဆိုင်ရာလုပ်ငန်းများကို စိတ်အားထက်သန်စွာလုပ်ကိုင်ဆောင်ရွက်ကြသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့်ကျမ်းပြုဌာနမှ –

၁။ အရှင်စန္ဒာသိရိ

၂။ အရှင်အဂ္ဂဝရ

၃။ အရှင်ဒေဝိန္ဒာဘိဝံသ

၄။ မောင်မျိုးလွင်ဦးတို့အားလည်းကောင်း၊ ဤစာအုပ်ကို တည်းဖြတ်သုတ်သင်ပေးသော အရှင်မဟောသဓပဏ္ဍိတ (ဝေဇယန္တာ)အားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် စက်တင်ရိုက်နှိပ်ပေးသော မရဲ (နေပြည်တော်ပုံနှိပ်တိုက်) အားလည်းကောင်း၊ ဤစာအုပ်အတွက် ကုန်ကျစရိတ်ကို လှူဒါန်းကြသော ဦးသန်းလွင် ဒေါ်ခင်ခင်သိန်း၊ သား– မောင်လွင်မင်းသိန်း၊ သမီး – မသူသူအောင်၊ အမှတ် (၆၅) ရွှေလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့အားလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

သုတေသနနှင့်ကျမ်းပြုဌာန<br>
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်<br>
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း<br>
၁၃၆၄–ခုနှစ် တပေါင်းလပြည့် (၁၇–၃–၂၀၀၃)

# ပြည်တော်ချစ် သီတဂူ

* ပြည်မြန်မာ တောင်စစ်ကိုင်းမှာလ၊
ချောင်တိုင်းက ကြည်ဖြူ။
ဆောင်နှိုင်းမရ ဂုဏ်ရည်တူ၊
သီတဂူ လမင်း။

* ဆန်းကတည်းက လင်းလက်ရောင်၊
ညဉ့်နက်မှောင် ဖျောက်ဖျက်ဖြိုခွင်း။
တရားဓမ္မ နှုတ်မြွက်ချွေသည်၊
အဟုတ်ကျက်သရေ ရှိတဲ့လမင်း။

* မြစ်ဧရာ နဒီတွင်းက၊
စီရရီဆင်း ဒီရေ။
တောင်ထိပ်နေ ဘုံတိုင်းအရောက်၊
ကဆုန်စိုင်းပေါက် ပြေးခုန်တက်စေ။

* ဆေးများနဲ့ အလင်းဝေသည်၊
ခပင်းမွေ နေတန္ထုန်းသို့၊
တပြည်လုံး ကြွင်နာဖေးကူ၊
ပညာပေးလှူ။

* ဒီလစ်ဘွဲ့ ( D.Litt ) ပန်ဆင်ယူသည်
မြန်ပြည်သူ ဦးခိုက်လို့လေး။

* ပြည်ချစ်တဲ့ မြတ်ဘုန်းလူကို
ကပ်ဆုံးကြည်ဖြူ မော်ကွန်းတင်စို့လေး။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တပည့်များ

သီတဂူ ဒါယကာ ဒါယိကာမများ၊ သီတဂူ သာသနာပြုအဖွဲ့ဝင်များ

# ယောက်ျားတို့ဇာနည်

* ပြောင် မာတင် မုံသောက်သို့၊
တဂုဏ်မြောက် ထွန်းပေါ်၊
ကုန်မထောက် ညွန်းဖော်လျှင်၊
လွန်လွန်းသနော် ဆိုကြလိမ့်လား။
ပိဋကတ် ကျမ်းပင်လယ်၊
ဆန်းမြင်ကျယ် စူးရှညာဏ်သွား။

* ဝဇီရ စိန်ပမာလို၊
ရှိန်အဝါ တောက်ကြွား။
သိရ်, သမ္ဘာ မောက်မားလို့၊
ယောက်ျားတို့ဇာနည်။
ဟောပြောရာ ဒေသနာပြမ်းမှာတော့၊
ဖွေရှာစမ်း စွမ်းပထမ ဂုဏ်ရည်။

* လောကဓာတ် မြေလွှာမပဟီမှာ၊
ဆွေသာကီ ပြိုင်စံရှားပါရဲ့၊
နိုင်ငံတလျှား မှန်းဆ ရှည်မြင်၊
လမ်းပြ တီထွင်။
ဂုဏ်ရန့် ထုံပျံ့လွင်သည်၊
ဘုံအနှံ့ပင် ကြိုင်သင်းကျူလို့လေး။
'ဒီလစ်ဘွဲ့' ဆုပန်ဆင်သည်၊
ဂုဏဝန် ရှင်ဘုန်းမို့လေး။ ။

စစ်ကိုင်း မင်းရှိန်

# သီတဂူမော်ကွန်းသစ်

ဘိသိက်တော်ဖျန်းခလေ့
နန်းရဝေ့တန်ဆာ
စန်းအငွေ့လျှံအဝါငယ်
စံပမာဆိုစို့
အေးရောင်ခြာတ်အရည်တူတယ်
သီတဂူကိန်းဆိုက်ချိန်မို့
အမတဘိသေကာ
ဝိဇ္ဇေယျာအောင်မြို့
ကိလေသာမလောင်ဘို့ရယ်နဲ့
နှောင်မချို့အေးစေ
စေတနာဖြူပါလှ
လှူဒါနနော်တတ်အိုင်ရေ
တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်
ဖောင်နှိုင်းလေ မဂ္ဂင်ရှစ်ကယ်နဲ့
တက်ပြင်အသင့် ကူးကြည်ိတူ
ထူးလှသီတဂူ
မော်ကွန်းသစ် တကြိမ်ထူမယ်
စိန်ဆုဆုရတုသို့လေး။

ဆန်းထွန်း (မန်းတက္ကသိုလ်)

# မိုးပျံ ရောဝတီ

တောင်ပေါ်မှာ ရေစီးလို့၊
မြစ်ကြီး ရောဝတီ၊
မိုးပျံခဲ့ပြီ၊
အာဇာနည် စာဂီနှင့်အစွမ်း။

သဲကုန်းဆရာတော်က၊
ဇွဲနှုန်းကမ္ဘာကျော်ပါ့၊
သဒ္ဒါပေါ်အောင်
ပြည်သူနှင့်ဝိုင်းကြတယ်၊
တိုင်းခြိမ့်ခြိမ့်မွှမ်း။

သုခ
သုခိ အတ္တာနံ ပရိဟရန္တု၊

# ချောင်တိုင်းရေလှူဖို့

ဖွဲ့မနှုန်းသာဘူး
သဲကုန်းရယ်တဲ့ ဆရာတော်။

တောင်စစ်ကိုင်း
ချောင်တိုင်း ရေလှူဖို့
နေပူ လေပူကြမ်းငဲ့ပြင်
ဆောင်းချမ်းဖုန်ဒဏ်နဲ့
စုန်အဆန် သာသနာပြုတယ်
မောနိုင်ဘူ့နှော်။

နှောတတ်မှာ မာန်ကြွတဲ့
ပန္နဂ အသာချွေသည်
သာမဏေ ရေယူသို့
ဧယျပူ သာတံတိုင်း
စစ်ကိုင်းရယ်တဲ့တောင်ပေါ်
ချောင်တော်အနံ့ ရေချမ်း။

သီတဂူ
ထေရ်တဆူ ပဓာနရယ်နဲ့
သာဝက သာဝိကာတို့
သဒ္ဓါရှိစွာပါဝင်လို့ ပေါင်းကြတယ်
သောင်းသိမ့်သိမ့်လွှမ်း။ ။

ဆန်းထွန်း

# အလှစေတနာ

စစ်ကိုင်းဆို တောင်တော်ဦးမှာလ၊
ဖူးမြော်ရ စေတီသာ၊
ထူးတင့်ရောင်ဝါ။
အံ့စရာ သည်တောင်မှ သည်အလှ။
ကောင်းမှုရှင် တည်ထားပြုတယ်၊
သာဓုခေါ်ရ။

စစ်ကိုင်းတောင် ချောင်လျှိုကြားမှာလ၊
များပါပေ့ သူတော်စင်၊
ကိန်းအောင်းအစဉ်။
ကျောင်းဇရပ်လျှင် တွေ့မြင်သူချီးပ။
ကုသိုလ်ရှင် တည်ထားပြုတယ်၊
သာဓုခေါ်ရ။

စစ်ကိုင်းချောင် သူတော်စင်များ၊
တရားမွေ့ တရားဝင်၊
ချမ်းမြေ့စေချင်။
မြတ်ရေစင် စီစဉ်လို့ဆက်သ။
အလှူရှင် ဒါနမှုကို၊
သာဓုခေါ်ရ။

စစ်ကိုင်းသို့ရောက်တဲ့ခါ၊
စာဆိုမှာ ရသာထူး၊
ကြည်နူးမိပါ။
သည်ပြည်မှာ သည်စေတနာအလှ။
ဘယ်ပြည်ထောင် ဘယ်တိုင်းမှ၊
တုနှိုင်းမရ။ ။

မင်းယုဝေ

# သီတဂူ ရေအလှူတော်ဘွဲ့ တေးထပ်

သီတဂူ တောင်ပလ္လင့်မှာလ၊
မြောင်အဆင့်ခွေကာ၊
ချောင်အဝင့် တနေရာ၊
မြစ်ရော အနီး။
တောင်ထိပ်ရောက် ရေစုပ်တင်၊
လေမှုတ်နှင် မောင်းတဲ့စက်ကြီး။

သဲကုန်းဟု ပြည်လုံးကျော်သည်၊
ထေရ်ဘုန်းမော် ဖန်တီး။
ရေလှောင်ရန် ရေကန်ကြီးတွေက၊
မြစ်ကြီးရဲ့သဖွယ်။
စစ်ကိုင်းတောင် ရိုးတွေရှေ့၊
တိုးရေရှေ့ မျှောပါလောက်တယ်။

နိုင်ငံလုံး ကုသိုလ်ကြွယ်သည်၊
ဆုကိုရွယ် ဆိုမတို့ပေမဲ့၊
အလိုလို့ ရကြံစီရို၊
မျှတညီညီ။

ရေလှူကျိုး လှစ်ခြယ်စီလျှင်၊
တစ်ဆယ်လီ ဂဏန်းနှင့်လေး။ ။

ဒဂုန်ဦးစန်းငွေ

# ကြည်နူးရိုသေ လှူမိစေ



တောင်ဖျားသစ်ပင်   ကောင်းကင်ရေရှား၊
နေမိဩးလည်း   မရှားလွယ်ကာ၊
ပူဆာအိုက်ခြင်း   ကင်းသည်အနှာ၊
ကိလေသာကြေး   ကင်းဝေးစင်ကြယ်၊
စိတ်ဝယ်သန့်ရှင်း   ညစ်ကြေးကင်း၍၊
အဆင်းတင့်ကယ်   ရွှေသဖွယ်သို့၊
ကိုယ်ဝယ်ကောင်းစွာ   နံ့သာအလား၊
မိုးကားတောင့်တ   ရွာရစင်စစ်၊
ခုနစ်ကျေးမှူး   ခံရဘူးသည်၊
ကြည်နူးရိုသေ   လှူမိစေ။

သုံးပုံတံချူကျမ်း

စ
သာ
ေဒါ
ဗ
ဖ

ဆောင်းပျောက်စ နွေမှုန်ရီ။
စစ်ကိုင်းတောင် ချောင်စခန်းဆီ၌
လျှောက်လှမ်းကာ လာလေသည့်ခိုက်
သံစည်စည် ဓမ္မတေးတွေက
ရင်အေးဖွယ် သာသာညံ့လို့
စေတီယံ ရင်ပြင်ဦးဆီက
ဆယ်လက်စုံ ဆင်ရှက်ပူးကာပ
ဖူးဆင်မိသည်။

သည်တေးသံသာ သာလှတဲ့ပြင်
မြင်ရသည် သူတော်စင်တို့
သွင်အပြင် ကြည်စင်ချမ်းပါဘိ
စိတ်ဝမ်းတွေ ပူလောင်ဆာတဲ့
တို့သူငါ မရှင်လန်းသူရဲ့
ပင်ပန်းမှု ပြေစေရည်၊
ရေကြည်မြ တစ်ပေါက်ဆမ်း။

သည်အတွေးတွေနှင့်
စိုက်ငေးကာ ကြည်ရွှင်လန်းမိရဲ့
သောတာပန် ဆိပ်စခန်းဆီက
ချက်မှန်းမျှော် အခါခါပေါ့
ပဗ္ဗတာ နေရာမြတ်မှာဖြင့်
ချဉ်းကပ်လာ မခွာလိုဘူး
စိတ်မငြိုု ရိပ်ခိုမိုးချင်ရဲ့
ကြီးဆန္ဒမှန်း။ ။

နုယဉ်

# ရေစဉ်တပေါက် သောကပျောက်

ဝက်ဘာတွင်
ခြေရာထပ်မျှ၊ လိုက်ရှာရလည်း၊
ချစ်လှ ကဏှာ၊ သားကြီးဇာကို၊
ဘယ်မှာမတွေ့၊ ပူရှိန်ငွေ့ဖြင့်၊
မင်းရှေ့ခြေရင်း၊ မြေတလင်း၌၊
သိကင်းမေ့မျော၊ ရွှေငှက်ပျောသို့၊
မယ်စော မဒ္ဒီ လဲသတည်း။

ထိုအခါတွင်၊
မဟာမင်းမြတ်၊ ဗောဓိသတ်သည်၊
မယ်မဒ္ဒီတွက်၊ သောကဖက်၍၊
လက်တွင်ကိုင်ထား၊ ရေကရားဖြင့်၊
မယ်ဖွားမျက်နှာ၊ သွန်းဖျန်းပါသော်၊
မြန်စွာလျင်ဆော၊ ဖြစ်မိန်းမောမှ၊
မယ်စော မဒ္ဒီ နိုးသတည်း၊

ယခုအခါတွင်၊
ရောရစ်ဝိုင်း၊ တောင်စစ်ကိုင်း၌၊
ချောင်တိုင်းစေ့မျှ၊ ရေကြည်ရ၍၊
ချမ်းမြပျော်ရွှင်၊ သူတော်စင်တို့၊
ပူပင်မှုနော၊ မိန်းမမောသည်၊
မယ်စော မဒ္ဒီ ပမာတည်း။

မင်းသုဝဏ်

# တောင်ဇေယျာ ရောလှမ်းပြီမို့

❀ ကမ္ဘာ့တန်ဆာ
ရတနာခေါ် မြတ်ဘုရား
စံစားကာ ရောင်ဖွင့်
တောင်တော်မြင့်ဇေယျာ။
အများသူတော်စင်တို့
ဂူတော်ဝင် တရားမွေ့
ချမ်းမြေ့ပျော်ရာ။
နွေမပေါက်ခင် ရေခြောက်တဲ့
ကန်ရေသောက် ဤနေရာ၊
ကြည်ရေမှာ ရှားပါး။
သီတဂူ
ပြည်သူအားရယ်နဲ့
ကြည်ဖြူစွာရေလှူဒါန်းတော့
'စမ်း'တွေ့အများ။ ။

❀ သီတဂူ ကြည်ဖြူတဲ့
ပြည်သူတို့ ဖိတ်ခေါ်ချင်။
စစ်ကိုင်းမြေ စမ်းရေပေါက်
ဝမ်းမြောက်ဖို့ပင်။
ဤတောင်ခြောက် စိမ်းလန်းရှင်၊
ငြိမ်းချမ်းရှင် ပျော်လို့။
ကြည်လျှမ်းဖြာ
ဤစမ်းမှာ ချိုးသောက်သုံး၊
ပြုံးစို့ ပျော်စို့။ ။

ဒီရေချိုး ဒီရေသောက်
ဝမ်းမြောက်စွာ တောင်တော်မြင့်
ခြေစုန်ဖွင့် တက်ရန်။
မြတ်ဘုရား
သူတော်များ စံရာချောင်တို့
နံ့စပ်အောင် ရေ့ဆောင်ပြ
သွားကြတန်တန်။
လသာနှင့် ပန်းဘဲကန်၊
အမြဲအမှန် လျှံရဲ့။
ဝေနေယျသုခါ
ရေချမ်းစင် ပြွန်မဟာက
ရေဇလာ သွန်းကာလောင်းတော့
'တောင်ကျချောင်း' တဲ့။ ။

စစ်ကိုင်းတောင် ဝေဆာတင့်
သေလာမြင့် ရပ်တည်။
တောင်မျက်နှာ မျှော်ခေါ်ရှု
မယ်နုကျောင်းဆီ။
ဟိုတဆင့် မျှော်ပြန်ပြီ၊
မြင်စိုင်းပြည် ပင်းယ။
မင်းနှင့်ဆရာ
သာသနာ နှစ်ဖြာပင့်တော့
တင့်ခဲ့ အင်းဝ။ ။

ထိုမှပြန် သေနဘက်
ရွှေကြက်ယက်နှစ်ဖေါ်။
သမိုင်းဝင် စံတင်ရ
အမရတဲ့ ပြည်ကျော်။
မြတ်မုနိ ရုပ်ရှင်တော်၊
ကိန်းပျော်သည့် ရွှေမန်း။
မြို့ရိုး နီတျာနှင့်
တောင်သေလာ 'ဝါ'ရှိန်မိုး
ထိုးခဲ့ မော်ကွန်း။ ။

မင်းကွန်းဆို မြောက်ဒေသ
မှိုင်းပျပျမှုန်ရီ။
ဘိုးတော်ဘုရား
တည်ထားစေ သုံးထွေကြီးကိုလ
ချီးပအံ့ပြီ။
အနောက်ခွင် မျက်မြင်ရှု
ကောင်းမှုတဲ့ကြီးစေတီ၊
နာမည်က စူဠာမဏိ။
လေးဘက်ဝန်းကျင်
သမိုင်းဝင်စေတီထူး
မြော်ဖူးစေဓါ်။ ။

တောင်မြင့်မှ တောင်ခြေ
ဆင်းစေခဲ့အများ။
တွေ့ရာဝင် ချောင်စဉ်တိုင်းမှာပဲ
မဆိုင်းပေါင်ဖွားဆရာတွေက
ဟယ်ဒ့် သီတဂူရဲ့ ပြည်သူတွေက
လာပါလေ ရေကြည်သောက်ပါဦး
ချိုးဦးမလား ခဏနေနားစေ
ဖွားတို့လေ ရေတွေပေါ်နေသကွဲ့
မင်းတို့ရဲ့ ကုသိုလ် ခုဆိုမပူရ
လှူဒါနသည်ရေ ကြီးပလေဟု
အသိတွေ ကိုယ်စီဝင်၍
ဒါနရှင် ပျော်မဆုံးတယ်
ပြုံးပီတိပွား။ ။

ခင်မျိုးချစ်



# မေတ္တာရေစင်

၁။ ရန်သူမျိုးပြား ငါးပါးတို့တွင်
ရေနှင့်မီးကား နှစ်ပါးပါဝင်
မရှိမကောင်း ရှိကောင်းသည်ပင်
ရန်သူအား ကိုယ်အားမင်တော့အင်။

၂။ ရန်ကိုရန်ခြင်း တုန့်လှူဉ်းပါလျှင်
မီးကိုရေက နိုင်ရအစဉ်
အပူငြိမ်းဘို့ ငြိမ်းကြောင်းရေပင်
အပူမြိုက် တိုက်ဖို့ရေကိုင်င်။

၃။ လောဘ ဒေါသ မာနအပူ
အပူပူချင်း ရိုင်းပင်းထောက်ကူ
ဒေါသကိုမြှင့် မာနနှင့်တူ
လောဘထင်း ရန်းရင်းဗလောင်ဆူ။

၄။ မေတ္တာသည်ကား အခြားရေစင်
မုဒိတာပွား သနားချစ်ကြင်
ရေကို ရေထိုး ရေတိုးသည်ပင်
ရေသာတိုး ရေများရေနိုင်အင်။

၅။ ရေအကျိုးကား ဆယ်ပါးဂုဏ်အင်
ရေကိုလှူက ရေရအစဉ်
ရေနှင့်ပျိုးသည့် မျိုးမေတ္တာပင်
ရေစာတ်လွှမ်း ငြိမ်းချမ်းကမ္ဘာတွင်။

မောင်စွမ်းရည်

# လဝန်းရည်တူ သီတဂူ

ရှစ်ဆိုင်ရှက်ကြာ ဖြန့်မိုးကာသား
ဇေယျာရွှေပြည် စစ်ကိုင်းဆီမှ
အမည်လွှမ်းရှိန် တာဝတိံနှင့်
နှိုင်းချိန်ပြိုင်ဆွယ် ကမ္ဘာ့လယ်တွင်
တင့်တယ်ထင်ရှား မြတ်ဘုရားသားတော်
'သပိတ်အိုင်'ဆရာတော်ဟု
ဘုန်းမော်သနင်း မွေး၍ပြင်းသား
တတ်ခြင်းနားဝင် လူမှုကျင်သည်
'အရှင်ဉာဏိဿရ' ဘုန်းဘုရား၏
သဒ္ဓမ္မသီတဂူ ရေအလှူမှ
ကြည်ဖြူဆပ္ပား မေတ္တာထားသည်
အများသံဃာ လူဒကာတို့
ကြည်သာရွှင်ပြ လွန်အားရ၍
များလှသောင်းသောင်း အပေါင်းစကြဝဠာ
ထက်အာကာတွင် ဖြာဖြာရွှန်းလက်
နေဝန်းတက်သို့ မွေးခက်မဥ္ဇူ
ဖြန့်ရိပ်ဖြူနှင့် ဇမ္ဗူဝန်းကျင်
မျက်ရှင်စီဝန်း ကြည့်တိုင်းရွှန်းသည်

မြဝန်းရစ်သီ ပွင့်ပြိုင်ညီလျက်
ရွှေရည်မနှိုင်း မြမြဆိုင်းသည်
စစ်ကိုင်းဇေယျာ တောင်သေလာမှာ
ခွေကာပတ်လည် ထောင်ရောင်ခြည်ဖြင့်
သမ်းနည်းမှောင်လွှင့် နေဝန်းတင့်သို့
ဘုန်းမြင့်လျှံဖိတ် သုံးကျိပ်နှစ်ပါး
သိကြားဒေဝါ နတ်နှင့်သာလျှင်
ပမာတူလှိုင်း တုရနှိုင်းအံ့၊
ပြိုင်ခိုင်းမဲ့ကြူး ပုံမထူးသည်
လူ့ပြည်နတ်ရွာ ဗြဟ္မာထက်သူ
မြတ်သောဟူသည် သဲဖြူသောင်ထွန်း
ရေပေါ်ကျွန်းမှ ပေါ်ထွန်းရတနာ
'ရစာဂီရိ' မဏိရောင်ထွန်း
ဘုန်းဝှမ်းသေလာ သဲကုန်းဆရာတော်သည်
ရာမြတ်သက်တော် ရှည်မြင့်ကျော်၍
မိုးပေါ်သီတဂူ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ လှိုင်စေသော်။
မိုးပေါ်သီတဂူ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ ကြိုင်စေသော်။
မိုးပေါ်သီတဂူ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ မြိုင်စေသော်။

မြေလတ် သဖင်မြိုင်

# တောင် နှင့် ဒီ ရေ

* လစန်းသီတဂူ တည့်တည့်မှန်း၍
စည့်စည့်ရှန်းရှန်း ကြည်လျှက်ထိန်၊
ပြည့်ပြည့်ဝန်းဝန်း ဤရက်ကြိမ်လျှင်
‘ဒီ’တက်အချိန် မှန်မပြက်။
သီတဂူဝန်း ကြည်လျှံဖြာသော်
ဤအဏ္ဏဝါ ရေဓာတ်လျှံ၍တက်။

* ဆွဲငင်ဓာတ်ရှိ သီတဂူပမာလို
ဤဇမ္ဗူမှာ ကြုံလာချက်။
အမည်တူစွာ ပုံပမာဆက်က
ပုဏ္ဏမာရက် စန်းအသွင်။
‘သဒ္ဓမ္မသီတဂူ’ တိုင်းဘောင်တစ်ဝိုက်
စစ်ကိုင်းတောင်၌ ပြည့်ဝန်းခိုက်ခါတွင်။

* မြန်မာပြည်မက ကမ္ဘာတစ်ခွင်မှာ
ဓမ္မသဘင် ခြိမ့်ခြိမ့်ဆွဲတော့
သိမ့်သိမ့်သဲသဲ တောင်ရိုးဤဒေသာ၊
ဆောင်တိုး ‘ဒီ’ရေပမာ။

* စစ်ကိုင်းတောင်လုံး ရေပန်းဖြာပြီ
ရွှေပန်းမာလာ ပွင့်ဆဲချိန်မို့လေး။

* လန်းရွှင်ဆန်းတင့် ပန်းပွင့်ရည်တူသည်
စန်းမင့်သီတဂူ တင့်ကဲထိန်လို့လေး။

* ပြည့်ဝန်းပုဏ္ဏမီ ရည်တူအသွင်လို
သီတဂူရှင် ကြည်ရွှန်းသာ၍လေး။

* ရေစက်တော်ကြီး နှစ်ကုဋေကုဋာငယ်
မြစ်ရေပမာ တည်ထွန်းပါစေလေး။ ။

ရဝေထွန်း

# မြသပိတ်အိုင်

မြနှင့်ငွေ နှစ်ရည်စု အကြည်နုလက်ဖြာ
သီတဂူ. စက်ရတနာငယ်
ထွက်အလာ ခါသင့်၊
စန်းရောင်ငွေ. အေးအေးယှု
ဖွေးဖွေးဖြူ ကုမုဒ်ကြာပွင့်။
ကျောက်တစ်မျိုး မြစန္ဒရကန်ငယ်
လသဏ္ဍာန် ယှူသင့်၊
ဘဝတစ်ဖန် အတူကျင့်သည်သို.
တစ်မူဖွင့် ရေသွန်။
သမုဒ်ရေ လွှမ်းကာကြွတယ်လို.
ကျမ်းစာပြ ထုံးရှိထက်လွန်။
ကျောက်အရိုး ဇေယျာစွန်ကို
ရေဇလာပြွန် တပ်ပြန်ချပါလို.
သဒ္ဓမ္မသီတဂူ ဘုန်းလရိပ်တူ။
အိုင်နော်တတ် အမွန်မူသည်
ခုနစ်ဆူ အိုင်ကြီးသို့လေး။ ။

* ရေအတိတ် လနိမိတ်ယူသည်
မြသပိတ်အတူ အိုင်ကြီးတဲ့လေး။ ။

* သဲကုန်းက ရေပန်းဖြာသည်
ပြည် (ပြေ) ချမ်းသာ ဆိုက်ကိန်းပလေး။ ။

ဆန်းထွန်း (မန်းတက္ကသိုလ်)

# ဇေယျာမြေ

* စေတီမျိုးမျိုး ပုထိုးသွယ်သွယ်
ဂူဝယ်စားစား များလျားချောင်ကျောင်း
လျှိုမြောင်အောင်းသည့် အပေါင်းထေရ်မွန်
သီလဝန်သံဃာ သူတော်စွာတို့
သိက္ခာကျင့်ဆောင် လှိုင်ကျောင်းချောင်နှင့်
တန်ဆောင်ဘုံနန်း ဤသခ်မ်းဝယ်
တောင်တန်းစိမ်းမြ တောလည်းလှသည်
သာစွမြိုင်ခြေ ဇေယျာမြေ။

* တောလမ်းစုံတွေ တောင်ရစ်ခွေ၍
အေးရေအလျှံ သီတဂူနှင့်
ကြည်ဖြူသည့်တောင် တရားချောင်က
လျှိုမြောင်မြိုင်နန်း ရှုမခန်းသည်
သာဆန်းဘုံဗွေ ဇေယျာမြေ။

* ကျောက်သားထပ်ထပ် ပန်းကလပ်သို့
ထွတ်မြတ်သေလာ အောင်မြေချာဝယ်
ရောက်လာအများ ခရီးသွာ တို့
အင်အားနွမ်းလျ မရွှင်ပျလဲ
ချိုမြကြည်ရေ သောက်မိလေလျှင်
ညှိုးခွေနွမ်းနောက် တွေဝေပျောက်သည်
ထွန်းတောက်ဖြူရွှေ ဇေယျာမြေ။

၂ ၃၆၄၈

* တောင်တန်းသွယ်သွယ် ရောင်ဆန်းခြယ်သည့်
တောလယ်ကိုဖြတ် ရေကြည်ပြတ်လျှင်
တရပ်ကဆွေ စိတ်မဝေနှင့်
ဒို့ရေအလှူ သီတဂူက
ကြည်ဖြူချိုအေး အသင့်ပေးမည်
ချမ်းအေးမြိုင်ချေ ဧယျာမြေ။

* ဆူဆူထေရ်မွန် ပညာဝန်သို့
ဟောညွှန်ချိုမြ မြတ်ဓမ္မဟူ
အမြိုက်လှူ၍
သင်ယူပို့ချ ရွတ်အံ့ကြသည့်
ဓမ္မအသံ တောင်လုံးညံ့ခဲ့
ဝေယံစွင့်စွင့် မိုးသို့မြင့်သည့်
ရှင်ပင့်ကိုယ်စား စေတီဖျားမှ
တွဲလျားခက်ညံ့ ဆည်းလည်းသံလဲ
အတုလံဗုဒ္ဓ မိန့်ရွှေဟသည့်
ဓမ္မအသံ ဘဝဂ်လျှံသို့
မြိုင်ယံတကြော ဖြစ်အံ့သြသည်
သာမောဠာနေ ဧယျာမြေ။

ဉာဏ်စိုး သီတဂူ



သုတေသနနှင့်စာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

# ရေညာဆန် ဧရာဝတီ

* တောင်ခြေရင်း
ခွေဆင်းတဲ့ မြစ်နဒီ။
မြစ်သဘော
စစ်ကြောလျှင် နိမ့်ရာနင်း
စီးဆင်းရသည်။
ဘယ်တော့မှ ရေဆန်သည်
ပြန်သည်လို့မရှိ။
ဘယ်တော့မှ မြင့်တဲ့ဆီ
တက်သည်လို့မရှိ။
မဖြစ်ဘူးပါဘု
မြစ်ထူးရောဝတီမို့
ဧယျာပြည် တောင်စဉ်တန်းဆီမှ
ထေရ်ရာစည် ချောင်စဉ်လွှမ်းတာပ
ဖြတ်သန်းကာ ဆန်တဲ့သဘောကို
အံ့သြပါဘိ။ ။

* ဆန်စေတဲ့ တက်စေ
မြစ်အခြေ စက်ရုံလုပ်
မောင်းခုတ်ခဲ့ပေ။
ကြည်အေးတဲ့ရေ
ဆန်စေခဲ့ စွမ်းအား။
ဖြူဖွေးတဲ့ရေ
ပြန်စေခဲ့ စွမ်းအား။
ဖွေးရှန်းပြည့်ပါဘိ
လေးကျွန်းလှည့်သီတဂူသို့
ရည်တမူထေရ်အရှင်က
ပြည်တခွင်အားတွေစုပါလို့
စေတနာရှင်များတွေဒရယ်နှင့်
ရေအစဉ်သွားစေပြုကြတယ်
အားရဖွယ်များ။ ။

ကောမုဒီ (သီတဂူ)

# သီတာဂူထုတ်ဒါမင်္ဂလာ

စန်းလသီတဂူ၊ အမည်တူသား၊ ရှေးမူ
ဦးစွာ၊ ကပ်ဦးခါက၊ ကမ္ဘာလူသား၊ လူအများ
တို့၊ လိုလားတောင့်တ၊ မြတ်ဆန္ဒကြောင့်၊ ပုဗ္ဗ
ရေ့ကွန်း၊ ဥဒည်စွန်းမှ၊ လဝန်းစကြာ၊ ပေါ်ထွက်
လာသို့၊ သာသနာ ထွန်းတောက်၊ မြဲစောင့်
ရှောက်ဘို့၊ ကဲမောက်ဇာနည်၊ ပါရမီနှင့်၊ ပြည့်
ညီစုံလင်၊ မြတ်ထေရ်ရှင်ကို၊ ဖူးမြင်ဖို့ရာ၊
မျှော်ဆဲခါဝယ်၊ ဇေယျာအောင်ဟိတ်၊ အောင်
နိမိတ်ဖြင့်၊ တောင်ထိပ်ထက်ဗွေ၊ ကျက်သရေ
ဖြင့်၊ တက်ဝေတင့်ရွှန်း၊ လပြည့်ဝန်းသို့၊ ပေါ်
ထွန်းထွက်ပြူ၊ သီတဂူကား၊ ပြည်သူအများ၊
လွန်လေးစားသည့်၊ တရားဟောပြ၊ အရှင်
ဉာဏိဿရ၊ (မဟာ) ဓမ္မကထိကအကျော်၊
(သဲကုန်း)ဆရာတော်တည့်၊ ထင်ပေါ်မြန်မာ၊
မကပါဘဲ၊ ကမ္ဘာပြည်ပြည်၊ ကြွလှည့်လည်၍၊
ပွားစည်သာသနာ၊ ထွန်းစေဌာလျှင်၊ ဒေသနာ
တရား၊ ဟောဖော်ကြားလျက်၊ ထင်ရှားသိလွယ်၊
ဉာဏ်ကြီးကျယ်ခဲ့၊ သုံးသွယ်ပိဋကတ်၊ ပရိယတ်
တွင်၊ နှံ့စပ်ဘက်စုံ၊ အကျင့်ဂုဏ်လည်း၊ ကုံလုံ
ထင်ပေါ်၊ ကမ္ဘာကျော်ခဲ့၊ အဟော်ဝတ၊ အံ့သြ
ကြလျက်၊ သီလခိုင်ပန်း၊ ကြိုင်ကြိုင်လျှမ်း၍၊
ဆင်မြန်းသိက္ခာ၊ တင့်ထူးစွာလျှင်၊ သမာဓိကွန်၊

ကြီးရင့်သန်၍၊ တည်ဟန်နှိုင်းတု၊ တောင်မေရု သို့၊ ကြီးမှုပညာ၊ မယှဉ်သာအောင်၊ ဝဇီရာစိန်၊ ထက်မြက်ရှိန်ခဲ့၊ ဂုဏ်သိန်ကဲထူး၊ မြတ်ကျေးဇူး ကို၊ ချီးကျူးမကုန်၊ ဂုဏ်ပေါင်းစုံ၍၊ ဘုန်းဂုဏ် သင်းကြူ၊ သီတဂူဟု၊ ဓမ္မူအတွင်း၊ အတူကင်း အောင်၊ ထိန်လင်းဝေဖြာ၊ ပြည်ကမ္ဘာဝယ်၊ တေဇာရောင်လွှမ်း ပြောင်ခဲ့ပြီတကား။ ။

ချမ်းမြသီတဂူ၊ ဓမ္မဟူကား၊ တွင်းပူ နှိပ်စက်၊ သုံးတောင်ဝက်ကို၊ ချိုးဖျက်နိုင်ပေ၊ အေးမြစေ၏၊ ကိလေသာဓာတ်၊ ကုန်ခမ်းပြတ် ၍၊ အမြတ်နိဗ္ဗာန်၊ ရောက်စေရန်လျှင်၊ ရည်သန် တော်မူ၊ သီတဂူဟု၊ ဓမ္မူကျော်ကြား၊ (သဲကုန်း) ဆရာတော်ဘုရားသည်၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးရုံမျှ၊ အားမရဘဲ၊ ကမ္ဘာတိုင်းဘောင်၊ သမိုင်းပြောင်သည့်၊ စစ်ကိုင်း တောင်တွင်၊ များလူရှင်တို့၊ ပူပင်ကင်းကွာ၊ ရေချမ်းသာအောင်၊ မဟာနော့တတ်၊ အိုင်တော် မြတ်မှ၊ အေးဓာတ်ရေစင်၊ တန်ခိုးယှဉ်၍၊ ယှဉ်ငင် သည့်လား၊ တောင်ထိပ်ဖျားထိ ယန္တရား စက်ဆင်၊ ပို့လွှတ်တင်၍၊ လူရှင်အားလုံး၊ ချိုးသောက်သုံးဘို့၊ မြတ်ဆုံးခိမိုင်း၊ တောင် စစ်ကိုင်းဝယ်၊ ချောင်တိုင်းဖြန့်ဝေ၊ ချမ်းသာစေခဲ့၊ ရေဝတီ၊ မြစ်နဒီမှ၊ အညီချောင်စဉ်၊ တောင် ထိပ်ပြင်ဝယ်၊ သွင်သွင်စီးလတ်၊ ရေအေးဓာတ် ကြောင့်၊ တောင်မြတ်သစ်ပင်၊ မြရောင်လွှင်

လျက်၊ အောင်မြင်အတိတ်၊ အောင်ဘိသိက်လျှင်၊ တောင်ထိပ်ကြာပေါက်၊ အံ့ဩလောက်အောင်၊ ဘုန်းတောက်သီတဂူ၊ မော်ကွန်းထူခဲ့၊ ရှင်လူအများ၊ ရေမရှားဘဲ၊ တရားကျင့်သုံး၊ သူတော်ထုံးဖြင့်၊ မြတ်ဆုံးနိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည့်၊ နှစ်တန်ဝုရ၊ ကျင့်ကြံကြလျက်၊ အေးမြကြည်သာ၊ စိတ်ချမ်းသာခဲ့၊ ကမ္ဘာတစ်ခွင်၊ သာသနာဝင်၌၊ စာတင်ဖော်ညွှန်း၊ ပေါ်ပေါက်ထွန်းအောင်၊ မော်ကွန်းသစ်ထူ၊ သီတဂူကား၊ ဇမ္ဗူတစ်လွှား၊ အတူရှားလျှက်၊ ကျော်ကြားသတင်း၊ ကမ္ဘာချင်းအောင်၊ ပြန့်သင်းတေဇာ၊ ဂုဏ်ဝေဖြာသည်၊ **ဇေယျာတောင်တန်း အောင်ခဲ့**ပြီတကား။ ။

**နန်းမသီတဂူ**၊ နိဗ္ဗာန်ယူဘို့၊ ပြည်သူအများ၊ သဒ္ဒါပွားရှ်၊ လှူထားစင်ကြယ်၊ သိန်းငါးဆယ်တည့်၊ ရည်ရွယ်စိတ်သန်၊ ပြည်နိဗ္ဗာန်ကို၊ မိဋ္ဌာန်ကောင်းမှု၊ ဆုတောင်းပြု၍၊ ပေါင်းစုညီညာ၊ ပြည်မြန်မာဝယ်၊ ဇေယျာတောင်တန်း၊ ချောင်စခန်း၌၊ အောင်ပန်းဆင်ယူ၊ သီတဂူဟု၊ ရေလှူသင်းကြီး၊ တည်ထောင်ပြီးလျှင်၊ အံ့ချီးဘွယ်ရာ၊ ဤချိန်ခါဝယ်၊ ဗြဟ္မာသိကြား၊ နတ်အများတို့၊ လုပ်အားကူမ၊ ဖန်ဆင်းကြသို့၊ ခဏပြီးမြောက်၊ တံခွန်ဆောက်ခဲ့၊ ထွန်းတောက်ပြောင်ဝင်း၊ အမှောင်ခွင်းသည့်၊ လမင်းအေးကြူ၊ သီတဂူ၏၊ ဆွဲယူအင်အား၊ ပင်လယ်ဖျားမှ၊

ထူးခြားဒီရေ၊ တက်ရလေ၏၊ ထိပ်ဗွေတောင်
ဖျား၊ ငွေဖျိုင်းနားလဲ၊ ရေများလိုချင်၊ စိတ်စွမ်း
အင်ကြောင့်၊ ထက်ခွင်သိကြား၊ မနေအားဘဲ၊
ထိပ်ဖျားတောင်စဉ်၊ မြစ်ရေတင်သို့၊ ထေရ်ရှင်
တစ်ဆူ၊ သီတဂူ၏၊ ကြီးထူမေတ္တာ၊ စေတနာ
ကြောင့်၊ ဧရာဝတီ၊ မြစ်နဒီမှ၊ တောင်ဆီ
ရေရောက်၊ ကြာပင်ပေါက်ခဲ့၊ တည်ဆောက်
ပြီးကာ၊ ရှည်မြင့်ကြာ၍၊ သာသနာဘုန်းရှိန်၊
ဆုံးမတိမ်ဘဲ၊ ငုံးအိမ်ကြူလ၊ ပမာပြ၍၊ ထာဝရ
သစ်ညီ၊ ကပ္ပဋ္ဌီလျှင်၊ တောင်ဆီမင်ဆေး၊
သိကြားရေးသည့်၊ မြသွေးပုံနှိပ်၊ ယုန်တံဆိပ်သို့၊
ဂုဏ်ဟိတ်ပဝင်း၊ ကမ္ဘာတွင်းဝယ်၊ လမင်းအတူ၊
သီတဂူဟု၊ ရေလှူအသင်း၊ ကမ္ဘာချင်းလျက်၊
ရှစ်စင်းမဂ္ဂင်၊ ဖောင်စက်ယာဉ်ဖြင့်၊ ထက်ခွင်နိဗ္ဗူ
သီတဂူသို့၊ သယ်ယူပို့ကာ၊ ထေရ်မဟာသည်၊
**ခေမာသောင်ကမ်း ဆောင်ခဲ့ပြီတကား။ ။**

ရွှေမန်းသီရိ ပညာကျော်

# ကမ္ဘာမှာ သာသောသီတဂူ

ရှုလေတိုင်းမှာ မှိုင်းပြာမြသည့်
စစ်ကိုင်းဌာန သေလာခွင်၊
သမိုင်းသာသမျှ တေဇာလွှင်သည်
ထေရာသခင် အာစေရ။
သီတဂူဟု ကိတ္တိဂုဏ်သည်
သိဒ္ဓိအမွန် ဉာဏ်ထူးမှူးပိုင်သ။ ။
ဗဟုဇန ဟိတလျော်သည်
ဓိနရှင်တော်အလိုကျ
တိကျထင်ပေါ် ထိုခမ္မ
နကိုအလှ ရွှေနှုတ်ချွေ။
သီဟနာဒ် သံဝါဟိန်းတော့
ရန်ဘယာခပ်သိမ်း အေးငြိမ်းချမ်းသာစေ။ ။
ရေအလှူပွဲ ရှေးဦးဝေသည်
ဆေးမှူးအနေ ရုံတော်လှစ်၍၊
ပုံဖေါ်စင်စစ် အာယုဒါနမဟာ
သာဓုခေါ်ကြစရာ။
သီလံတက္က ဖန်ဆင်းသာသည်
မှန်ကင်းပမာ ပညာ့ဒါန်ရှင့်လေး။ ။
ဒီပံလက်စွ ဉာဏ်လင်းဖြာသည်
လျှံဝင်းကမ္ဘာ အာဂမာန်နှင့်လေး။ ။

ပါမောက်လွင်
(၃၀၊ ၁၊ ၂၀၀၃)

# ကိုးဆယ်ဆသာလိမ့်မယ်

❀ အမှောင်ကိုခွင်း
အလင်းရယ် ရစေဖို့
လမင်းတဲ့ ထွက်ပေါ်လာ။

❀ ဝဋ္ဋာပြင် တစ်ခွင်တွင်း၊
ထွန်းလင်းယှက်ဖြာ။

❀ လမင်းထက်သာ
ဘာပါလိမ့်မလဲ။

❀ မိစ္ဆာအနှောင်
အဘိဇ္ဈာရောင်
အဝိဇ္ဇာမှောင်တွေ လင်းကြည်ဖို့
ပြည်ဇမ္ဗူ
'သီတဂူ'ထွန်းပြီကွယ့်
ရွှန်းလဲ့လဲ့ လဝန်းကို
ပြည့်ဝန်းဆို ဆထက်တိုးမယ်
ကိုးဆယ်ဆကဲ။ ။

ကိုကိုနိုင် (ကေတု)

# သီတဂူဆေးအလှူတော်

* ဆွမ်း ဝတ်ရုံ ဆေး ကျောင်း၊
လေးချောင်းသော ဒေါက်နှယ်၊
ဘေးအပေါင်းကြောက်စဖွယ်ကို၊
ဖျောက်ပယ်နိုင်လေအား။
ဘေသဇ္ဇသြသဓာကို၊
ထောမနာ ဗုဒ္ဓမြတ်ဖျား။

* ရေချမ်းကြောင့် ဘေးကွာ၊
ဆေးမဟာ မှတ်သား၊
အေးရတနာ ဓာတ်တစ်ပါးပေမို့၊
မြတ်ဘုရားလိုအင်။
ပြည့်စေရန် တောင်စစ်ကိုင်းမှာလ၊
ချောင်တိုင်းဈေ့ စက်ရေပိုက်ဆင်။

* တိုးချဲ့လို့ တစ်မူဆင်ပြီ၊
လူလူရှင် ကျန်းမာကြောင်းငယ်နှင့်၊
ချမ်းသာကြောင်း ထွေးပိုက်ပေးပုံ၊
ဆေးတိုက်ဆေးရုံ။

* ခုတစ်ခေတ် တစ်ခါကြုံသည်၊
အမတာဘုံ လက်ငင်းပလေး။ ။

ဆန်းထွန်း (မန်းတက္ကသိုလ်)

# ရေအေးအေး ဆေးစွမ်းစွမ်း

* ရှင်ဗာကုလ၊ လူ့ဘဝရှစ်ဆယ်၊
ရှစ်ဆယ်ရှင်ဘဝ၊ အထင်ကရ ရာကယ်၊
ခြောက်ဆယ်စွမ်းရောက်၊ ထွန်းတောက်ဘုန်းကြွယ်၊
အနာမဲ့ လာခဲ့သံသရာဝယ်။

* ရှင်တော်ဗုဒ္ဓ၊ နှုတ်ဟာမိန့်မှာ၊
ဂိလာနများ၊ သနားစရာ၊
ကောင်းစွာကုသ၊ ယုယကြင်နာ၊
ဆေးဝါးပေး၊ ဖေးမကူညီပါ။

* တောင်စစ်ကိုင်းက၊ ချောင်တိုင်းသံဃာ၊
သီလရှင်များ၊ ဝင်စားဘာဝနာ၊
ကိုးဆယ့်ရှစ်ပါး၊ ဖြစ်ပွားရောဂါ၊
ဖျောက်ပယ်ကြောင်း၊ ရွယ်ချောင်းစေတနာ။

* ရောဂါဘေးမသန်း၊ ဆေးခန်းဖုံဖုံ၊
သီတဂူဆင့်ပွား၊ တင့်ကြွားလုံခြုံ၊
တိကိစ္ဆာလယ၊ နာမဆေးရုံ၊
ရေအေးအေး၊ ဆေးဝါးဓာတ်စာစုံ။ ။

ဉာဏ်ထွန်း

# သီတာရေအေး ဖျန်းဆွတ်ပေး

ရောခွေဝိုင်း တောင်စစ်ကိုင်း၊
ချောင်တိုင်းစိမ်းညို့ မှိုင်းမှို့မှို့။

အစိမ်းရောင်ထက် ဖျိုင်းတောင်ယှက်သို့၊
ဖြူစက်ဖြူပြောက် ပန်းပေါက်ပေါက်တို့၊
တလျှောက်တောလုံး အပြည့်ဖုံး။

စစ်ကိုင်းတောင်ခြေ မှိုင်းဝေဝေနှင့်၊
ရောခွေစီ ရေနှင့်နီးလည်း၊
မိုးကြီးမရွာ နွေအခါဓွ၊
ညှိုးကာခွေနွမ်း သွေ့ခြောက်ခန်း၊
တောတောင်မလန်း ရှင်လူပမ်း။

တောတောင်မလန်း ရေကြည်ခန်း၍၊
စိတ်ဝမ်းညှိုးလျ ပမ်းနေကြစဉ်၊
နွေလအခါ မိုးကြီးရွာသို့၊
သီတာရေချမ်း ပိုက်သွယ်တန်းကာ၊
သခ်မ်းအရောက် ပံ့ကူထောက်သည်၊
အံ့လောက်ဖွယ်ပ မြတ်ဒါန။
သဒ္ဓါပန်းလှ ဖွေးလွှလွှ။

ရေကြည်အေးမြ ချောင်တိုင်းရ၍၊
တောရသခ်မ်း ငြိမ်းကြည်ချမ်းကာ၊
ကမ္ဘဋ္ဌာန်းနဲ့ တောင်လုံးပျံ့သည်၊
သန့်သန့်မွေးမွေး ညင်းလေသွေး၊
သီတာရေအေး ဖျန်းဆွတ်ပေး။ ။

မောင်လင်းကြည်

# စစ်ကိုင်းတောင်

* သူတော်စင်ပေါင်း ပျော်စံအောင်၊
ဂူကျောင်းချောင်တွေ ပေါများပေ၊
စေတီပုထိုး အမျိုးမျိုး၊
ရိုကျိုးစိတ်တွင် ဖူးရောက်ချင်၊
စည်ပင်သည့်ချောင် စစ်ကိုင်းတောင်။

* မြင်းယာဉ်လေး မြန်မြန်ပြေး၊
မနေးပေမင့် နေးသည်ထင့်၊
ချိန်လင့်မဆိုင်း တောင်စဉ်တိုင်း၊
ဒုန်းစိုင်းတက်ရောက် ပျော်ပုံမောက်၊
ဝမ်းမြောက်ဝမ်းသာ ရောက်တဲ့အခါ။

* တောင်ပေါ်လမ်းလေး ပန်းဖွေးဖွေး၊
ငှက်ကျေးမြူးပျော် ဖိုမခေါ်၊
ရှုမျှော်လေတိုင်း မှုန်ရီမှိုင်း၊
စစ်ကိုင်းသေလာ ချောင်နေရာ၊
တစ်ခါရောက်ဖူး စိတ်ကြည်နူး။

* တောင်တော်တစ်ဝှမ်း ကျောင်းသခ်မ်း၊
ရေချမ်းကပ်လှူ သီတဂူ၊
ပြည်သူအားပေး ရေတွေဖွေး၊
ချမ်းအေးသာယာ စည်ပင်လာ၊
ဧယျာတောင်တန်း စိမ်းရောင်လွှမ်း။

* လှသံတိတ်ဆိတ် ချောင်တော်ရိပ်၊
ချွေးသိပ်ပန်းဖြေ ခိုနားနေ၊
မျှဝေရှင်လန်း ရေကြည်ကမ်း၊
အားစွမ်းသစ်လွင် ခရီးနှင်၊
ဖူးမြင်ခဲ့ပေ စေတီတွေ။
မွေ့ပျော်၍နေ သူတော်တွေ။
ပေါများ၍နေ သီတဂူရေ။ ။

ကိုရင်စစ်

# သည်အလှူ

* ပြေဗမ္ဘူ လှူဒါထုံးပါပဲ၊
ရေအလှူ လှူပါအုံးရယ်လို့၊
ပျူငှာဆုံး ဖိတ်ခေါ်ပြန်။

* ရေအကျိုး၊
ရွှေမိုးဖြိုင်ဖြိုင်ရွာတော့၊
အိုင်တကာ ချောင်းကန်အင်းတွေနဲ့၊
ပြိုင်စရာ ပေါင်းလန်ခြင်း၊
တင်းပြည့်တဲ့ ဟန်။

* တောင်ဧယျာ ရေသာတိုးရင်၊
ချောင်သေလာ ဝေဆာဖြိုးပါလိမ့်၊
ဟောမာရိုး ဘယ်မကျန်၊
နတ်ဌာန်ပါ့တန္နိုင်း။

* သည်တခွင်၊
ကမ္ဘဌာန်းပီပြင်တဲ့၊
ရဟန်း သီလဝင်တို့၊
ကြည်ရွှင်ရွှင် ပျော်စံများတာကြောင့်၊
တခြားရေအလှူထက်၊
ခြေမတူ သည်အလှူကျော်တယ်လို့၊
တောဝေလာ ရကွေပတိ၊
လောကေရွာ ဗုဒ္ဓေရှိရင်လ၊
ဟောချေကာ သုတ်တွေညှိပါလိမ့်၊
ကြားသိ မဆိုင်း။ ။

မြမန်း

# ငြိမ်းချမ်းစေဘို့

သီတဂူ စန်းတမျှလိုပ၊
ချမ်းမြလို့ ကြည်လင်၊
ပန်းအလှသို့ စည်ပင်အောင်၊
ပြည်တခွင်နေပြား။
ကမ္ဘာတစ်ခုလုံး ပြည်လုံးခြုံမယ်၊
ဤလုံးစုံ ဝေနေယျများ။
တွင်းပြင်ပ ဘေးရန်ကွာ၊
အေးရန်သာ ဆုပ္ပား။
မနေးမြန်စွာ သုခထွားစေဖို့၊
ပဒုမအလား ဝေဆာ။
ရေနှင့်ကြာ သေချာတွေ့ရင်လ၊
ဝေဆာတရွေ့ရွေ့ ထွားသန့်၍လာ။
မေတ္တာဓာတ် ရေမကွာတယ်၊
တထေဝါ ကြာနယ်ထားပါလို့၊
ကမ္ဘာဝယ်တလွား များလှဝေနေ၊
ပွားရထွေထွေ။
သီတဂူထေရ်က ဝေငှပေသည်၊
ဩော် သီတဂူ ရေအလှူတစ်ဖွဲ့လုံးက၊
မေတ္တာဓာတ် ဝေငှပေသည်၊
ပြည်ကမ္ဘာအထွေထွေ ငြိမ်းချမ်းသာဖို့လေး။ ။

ဓေယျာပညာရှင်

# ရေဒါန

* သီတဂူ စန်းလ၊ ပန်းသကမဍ္ဍူ၊
အိုင်သာအနော်တတ်၊ ပြောစမှတ်ရှင်လူ၊
မေတ္တာအမွှာ၊ စန္ဒကူ့ အရည်တူ၊
ရေဒါန သာစွ သီတဂူ။

* အိမ်ကိုမီးလောင်၊
သယ်ဆောင်နိုင်သမျှ၊
ကိုယ့်ဖို့ရ၏၊
လောင်သမျှမှာကား၊
ပြာဖြစ်သွားခဲ့၊
တရားနှစ်ထွေ၊
သေခြင်း အိုခြင်း၊
မကင်းနိုင်သော၊
လောကဘောင်ကြီး၊
ပြောင်ပြောင်ညီးသည်၊
လောင်မီး မျိုဝါး၊
အတွေ့သားနှင့်၊
တရားမယူ၊
အမှားမှုဖြင့်၊
စားလျှ နှစ်ချက်၊
မပြုရက်သော်၊



လက်လွှတ်ဆုံ ရှုံး၊
ယူကျုံးမရ၊
ဝမ်းနည်းကြလိမ့်၊
မီးမခ ခင်၊
တင်တင်ကြိုကြို၊
ကိုယ်ကဦးစေ၊
ရေစင်သီတဂူ၊
အမိလှူမှု၊
ပူမျိုးစုံကင်း၊
အေးကွက်နင်းမည်၊
နေခင်းသာစွ နေရဗာန်။ ။

ဆန်းထွန်း (မန်းတက္ကသိုလ်)

# လက်ကမ်းကြိုနေ ဧယျာမြေ

* လှိုမြိုင်စိမ်းလန်း၊ ကျောင်းသင်္ခမ်းနှင့်၊
ငြိမ်းချမ်းဒေသ၊ တောလည်းလှသည်၊
သာစွရိပ်ဗွေ၊ ဧယျာမြေ။

* ဧယျာလှည့်ခေါ်၊ မြတ်တောင်တော်၌၊
ကိန်းပျော်စခန်း၊ ရိပ်သင်္ခမ်းဝယ်၊
မင်္ဂြမ်းဆင်နေ၊ သူတော်စင်တွေနှင့်၊
ကြည်ရေအလှူ၊ သီတဂူနှင့်၊
သာခင်းသာနေ၊ ဧယျာမြေ။

* တောင်စဉ်မလပ်၊ ချောင်စဉ်ထပ်လျှက်၊
မြှောင်ပတ်ဝေဆာ၊ သည်ဧယျာဝယ်၊
ရောက်လာကြည်နူ၊ ဘုရားဖူးတို့၊
ကူးလူးသွားလာ၊ ရေကြည်ဆာလျှင်၊
နေရာတိုင်းမူ၊ များပြည်သူ၏၊
သီတဂူရေ၊ သောက်ပါလေမည့်၊
နှမ်းခွေစိတ်ပျောက်၊ လန်းဝေမောက်မည်၊
ကွန်းထောက်ဌာနေ၊ ဧယျာမြေ။

* တောင်နန်းသွယ်သွယ်၊ ချောင်နန်းချယ်လျှက်၊
တင့်တယ်လှိုရိုး၊ ဂူ ပုထိုးနှင့်၊
သားမျိုးတင့်လှိုင်၊ တောင်စစ်ကိုင်းမှ၊
ချောင်တိုင်းပြည့်ဝ၊ အေးကြည်မြသည့်၊
သီတဂူဝေ၊ သောက်သုံးရေကို
သက်တော်ရှည်အောင်၊
အဆွေချစ်ကျွမ်း၊ သောက်လှည့်စမ်းဟု၊
ကမ်းလှမ်းကြိုနေ ဧယျာမြေ။ ။

အရှင်ပညာဒီပ
(သီတဂူ)

# တောင်ဇေယျာမှ သီတာစမ်း

သီတဂူမည် စမ်းရောင်ခြည်ကြောင့်၊
ထူးသည်စန္ဒြ ကျောက်ကန္တမှ၊
အေးမြကြည်စွာ ရေသီတာတို့၊
စိမ့်ကာထွက်ယို ခုနှိုင်းဆိုသို့၊
ပုံလိုကြည်ဖြူ သီတဂူဟု၊
ရေလှူဖော်ညွှန်း လပြည့်ဝန်းကြောင့်၊
ထက်စွန်းသေလာ တောင်ဇေယျာမှ၊
ဝေဖြာဆွတ်ဖျန်း သီတာစမ်းသည်၊
မခန်းအံ့ဖွယ် ထွက်စေသော်။ ။

# အလှူကောင်းမှုရရာပြုလော့

တစ်ယာကွမ်းဆေး
ရေအေးတစ်ခွက်
ဆီတစ်စက်နှင့်
လှော်က်တစ်ရိုး
ကြံတစ်ချိုးမျှ
မြတ်နိုးကြည်ဖြူ
ဒါနဟူသည်
အလှူကောင်းမှု
ရရာပြုလော့။ ။

မဃဒေဝ

# သီတာဂူ ။

* တို့များသီတဂူ၊ ရေအလျှုကား၊
ရှင်လူသာစု၊ နတ်သာစုနှင့်၊
သာစုဗြဟ္မာ၊ ကောင်းချီးပြာ၍၊
ကမ္ဘာကုန်ကျွန်း၊ စံမော်ကွန်းတည့်၊
ခွန်းဆင့်မြိုင်မြိုင်၊ ဘဝဂ်တိုင်လိမ့်။

* အိုင်သာနော်တတ်၊ ခွေခွေပတ်၍၊
ရဟတ်မောင်းနှင်၊ စက်ကောက်ဆင်သို့၊
ကောင်းကင်လျှံတက်၊ တဖန်သက်၍၊
စဉ်ဆက်ဆွေသွန်၊ ဟေမဝန်က၊
ရေပြွန်ဖြာစီး၊ တမီးမီးလျှင်၊
မြစ်ကြီးငါးသွယ်၊ လျှမ်းလျှမ်းကယ်၍၊
မြစ်ငယ်အများ၊ လက်တက်ပွားသို့၊
တို့များသီတဂူ၊ ရေအလျှုကား၊
လူရှင်အားလုံး၊ ချိုးသောက်သုံးဖို့၊
ပတ်ကုံးဝန်းလျား၊ တောင်ထိပ်ဖျားထိ၊
ယန္တရားစက်ဆင်၊ ပို့ယွတ်တင်၍၊
စိမ်းရှင်ဝေဆိုင်း၊ တောင်စစ်ကိုင်းဝယ်၊
ချောင်တိုင်းချမ်းသာ၊ လန်းလန်းဖြာခဲ့။

* တို့များသီတဂူ၊ ရေအလျှုကား၊
ရှင်လူအကျိုး၊ ရည်မျှော်ကိုးသည်၊
လူမျိုးထာဝရ၊ မြတ်ပုညမို့၊
ကာလအရှည်၊ ကပ်လုံးတည်စိမ့်၊

ကြံစည်အာရုံ၊ နိမိတ်ပုံဖြင့်၊
တလုံလဲလဲ၊ စိတ်ဝယ်စွဲ၍၊
ရစ်ဝဲငွေ့ငွေ့၊ ထပ်ပြန်လေ့ဖြင့်၊
အောက်မေ့သောအား၊ ကုသိုလ်ပွားအံ့။

* တို့များသီတဂူ၊ ရေအလှူကား၊
လှူတွင်အမြတ်၊ နတ်တွင်အမွန်၊
မိုးစွန်ဇာတိ၊ ဗြဟ္မာထိအောင်၊
'ပီတိသဥ္ဇန'၊ ဝမ်းမြောက်ရအံ့၊
ဗကအမော်၊ ဗြဟ္မာကျော်အား၊
ရှေးသရော်ဘဝ၊ တစ်ခါကလျှင်၊
ဒါနလှူမျိုး၊ ရေအကျိုးကြောင့်၊
ဖြိုးဖြိုးလျှံပ၊ သင်းစံရဟု၊
ဗုဒ္ဓမြတ်စွာ၊ ဟောဖူးပါ၏၊
ပူဆာအာသဝ၊ ကိလေသနှင့်၊
ကမ္မဝိပါက်၊ ဝဋ်သုံးချက်မှ၊
လွတ်ထွက်ကုန်စင်၊ မြိုက်ရေဝင်မှ၊
ပူပင်ငြိမ်းပျောက်မည်တကား။ ။

သီတဂူအရှင်

# သီတဂူ အမြိုက်ကန်တော်

တောင်ဇေယျာ မဟိငူမကိုင်၊
သီတဂူအမြိုက် ကန်တော်၊
ပြည်သူထိုက်လို့ အမှန်ပေါ်ပြီ၊
စံအကျော် ထိပ်တန်း။
တောင်ပေါ်အဝှမ်း မြစ်ကြီးပမာလို၊
ရစ်စီးကာ လှည့်ငွေလို့သန်း။
ရှေ့အနောက် တောင်မြောက်ခွင်မှာ၊
ချောင်လျှောက်စဉ် ပတ်လွှမ်း၊
ခေါင်အရောက်ပင် မပြတ်တမ်းသာပ၊
တရစပ်အရမ်း စီးထွေ။
သီတဂူ စက်ကုန်ဖွင့်လျှင်လ၊
ဘဝင်ဘုံအဆင့် ရောက်လိမ့်မသွေ။
ထေရ်ရှင်ဘုန်းတို့
ရေစင်သုံးလို့ ပြုံးဖြာဝေသည်၊
နှန်းကြာအရှည် မှန်းဆတော့၊
စန်းလသို့ ကပ္ပဋ္ဌီယူ၊
သတ်မှတ်ရည်တူ။
ရေအမြိုက် ဤအလှူမှာ၊
သီတဂူ သူမင်းကွယ်လေး။ ။

အရှင်ကဝိသာရ (ဝေဇယန္တာ)

# ဆန္ဒ

သန့်စင်ရေ အမှီပြု၊
သီတဂူ့ ရောင်ခြည်။
ညချမ်းခါ၊
လှပန်းကြာ ဆုံကာတွေ့၊
ငုံဖြာ၍ ပွင့်ပြီ။
ထိုတနှုန်းသာပ၊
ချိုပြုံးတဲ့နှလုံးရည်၊
သွေးကြည်သည့်ရင်ခန်း။
ကြည်အဖြူ၊
သီတဂူမေတ္တာလွှမ်းတော့၊
ဘေးဘျမ်းတွေ ဝေးကွာလှမ်းကာပ၊
အေးချမ်းစွာ ဉာဏ်ကြာပွင့်လို့ရယ်၊
တင့်ကြချင်စမ်း။ ။

မောင်ရေချမ်း(သီတဂူ)

# သီတဂူ

ရေအလှူ

ဆေးအလှူ

ပညာအလှူ

လှူချင်တိုင်းလှူ...... သီတဂူ။

မြန်မာနိုင်ငံကိုချင်း

အာရှတွင်းထိုးဖေါက်

အနောက်တိုင်ထိ

ဖြန့်ချီသာသနာ

စမ်းလပမာ

ချမ်းမြကာယူ ..... သီတဂူ။

တရားဒေသနာ

ဟောကြားကာ

သာသနာတံခွန်ထူ

ချမ်းမြေ့ကြည်ဖြူ

လ,ဝန်းနှယ်ပမာတူ.... သီတဂူ။

ခင် (တိုင်းရင်းမေ)

# သီတဂူ

* သာသနာအလင်း၊ ကမ္ဘာခွင်း၊
လမင်းသီတဂူ၊ ထူးခြားသူ။

* ဓမ္မအလင်း၊ သောကကင်း၊
နေမင်းသီတဂူ၊ ရဲရင့်သူ။

* ဗောဓိဉာဏ်အလင်း၊ အဝိဇ္ဇာခွင်း၊
လူမင်းသီတဂူ၊ ထက်မြက်သူ။

* နိဗ္ဗာန်အလင်း၊ တဏှာခွင်း၊
နတ်မင်းသီတဂူ၊ မြင့်မြတ်သူ။

ငွေစန္ဒာ (D.P.P.S)

# သီတဂူရေ

နှစ်ပေါင်းများမြောင်၊ တရားရောင်ဖြင့်၊
ငါးထောင်ရှည်ရာ၊ ဤသာသနာ၌၊ သည်ခါ
ကြုံရ၊ ဒုလ္လဘတည့်၊ သဒ္ဓမ္မသီတဂူ၊ ထေရ်
တစ်ဆူကား၊ ပြည်သူတို့ဘုန်း၊ မင်း၏ဘုန်းနှင့်၊
ဘုန်းလနှယ်ဆန်း၊ ရှင်ရဟန်းတို့၊ ဘုန်းပန်းမဥ္ဇူ
ကြိုင်နံ့ရှူ၍၊ လန်းလူတက်ကြွ၊ နဘာဝနှင့်၊
ပုဂ္ဂလဝိသိသ်၊ ကမ္မဓိဒ်ဝယ်၊ ဏ္ဍိပါဒ်လေး၊
တွန်းအားပေး၍၊ မနေးလွယ်ကူ၊ ဓေယျပူမှာ၊
ရေလှူတော်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ၊ အံ့ဩဘွယ်ကြီး၊
အောင်စည်တီးပြီ၊ ချီးကျူးသောစာ၊ ဆုတောင်း
စာနှင့်၊ စာကဗျာပြု၊ အစုစုဖြင့်၊ ထုတ်ဩဘာ၊
ထော်မနာလည်း၊ မဟာသိန္ဓု၊ သီနေရုကို၊
ဗိန္ဒုအက္ခရာ၊ တစက်စာနှင့်၊ ဖက်ကာစံပြု၊
တန္တုပြဟ်နော၊ ပမာပြောမူ၊ ဗျာဓောပဝဏ္ဏနာ၊
ဖြစ်ကောင်းရာဟု၊ စာနာတွေးလျှက်၊ စာရေး
ခက်၏၊ ရှေးဆက်ရာဇဝင်၊ မဟာဝင်နှင့်၊ သာ
သနာဝင်မျိုး၊ စဉ်အရိုးသည်၊ တင်ထိုးမော်ကွန်း၊
ဖေါ်ညွှန်းမင်စာ၊ ဘယ်တခါမှ၊ မပါစဖူး၊
ထူးသောကုသိုလ်၊ ပစ္စည်းကြိုး၍၊ မင်ဖိုလ်နိဗ္ဗာန်၊
စိတ်သန်တင့်ရှည်း၊ ဖြည့်ကာဆည်း၏၊ ဖြင်ပည်း
များစွာ၊ သတ္တဝါတို့၊ သမ္ဗဒါပုည၊ ဖို့ဘာဂကို၊
ရကြပါစေ၊ အမျှဝေသည်၊
ရစေ .....အမျှ အမျှ အမျှသောဝ်။

သီတဂူအရှင်

# ဘုရားစကား

* ဒိဋ္ဌိသက္ကာယ မကွာသမျှ၊
လေးဝအပါယ် ရောက်ဦးမယ်၊
နှင့်ဝယ်သတိထား။

* သို့အလားကြောင့်၊
မြတ်ဘုရားက ရင်ဝလှံစူး
ထိပ်ဦးမီးလောင်နေစေဦးတော့၊

* မရှောင်အဟုတ် နှောင်မဆုတ်ဘဲ၊
အားထုတ်ကြရန်သဘောကို၊
'သတ္တိယာ ဝိယ ဩမဋ္ဌော' ဟု
ဟောကြားတော်မူခဲ့လေပြီ။

* သက္ကာယ ဖိစီး၍ အချိုးနှီးအလကား၊
တစ္ဆနယ်သား မဖြစ်ရလေအောင်၊
ဟောကြားပေးတော်မူခဲ့သည့်၊
ဘုရားစကား
ကျွန်ုပ်တို့ နားထောင် မထောင်။ ။

ထိပ်တင်ဝင်း

# အိုဘယ့် သီတဂူ

* မသာလည်း တ
သာလည်း တ
အေးမြကြည်ဖြူ
သီတဂူ။

* ဆူကြုံနိမ့်မြင့်
အဆင့်မခွဲ
အမြဲကြည်ဖြူ
သီတဂူ။

* သာသနာအရောင်
ထွန်းလင်းအောင်
လမ်းဆောင်ပြသူ
သီတဂူ။

* ဗုဒ္ဓအလိုကျ
လိုက်နာပြ
ဆုံးမနာယူ
သီတဂူ။

* ဓမ္မဒူတ
အရှင်ဉာဏိဿရ
ရွှန်းပရည်တူ
သီတဂူ။

* သီတဂူစန်း
ကမ္ဘာလွှမ်း
ချမ်းမြသာယာ ရှိပါစေ။ ။

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

# ဖူးလိုက်လို့ ဦးခိုက်ပါသည်

* တောင်စစ်ကိုင်း
ချောင်တိုင်းမှာတဲ့ ရေတွေလျှု၊
ဘုရားဖူးသူ လွန်ကြည်နူး
ထူးတဲ့ သိတဂူ။

* ဆေး တက္ကသိုလ် သာသနာအမှုရယ်နဲ့
စံနမူနာပြု လေးခုကိုလျှု။
တွေးရှုသူတို့မှာဖြင့် စေတနာရေစင်များ၊
မနေးခုကိုဖြင့် လျှုချင်သဒ္ဓါတွေပွား။

* တို့များဆရာတော်
ဉာဏ်အားတံခွန်မော်လို့
စံထားကမ္ဘာကျော်သမို့
သာသနာတော် တစ်ခေတ်ဆန်းမှာဖြင့်
နှစ် သန်းကုဋေတိုင်အောင်ပ
ညစ်မနွမ်း အသရေမြိုင်ဖို့
မျှို့မဏ္ဍိုင် ခိုင်ခိုင်စိုက်လိုက်တယ်
ဖူးလိုက်မိတအား။
ဦးခိုက်မိပါဘုရား။ ။

မကြွယ်ကြွယ်

# ကဗျာ့ပန်း

*　သီတဂူ
ရေအလှူ ပေးဝေငှတယ်
အေးမြတောင်ရိုး။

*　ချောင်ငှ
များရှင်လူ ကိုယ်စိတ်လန်းအောင်
ကြိုးပမ်းသယ်ပိုး။

*　သဒ္ဓါဖြူ
ရေလှူရှင် ပုဂ္ဂိုလ်ထူးကို
ဦးခိုက်ရှိခိုး။ ။

မောင်ခေတ်ထွန်း

# ဖြူသော အလှူရှင်

*　ကိုယ်နှုတ်နှလုံး
သုံးပါးလုံး ဖြူစင်လို့ဖွေး။

*　သူတော်စင် မထေရ်
အလှူနော် မဂ်လာတွေပေးတာက၊
ပညာ ရေ ဆေး။ ။

မောင်သက်ကြူ

# ရာဇဝင်သစ်ရေးမည့်စစ်ကိုင်း

.......................

..........................

..............................

စစ်ကိုင်းတောင်မှ စစ်ကိုင်း၊
စစ်ကိုင်းမှ မြန်မာပြည်၊
မြန်မာပြည် အနှံ့မှ ကမ္ဘာအနှံ့၊
တစ်လောကလုံး အလင်းရောင်ပျံ့စေ၊
မေတ္တာရေနဲ့ ငြိမ်းချမ်းရေး
‘သီတဂူ....က
ဖြန့်ဝေလို့ပေးတဲ့အခါ
စစ်ကိုင်းဟာ
ရာဇဝင်အသစ်ကို ရေးဦးမတဲ့။ ။

မောင်စိန်ဝင်း
(ပုတီးကုန်း)

# နိဗ္ဗာန်ကူးတို့ သီတာဂူ

*     သစ်တစ်ပင်ကောင်း၊
ငှက်တစ်သောင်းတည့်၊ အောင်းနေနားခို၊
အေးရိပ်ပိုသည့်
ရိပ်ညိုမြရှန်း ကွန်းသာယာမှာ .....။

*     ရှင်တစ်ဆူမြတ်၊
ပေါ်ထွန်းလတ်၍၊ လူနတ်ဝေနေ၊
ပေါင်းထွေထွေကို၊
ကုသိုလ်စိတ်မှန်၊ ရည်ထက်သန်လျက်၊
နိဗ္ဗာန်ပြည်ကမ်း၊ ဆောင်ပို့လှမ်းမည့်၊
ချမ်းမြေ့ကြည်ဖြူ၊ သီတဂူမှာ .....။ ။

ကြူကြူသင်း

## အောင်ခွန်းသံ

အောင်ပြီခွန်းဆင့် ခွန်းဆင့်အောင်ပြီ၊
သီတဂူအောင်ပွဲ ခေါင်ကဲလေပြီ၊
သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံဆီ၊
ဆင့်ဆင့်ကဲ အောင်ပွဲအလီလီ။ ။

သီတဂူအဖွဲ့

# သီတဂူဆရာတော်သို့ ဂုဏပူဇာဝန္ဒနာ

## ရှစ်လုံးဖွဲ့ကဗျာ

* သီတဂူစန်းလ ချမ်းမြရောင်ခြည်၊
တောင်မြတ်စစ်ကိုင်း ချောင်တိုင်းဝေစည်၊
သီတာအေးမြ သုံးသောက်ရသည်၊
ကြည်လင်သန့် ကျန်းခန့်သာစေသည်။

* အာယုဒါန မြတ်လှဆေးရုံ၊
ကုံလုံပြည့်ဝ ပစ္စည်းကစုံ၊
ဂုဏ်ရှိန်တင့်စွ ကုသကြကုန်၊
ဘုံဝတီမှ မြွက်ဟသာဓုအဟုန်။

* သဗ္ဗဒါန ဓမ္မဒါနံ၊
ပညာမြင့်မှ ဂုဏ်တင့်မည်မှန်၊
သီလ်တက္က ဖွင့်ရကေန်၊
အောင်ဖေယျ သဗ္ဗမင်္ဂလံ။

* ဗုဒ္ဓ ဓမ္မ သံဃအောင်လံ၊
လွှင့်ထူခဲ့ကြ အမေရိကနိုင်ငံ၊
တက္ကဆက်ဌာန နဂရကေန်၊
အော်စတင်က ဗုဒ္ဓဝိဟာရုံ။

* ဆရာမြတ်သို့ ရည်မှတ်ပူဇော်၊
ကော်ရော်ဦးချ မဝနိုင်သော်၊
မော်ကွန်းအလှ ထွန်းပညွန်းဖော်၊
ရေးသီကြ ဂုဏာဝန္ဒနာတော်။

မောင်မောင်ချစ်ဝင်း(ဥပဒေ)

# သီတဂူအလှ

သီတဂူစန်းတမျှ
လျှမ်းပလို့ အေးကြည်။
ချမ်းမြသမို့ ဘေးမသီအောင်
အေးစေမည် ရင်တွင်း။
အာယုဒါန အမည်ယူသည်
သီတဂူဆေးရုံ ထင်လင်း။
စံနစ်ကျ လုပစ္စာငယ်
လွန်သာယာ သန့်ရှင်း။
ပုညရှင် တောင်ခြေရင်းမို့
ရှုခင်းက သာသည်။
သီလရှင် ထေရ်ရဟန်းတို့ကိုလ
မသွေတန်း စောင့်ရှောက်ကူညီ။
ထွန်းရစ်လိမ့် ကမ္ဘာတည်အောင်
ပါရမီ အလှူ့ပွားလို့။
ဉာဏ်အားနှင့် ဖွဲ့မနှုန်းသာသနော်
သဲကုန်းဆရာတော်။
သာသနာအတွက် နောင်အရှည်မျှော်သည်
အောင်စည်တော် ရွှမ်းချိန်ပလေး။

မောင်မြတ်ရည်
(မန်းတက္ကသိုလ်)

# ကြည်ဖြူရေးမကျန် သီတဂူဆေးရုံ

ရှင်သာမဏေ တစ်ပါး၊
အပြင်းဖျားလို့၊
သီတဂူအမည်ရ၊
အာယုဒါနဆေးရုံမှာ၊
လျှင်မြန်စွာသွားကာပြ။

ဆေးရုံမှာတာဝန်ကျ၊
ကုသမှုနဲ့ ဒါနပြုတဲ့၊
ပါရဂူအစ ဆရာဝန်, ဆရာမ၊
မှုထမ်းများမကျန်၊
စေတနာလွန်၊ မြတ်စိတ်မွန်နဲ့၊
ကာယဉာဏ စွမ်းအားပြလို့၊
ရှာကြရောဂါ တွေ့လေပါသော်။

သည်ဆေးထိုးလို့၊ သည်ဆေးစား၊
တလေးတစား လျှောက်ထားစဉ်၊
သူတို့ရုပ်သွင် လွန်ကြည်လင်၊
မောက်ကြွားမှု မြူမျှမမြင်၊
ဂိလာနကိုရင် ရောဂါတစ်ဝက်ပျောက်ချင်ချင်။

လူ့ရွာတစ်ခွင် ကြည်နူးစရာမို့၊
တို့မောင်ပဉ္စင်းနဲ့ သာမဏေနှစ်ပါး၊
ပီတိတွေရင်မှာ အနှံ့အပြားနဲ့၊
သာဓုနုမောဒနာ အခါခါပွားလို့၊
ရွှင်လန်းစွာ ကျောင်းသင်္ခမ်းကို၊
မြန်းခဲ့ကြတကား။

မောင်စိတီး (စစ်ကိုင်း)

# သီတဂူ ဤအာလူအောက်မ်ား

* သီတဂူ တရားအလှူ
 အများပြည်သူ အေးမြစေသော။
* သီတဂူ ရေအလှူ
 များဘိက္ခု ချမ်းသာစေသော။
* သီတဂူ ဆေးအလှူ
 ရဟန်းရှင်လူ ကျန်းမာစေသော။
* သီတဂူ ဗုဒ္ဓတက္ကသိုလ်ထူ
 ကမ္ဘာ့ပြည်သူ ငြိမ်းချမ်းစေသော။

တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ဘီအေ)



# သီတဂူထေရ်အရှင်သို့

အများအကျိုး၊ သာသနာကျိုးကို၊
ကိုယ်ကျိုးထက်သာ၊ စွမ်းဆောင်ပါသော၊
ဆရာသခင်၊ ထေရ်အရှင်ကို၊
ကျွန်လျှင်မြတ်နိုး၊ လက်စုံမိုး၍၊
ရှိခိုးပူဇော်ပါသည်တကား။ ။

မင်းယုဝေ

# စစ်ကိုင်းတောင်အာထက်နားက
# နှစ်ဆယ့်ငါးကို

## အမှတ်တရ

တောင်ထိပ်ကြာပေါက် အနောက်နေထွက်၊
ရောဂါဖက်က အသက်ပေးလှူ သီတဂူ။

| | | |
|---|---|---|
| တောင်ထိပ်ကြာပေါက် | = | ရေအလှူ |
| အနောက်နေထွက် | = | တောင်၏အနောက်ဘက်မှ တက္ကသိုလ် |
| အသက်ပေးလှူ | = | အာယုဒါနဆေးရုံ |
| သီတဂူ | = | အထက်ပါလုပ်ငန်းကြီးသုံးရပ်ကို ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော်သည့် သီတဂူဆရာတော်။ |

၂၅-၁၀-၉၈ နေ့ကိုအမှတ်တရ

ဓမ္မာစရိယ ဦးခင်မောင်

# ပဋိပက္ခော ယောနိသော

၁ မောင်တို့ဘုရား၊
သန့်စင်ဖွားသည်၊
တောများထွေထွေ၊
ပန်းနှင့်ဝေလည်း၊
ပင်ခြေ'အင်ကြင်း' 'ကြာပန်း'ခင်းသတဲ့။

၂ မောင်တို့ဘုရား၊
ဟောမြွက်ကြားသည်၊
တရားဓမ္မစက်၊
ထိန်ဝင်းပြက်လည်း၊
'လထွက်'နေဝင်' အလင်းဆင်သတဲ့။

၃ မောင်တို့ဘုရား၊
နိဗ္ဗာန်သွားသည်၊
တစ်ပါးတည်းသာ၊
မဟုတ်ပါခဲ့၊
များစွာသင်းပင်း၊
မချို့ယွင်းချေ၊
'မင်း'နှင့်'ပြည်သူ' အသွင်တူသတဲ့။ ။

ကိုရင်ဥေယျ
(သုမောင်)

# သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်ဘွဲ့
## တေးထပ်

ရှေ့ပုဗ္ဗာရောင်ခြည် ဥပြီမို့
မှောင်ရီထု မပြူ၊
အောင်ပြီဟု သည်ဇမ္ဗူဝယ်
“သီတဂူ” တင့်ဆန်း၊
သာသနာ့ ချက်ဗဟိုနယ်
တက္ကသိုလ် ငွါးစွင့်လို့လန်း။

ထေရဝါဒ ကမ္ဘာတခွင်မှာ
ထာဝစဉ် ရောင်ဝင်း၊
ကြာမတင် ပြောင်းလင်းဖို့
ဆောင်ကြဉ်းကြဆွေမှန်၊
ဉာဏိဿရ ဆရာမြတ်ရယ်က
ခါမလတ် လမ်းပြလေပြန်။

ဇေယျာမြို့ အောင်မြေမှန်သည်
ခေါင်ဖွေယံ တံခွန်ဆောက်သည်သို့
ဘုန်းတောက်သည့် ထေရ်အရှင်
ကြီးလှစွမ်းအင်၊
စည်းရုံးမှု ပီပြင်ပါသည်
မည်သညာ ထွန်းရစ်ဖို့လေး။ ။

ဦးတင်ဦး (မြောင်)

# သွေး

လှူတဲ့သူကလှူ
ယူတဲ့သူက ယူ၊
ဖေါက်တဲ့ သူကဖေါက်၊
ကြောက်တဲ့သူက ကြောက်။

တစ်ယောက်တစ်မျိုး၊
အုပ်စု အမျိုးမျိုးနဲ့ ရပ်တည်ကြ၊
သတ္တလောက စိတ်ရှုတ်စရာထင်ရ။

အေ-ဘီ-အို-အေဘီ၊
သုတေသီတို့ သွေးအုပ်စုထုတ်၊
ယုတ်-လတ်-မြတ်-မရွေး၊
အသက်ဆက်ပေး စိတ်ဘဝင်အေးစရာ။

သွေးနဲ့တည်ဆောက်၊
လူတစ်ယောက်ဘဝ၊
သွေးမရှိရင် ဒုက္ခ။

သွေးနဲ့အသက်ရှင်၊
လောကတစ်ခွင်၊
ကုသိုလ်ရှင်များ၊
စွန့်စွန့်စားစား။

လှူဒါန်းကြသမျှ၊
ဂိလာနဘဝ၊
ကျန်းမာစိုပြေ အသက်ရှည်၊
လူ့ပြည်ဌာနေ အဆင်ပြေ၊
ဂုဏ်ပြုကြစို့လေ။

မောင်စီတီး

# သီတဂူမော်ကွန်းတင်
# မင်္ဂလာသြဘာ ထောမနာ စာထောင့်
# လေးချိုးကြီး

(၁)

ပေါ်ထွန်းအစဉ် ကြည်ကြည် ဖြူဖြူ
သဒ္ဒါအခေါင်တကာ့၊ သဒ္ဒါအခေါင်ချင်းစေဖို့၊
မော်ကွန်းဝင် သီတဂူစာစောင်တကာ့ စာစောင်
အတွင်းမှာလ၊ အဆင်းတန်ဆာတွေနှင့်၊
ဝင်းကာ လင်းကာ သင်းကာ သတင်းဖြာ
စေမယ်ဟဲ့လို့၊ အစဉ်တစ်စိုက်ကွယ်၊ သြ-
သီချင်းကဗျာ အောင်ခြင်းမင်္ဂလာတွေကိုဖြင့်
တင်လိုက် ဆင်လိုက် ပြင်လိုက်မယ်။

**စကားပြေ –**

ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရက သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆရာတော့်မွေးနေ့ အထိမ်းအမှတ် "သီတဂူ မော်ကွန်းတင်စာစောင်ကြီး" မှာ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းများနဲ့ ပတ်သက်တဲ့ သာသနာပြုဆောင်းပါးများ၊ ရတု၊ တေးထပ်၊ ကဗျာလင်္ကာနဲ့ ဘာသာရေး ဆောင်းပါးတွေကို

ရေးသားချီးမြှင့် ပေးပို့ဖို့ "သီတဂူမော်ကွန်းတင် စာစောင်ဖြစ်မြောက်ရေးအဖွဲ့"က မေတ္တာ ရပ်ခံ ခဲ့တဲ့အတွက် ကိုယ့်ဉာဏ်က သေးသေးနုနု ကလေးဖြစ်လို့ မရဲမဝံ့ပေမင့် ဆရာတော်အား ညွတ်တွားကာ အဥ္စလိနဲ့တင်ချီကာ ကန်တော့ ပန်းဆင်လိုတာကြောင့် ဤ "သီတဂူမော်ကွန်း တင်" မင်္ဂလာသြဘာထောမနာ စာထောင့် လေးချိုးကြီးကို တင်ဆက်ရပါကြောင်း။

(၂)

ဩော် ..... ကမ္ဘာကျော်ကြားလှပါတဲ့၊ ဆရာတော်ဘုရားနှင့် ဒကာ ဒကာမ များရဲ့ ရေအလှူတော် သီတဂူကဖြင့်၊ မြေဇမ္ဗူပေါ်မှာ (ဘယ်သူနှင့်မျှ) ညီမတူနိုင်တဲ့ပြင်၊ သည်အဂူ အပိုင်၊ စစ်ကိုင်းဖေယျာချောင်ဖွေ၊ ရှစ်ရာခုနစ် ဆယ်စခန်းမှာဖြင့်၊ အပိုင်း ရွှေစာပြောင်သလေ၊ မေတ္တာသစ္စာ ချစ်စရာအလွန်ကွဲ့ လျှမ်းပါသမို့၊ အိုကွယ် ..... ကျမ်းစာအလို၊ ရေဇလာအလှူ အကျိုးပေးကိုမမေ့ကြပါနှင့်၊ မညှိုးမသွေ့တန်ခိုး ကြွေ့နှင့် ဖြိုးဖြိုးလွေ့လွေ့အပါးတစ်ဆယ်။ ။

**စကားပြေ**

စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ ချောင်ပေါင်း (၈၇၀) မှာ သီတင်းသုံးနေကြတဲ့ ရဟန်း သာ မဏေ သီလရှင် (၈၀၀၀)ကျော်တို့ကို နေ့တိုင်း

နေ့တိုင်း ရေဂါလံ (၅) သိန်းကျော် ပေးလှူနေပါတယ်။ အဲဒါက "သီတဂူရေအလှူတော်" ကြီးဖြစ်ပါတယ်။ "ကိတ္တိ၊ သုခ္ခေါ၊ ခြွေရံပေါ၊ လျင်သော မွတ်သိပ်ကွာ။ သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလ, ဉာဏ်ပညာ။ ရေကိုလှူကြ၊ ကျိုးဆယ်ဝ၊ မုချရမည်သာ" ဆိုတဲ့အတိုင်း ရေလှူတဲ့ပုဂ္ဂိုလ်များဟာ ဆုမတောင်းဘဲ ရေလှူရအကျိုး (၁၀)ပါးကို ရကြတယ် မဟုတ်ပါလား။

(၃)

သာဓုပါဘုရား၊ သာဓုပါဘုရား။ အာယုဒါန၊ အာယုဒါနရယ်လို့ မပျက်ကျူမွေး၊ ရတက် အပူတွေ အေးစေဖို့၊ အသက်အလှူ ပေးနေတာကဖြင့်၊ ဘေးအကုန် ဝေးစေမယ့် ဆေးရုံ ပဂေးကြီး။ ဟော့ဒီ "အာယုဒါန ဆေးရုံကြီး" ပဲပေါ့။ အဲ အဲ ဘေးအကုန်ဝေးစေမယ့်၊ ဆေးရုံပဂေးကြီးက၊ ဆေးအလှူတွေနဲ့ ရောဂါကင်းရာယ်ကိုဖယ်၊ သော ဘဂဝါ အရဟံ သရဏ္ဍာယ်သံတွေနဲ့ တောင်ခြေ၊ အောင်မြေ သာလှတဲ့ အကျွန်တို့ရဲ့ မြို့စစ်ကိုင်း၊ တောယံ အလယ်၊ ချောင်တွေမြောင်တွေကဖြင့် အလို့လို့ မခို့တရီ့ရဲ့ ညို့ညို့မှိုင်း။

စကားပြေ

အခုအခါမှာ "အာယုဒါနဆေးရုံတော်ကြီး" တည်ဆောက်ထားပြီး ဆရာဝန် သူနာပြု ဝန်ထမ်းပေါင်း (၇၀) ကျော်နဲ့ နေ့စဉ်နေ့တိုင်း အတွင်းလူနာ (၆၀) ကျော်၊ အပြင်လူနာ (၂၅၀) ကျော်တို့ကို ခေတ်မီဆေးဝါး ကုသမှု ကိရိယာများနဲ့ ဆေးကုသပေး နေပါတယ်။ အခုလို "အာယုဒါနဆေးအလှူတော်ကြီး" ပေးနေပါတယ်။

(၄)

မှောင်မြူငယ်ခြွေ၊ အခေါင်တစ်ဆူ ပရမေ၊ ဘုရားသာသနာ သန့်သန့်ကိုလှ၊ တရားမွှော ပြန့်အောင်လို့ ဖြန့်ဝေ၊ ခံ့စေ နှံ့စေရမှာကတော့၊ တို့ရဲ့ "ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်" နဲ့ "ဗုဒ္ဓဝိဟာရ" ပေ၊ (သို့မို့ကြောင့်) ဒုက္ခရှိစရာအဟုတ်ပ၊ အတိဗလဝါ အညစ် အကျိတွေပါတဲ့၊ မစ္ဆရိယာ ဆိုတဲ့ မကြည်ဖြူစရာ မြူတွေ မလွှမ်းမဆိုင်း ရအောင်ပ၊ ဒီမလေ .....သဒ္ဒါကြည်လင် ပါရမီရှင်တို့ရေ ..... မုချအသိပါပါနှင့်၊ အနှစ်ရှိစွာ သီတဂူ အလှူအတန်းတွေကိုဝိုင်း။

စကားပြေ

မှန်ပါတယ်၊ လှူတော့မယ်ဆိုရင် အဖျက်အဆီးတွေကပေါ်လာတတ်ပါတယ်။ ဒါကြောင့်

အသိကပ်ဆင်ခြင်ပြီး အဖျက်က အနိုင်မယူ စေဘဲ အမြန်ဆုံး လူဖြစ်အောင် လူကြဖို့ တိုက်တွန်းပါရစေ။ တကမ္ဘာလုံးကို ထေရဝါဒ ဗုဒ္ဓသာသနာတော်ဖြန့်ဖို့ "ဗုဒ္ဓတက္ကသိုလ်ကြီး" တည်ဆောက်နေတာ မကြာမီ ပြီးစီး ဖွင့်လှစ် တော့မှာ ဖြစ်ပါတယ်။ နောက်ပြီး အမေရိကန် တက္ကဆက်ပြည်နယ် အော်စတင်မြို့မှာ "သီတဂူဗုဒ္ဓဝိဟာရ" တည်ဆောက် နေပါတယ်။ ဒီလို ဒါနအမှုမျိုးကိုပြုဖို့ ကြုံတောင့်ကြုံခဲမို့ သဒ္ဓါကြည်လင် ပါရမီရှင်များပီပီ ပါရမီ ဒါန အရာမှာ အမြတ်ဆုံးပဏီတစေတနာ ပန်းတွေ နဲ့ ငွားငွား စွင့်စွင့်ကြီး လန်းပွင့်နိုင်ကြပါစေ သော်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ကထိကဒေါ်မြင့်သန်း

# စန်းမြသီတဂူ ဇမ္ဗူနယ်စုံလင် မဟာလေးချိုးကြီး

(၁) တောင်ဇမ္ဗူနယ် စစ်ကိုင်းဇေယျာဦးမှာလှ
မြောင်အငူဝယ် ဝံတိုင်းသေလာထူးတွေနဲ့
ကသိုဏ်းရေမှာ မြူးစရာမို့
အဖူးထွတ်တမျှ ပဏ္ဏာသဖွယ်လေ၊
အိုကွယ် .....လှိုင်းရောလူးပါတဲ့
တိုင်းရွှေညာမှူးပေပ၊ ဦးညွတ်မဝ သာသနာ့နယ်မြေ။

(၂) ဩော် ..... နှစ်ပေါင်းရာထောင် အတွင်းမှာဖြင့်
အသစ်လောင်းကာ ခါတန်ဆောင်လင်းသည့် ငွေစန္ဒာသို့
ရွှေမြန်မာ ကမ္ဘာ့အလယ်တွင်ဝင့်ပုံက
ဝေဿန္တရာ ဒါနနယ်ပယ်ခွင် တင့်သလိုပ
'သဒ္ဓမ္မသီတဂူ'ဟာ မြတ်ဘဂဝါ့ဉာဏ်ဇမ္ဗူမှာ တစ်ဂုဏ်ထူးလှချည့်
ကြဲဖူးသူတွေ မော်ကြ ကြွားကြပေရော့
ကျော်လှကြားလှချေပေါ့ လောကဓာတ်ဘုံဗွေ၊
အမယ်မင်း .....
အဟော်ဝတ မျှားကဝေတို့မှာတော့ ပြောစမှတ်မကုန်ပေ။

(၃) တောင်ထိပ်မှာ ရွှေကြာပေါက်လှမျှ
ဆောင်ရိပ်သာ ဟေမဝါတစ်ထောက်မှာလ
စေတနာအလျောက် ရေအလှူထိုထိုနဲ့
နေ့အဆူဆူလို 'ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်' ငဲ့ပြင်
'အာယုဒါနကုသိုလ်'အတွက် အမျှယူကြလို့ မငြီးပါဘူး

ဓမ္မဒူတခရီးမှာ 'သီတဂူဗုဒ္ဓဝိဟာရ'ရယ်နဲ့
ဒုက္ခအတိ သဘာဝမှာ မနစ်မွန်းစေဖို့
တစ်ခေတ်ရှန်းဝေမည့် ထေရဝါဒသနာရောင်ဖြင့်
နေလပမာ ဆောင်ကာပ အမေရိကဒ္ဓီတည်ပေ
ရွှေကပိလ မဟီမြေနဲ့ ညီစွာသည်မှာထွန်း၊
သြော် .....အမြဲကြည့်ကြလျှင်ဖြင့်
ခေမိတကိုတဲ့ ကြည်သဒ္ဓါ ရည်ကာညွှန်း။

(၄) သဲကုန်းဆရာတော်
ခွဲလုံ့လ သမ္မာမော်နဲ့
ပါရမီတော်ရင့်သန်တဲ့ အင်အားတစ်ဖြာကြောင့်
အထင်အရှားပါ
နိုင်ငံတော်က 'မဟာဓမ္မကထိကဗဟုဇနဟိတဓရ'
'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ'နဲ့
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့အစုံစုံ ချီးပါပေ၊
တကယ့် ဂုဏ်ကြီးသူမှာ၊ သီလ ပညာ သမာဓိရယ်နဲ့
ကမ္ဘာသိဖွယ်'ထေရဝါဒဓမ္မအသင်း'ကို တစ်လီထူထောင်လို့
သီတဂူချောင် 'တက္ကသီလာ'ကျောင်းမှာလည်း
သက္ကတ, ဟိန္ဒီဘာသာပေါင်းကာ
ဝိဇ္ဇာ၊ မဟာဝိဇ္ဇာ၊ ပါရဂူ အထိရည်ရွယ်တော့
သည်နယ်ဟာ ရဟန်း၊ သာမဏေတို့
ဘူမိနက်သန်မို့
ထူးသည့်ကနက္ကဒဏ် စခန်းသာဒေသာင်မြေက
လမ်းအမတ သောင်ခြေကို ယွန်းနိုင်ကြစေဖို့
ကျမ်းဓမ္မဆိုတဲ့ ခေါင်မဟောတို့နဲ့ မွန်းကာပ
သြော် .....ပန်းနံ့သာ ညောင်ရေကိုသွန်း။

မင်းလဲ့ရီ

ဂုဏာဘိဏ္ဍဝ ဂုဏပူဇာ–ထုတိဝေဒလ္လကထာ

# ဂါထာတော်များ

ဝနသဏ္ဍော မဟာရုက္ခော၊
သကုဏာနံဝ နိဿယော။
သိဿာနံ သော မဟာထေရော၊
အဂ္ဂပ္ပတ္တော ဓဇူပမော။

ဝနသဏ္ဍော – လှပရှုခင်း ခြံရံခြင်းနှင့် လွန်မင်းတင့်တယ် တောအုပ်ကြီးအလယ်၌၊ မဟာရုက္ခော – လုံးပတ်ပင်စည် ခက်လက်ညီသည့် ခန့်တည်ခိုင်ဖြိုး သစ်ပင်ကြီးသည်၊ သကုဏာနံ – ဝေဟင်စခမ်း ကောင်းကင်လမ်းမှ ပျံသန်းသွားလာ ငှက်များစွာတို့၏၊ နိဿယောဣဝ – နားနေအိပ်စက် သိုက်မြုယှက်၍ နှစ်သက်ညီညာ မှီခိုရာဖြစ်သကဲ့သို့၊ (ဇေတထာ = ပမာဆိုမှုထို့အတူသာလျှင်) အဂ္ဂပ္ပတ္တော – ဓမ္မကထာ ဒေသနာကို ဟောကာချီးမြှောက် အထက်တန်းသို့ ရောက်တော်မူပြီးသော၊ ဓဇူပမော – ပွဲတိုင်းမရှောင် နွှဲတိုင်းအောင်သည့် အခေါင်မြင့်ကြွယ် တံခွန် (အလံ) သဖွယ်လည်းဖြစ်တော်မူသော၊ သော မဟာထေရော – သီတဂူစံပြ ဟန်ကျဘက်စုံ ဂုဏ်ပေါင်းခြုံသည့် ပြည့်စုံခိုင်ပြီး ထိုကျေးဇူးရှင် (ကမ္ဘာ့သာသနာပြု) ဆရာတော်ဘုရားကြီးသည်လည်း၊ သိဿာနံ – ဝေးနီးများစွာ ရှိကြပါသော ကမ္ဘာ့သူကမ္ဘာ့သား တပည့် ဒါယကာ ဒါယိကာမအများတို့၏။ နိဿယော –

ကြားနာမှတ်သား နည်းခံပွားဘို့ ထင်ရှားမသွေ မှိုခိုရာကြီး ဖြစ်ပါပေတော့သတည်း။

အသလ္လီနေန စိတ္တေန၊
မဟုဿာဟေန သာဓုကံ။
သဗ္ဗာနိ ကရဏီယာနိ၊
အကာသိ သော သုပေသလော။

သုပေသလော – ကောက်ကျစ်ပါယ်ရှား ဉာဏ်ရှေ့သွား၍ စိတ်ထားမြင့်မြတ် ချစ်အပ်သော သီလရှိတော်မူသော၊ သော (မဟာထေရော) – သာသနာတွက် အသက်ကိုလှူ ကြည်ဖြူမငြီး၊ ထို ကျေးဇူးရှင် သီတဂူဆရာတော်ဘုရားကြီးသည်၊ အသလ္လီနေန စိတ္တေန – တွန့်ဆုတ်မရှိ ပကတိမြင့်ကြွယ် တင့်တယ်မြင့်မား ပင်ကိုယ်စိတ်ထားဖြင့် လည်းကောင်း။ မဟုဿာဟေန – နေ့ညမှန်မှန် သတိဉာဏ်ဖြင့် ဝေဘန်သုံးချ ကြီးစွာသော ဇွဲလုံ့လဖြင့်လည်းကောင်း။ သာဓုကံ – နောက်နှောင်းရှင်လူ ကုသိုလ်ယူဘို့ ကြည်ဖြူမေတ္တာ ကောင်းမွန်စွာ၊ သဗ္ဗာနိ ကရဏီယာနိ – အမျိုးဘာသာ သာသနာအတွက် လွန်စွာတိုးပွား အကျိုးများသည့် ကြီးမား ခန့်ထည် (ဥဒကဒါန – ရေအလှူတော်။ အာယုဒါန – အသက်ဆေးရုံအလှူတော်၊ ပညာဒါန – ကမ္ဘာ့သာသနာပြု ထေရဝါဒဗုဒ္ဓဂက္ကသိုလ် တည်ထောင်ခြင်းအလှူ တော်စသော) ပြုဘွယ် ကိစ္စဟူသမျှတို့ကို၊ အကာသိ – ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ရက်ဆက်ရှည်ကြာ ပြုလုပ်ဆောင် ရွက်တော် မူခဲ့ပါပေသတည်း။

ဒီဃာယုကော မဟာစေရော၊
သုခိတော ဟောတု သဗ္ဗဒါ။
နုပဒ္ဒဝေါ ဗလူပေတော၊
သဒ္ဓမ္မကိစ္စကာရ ကော။

မဟာစေရော – အဂ္ဂမဟာပဏ္ဍိတ, ဗဟုဇန ဟိတဓရ မဟာဓမ္မကထိက, ဓမ္မာစရိယ, နာမ တံဆိပ် ခပ်နိပ်ထင်ပေါ် ကျေးဇူးတော်ရှင် ကမ္ဘာ့ သာသနပြု သီတဂူဆရာတော်ဘုရားကြီးသည်။ သဗ္ဗဒါ – နေ့ရောညဉ့်ပါ ဘယ်ခါမတိမ်း အခါ ခပ်သိမ်း၊ ဒီဃာယုကော – အမျိုးဘာသာ သာသနာအတွက် ရှည်သော အသက်ရှိသည် လည်းကောင်း၊ သုခိတော – ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ၍ ကျန်းမာပြည့်တင်း ချမ်းသာခြင်း ရှိသည်လည်းကောင်း၊ နုပဒ္ဒဝေါ – သတိယှဉ် အပ် အရပ်ရပ်၌ ဥပါဒ်အန္တရာယ် ငြိတွယ်ခြင်း မရှိသည်လည်းကောင်း၊ ဗလူပေတော – ကာယ ဉာဏ ဓမ္မဖုံဖုံ ကုံလုံမြင့်သည့် အားအစွမ်းနှင့် ပြည့်စုံခြင်းရှိသည်လည်းကောင်း၊ သဒ္ဓမ္မကိစ္စ ကာရကော – သဒ္ဓမ္မသုံးဖြာ သာသနာ၏ များစွာ ကိစ္စ မှုချပိုင်ပိုင် ပြုစွမ်းနိုင်သော ပုဂ္ဂိုလ်သည် လည်းကောင်း။ ဟောတု – ရှည်ကံအလျောက် ဘုန်းကံတောက်၍ ဝမ်းမြောက်ကြည်ဖြူ ဖြစ် တော်မူပါစေသတည်း။

ဦးတင်ထွန်း (ဓမ္မာစရိယ)
အမရပူရမြို့

# စွမ်းအားရှင်

၁။ တစ်သုံးလုံးရှစ် .... သက္ကရာဇ်မှာလျှင်၊
စစ်ကိုင်းတောင်ရိုး .... မြူခိုးရီပြာလွှင်၊
သီတဂူထေရ်ရှင် .... ခိုဝင်ကြွလှမ်း၊
သဒ္ဓမ္မသီတဂူ .... နာမည်ယူ၊
ရှင်လူအများ .... မြေ့ချမ်းသည်နှင့်လေး။

၂။ ဆွမ်းဆန်လှူဒါန်း .... မည်ဆန်းခေါ်စဖွယ်၊
မလွန်အသင်း .... မည်ရင်းထိုတွက်ကယ်၊
မြန်ပြည်ရပ်နယ် .... ကူးလှယ်လူးလာ၊
ဓမ္မဒေသနာ .... ဒေသစာ၊
ကြွကာလီလီ .... သွားရသည်နှင့်လေး။

၃။ ချောင်တွေအများ .... ရှိငြားသူတော်စင်၊
ရေတွက်ကြောင့်ကျ .... မဲ့လှပါစေချင်၊
ဆရာထေရ်ရှင် .... စိတ်တွင်မျှော်မှန်း၊
သီတဂူမည်သော် .... ရေလှူတော်၊
တွေးခေါ်ကြံစည် .... လှူဒါန်းသည်နှင့်လေး။

၄။ သီတဂူနန်း .... စခန်းလှချောင်ဖွေချာ၊
ဒါနအာယု .... ညွှန်းပြုရည်မျှော်ကာ၊
အများတွက်တာ .... ကျန်းမာစေရေး၊
တည်ဆောက်ဆေးရုံ .... ဆေးမျိုးစုံ၊
ပြည့်စုံဖွေရှာ .... ပေးထားသည်နှင့်လေး။

၅။ တောင်ရိုးနံဘေး ....မြူမှေးမှုန်ရီခို၊
ကမ္ဘာ့ဗုဒ္ဓ ....ကျောင်းမြတ်တက္ကသိုလ်၊
သာသနာကို ....ကြည်ညိုလွန်စွ၊
ငါးထောင်သာသနာ ....ရှည်အောင်သာ၊
ညွှန်းကာနည်းထုံး ....ပြုရသည်နှင့်လေး။

၆။ သီတဂူမည်ရ ....မြတ်လှထေရ်ဆရာ၊
ဗုဒ္ဓဟောပြ ....ထိုဓမ္မကိုသာ၊
လုံ့လပြုကာ ....မြို့ရွာအနှံ့၊
လှမ်းဒေသစာ ....ကြွချီကာ၊
လှူးလာစုန်ဆန် ....ဖြန့်သည်နှင့်လေး။

၇။ ကမ္ဘာအနှံ့ ....ပြန့်ရစေပါမည်၊
ထေရဝါဒ ....ဗုဒ္ဓဘာသာသည်၊
နေမင်းရောင်ခြည် ....ပုံတည်တန့်း၊
နိုင်ငံညွှန်းဖော် ....လေးဆယ်ကျော်၊
ကြွသော်အခါခါ ....မှုန်းရသည်နှင့်လေး။

၈။ မိုးယံထစ်ချွန်း ....ခြိမ့်အုန်းဝေဝေစည်၊
နက်သန်ဘူမိ ....အမေရိကန်ပြည်၊
အော်စတင်မြို့ဆီ ....ထေရ်ဝါဒီအသင်း၊
စတင်ထူထောင် ....ခွန့်ရှည်အောင်၊
ငါးထောင်သာသနာ ....ချဉ်းရအောင်မို့လေး။

၉။ နှစ်ဆယ်နှစ်တွင်း ....ချောင်မင်းသိတဂူ
လှံ့လကြိုးကုတ် ....အားထုတ်ဖွဲ့မာန်ကူ
ရဟန်းရှင်လူ ....ညီတူလက်တွဲ
ရွှန်းကာ ပကာ ....လစန္ဒာ
ပမာရောင်ဖြာ .... ကဲသည့်နှင့်လေး။

နောင်မြဲခါစဉ် .... စွမ်းအားရှင်၊
ခုနှင်ကြိုးစား .... သန်ဦးမည်။
အောင်ပွဲသာထင် .... မှန်းထားချင်၊
ပြုလျှင်တိုးပွား .... မှန်ဦးမည်။

မြိုင်နန်းဆွေ
မြိုင်ကြီးငူအထူးဒေသ

# သီတဂူရေအလှူတော်ဘွဲ့
# တေးထပ်

မြဇရာ ခွေကာသန်း
ဖေယျာလမ်းတခို၊
သေလာနန်းတောင် ထိုထိုမှာ
မြှောင်လျှိုလျှိုယှက်သန်း
သူတော်မြတ် ကိုယ်တည်းပျော်သည်
ခိုမှီးနော် တောရစခန်း။
ဆိတ်ငြိမ်မှု ပြေလည်ပါသည်
ရေမလွယ်ပင်ပန်း၊
တောင်ခြေဝယ် မြစ်ကမ်းမှ
မြင့်လှမ်းသည့်သေလာ၊
ရေဇလာသွယ်ဖြာတန်းရန်မို့
ဖန်ဆန်းဖို့ ကြိုးလှဝန်တာ။
သီတဂူ ထေရ်မဟာမှာ
စေတနာပြည့်လျှမ်းလို့
ရည်မှန်းချက် မြင့်လှဖြူစွာ၊
သင့်စွဗျူဟာ။
ရေစင်သန့် တောင်စဉ်ဖြာပြီ၊
နှောင်စဉ်လာ ချီးအံ့ဖို့လေး။

ဦးတင်ဦး (မြှောင်)

# အနော်ရထာ၏ မြတ်ရေစင်

၏ ရှင်သုမန တန်ခိုးပြလျှင်
နာဂရာဇ ပန္နဂသည်
ဒေါသမာန်ပြင်း သူ့ပါးပျဉ်းနှင့်
ရစ်သွင်းခွေပတ် အနော်ရထာ၏
မြတ်ရေစင်ကို ပိတ်ဆီးသိုလည်း
လိုသည့်ရေစင် ခပ်ယူငင်၍
အရှင်အကျိုး ရွက်ဆောင်ပိုးသော်
လေထိုးလေခု ရောဂါမှုမှ
အနုရုဒ္ဓါ ထေရ်မဟာသည်
ချမ်းသာသုခ ရခဲ့ပြီ။

၏ မြတ်ရှင်ဗုဒ္ဓ ဂေါတမလည်း
အနော်ရထာရေ ဆောင်ခဲ့ချေသော်
ခြေဆေးသုတ်သင် ပြုပါချင်'သတဲ့
အရှင်အာနန္ဒာ ခိုင်းစေပါ၍
သာမဏေလှ သုမနသည်
နာဂသေနင်း နဂါးမင်း၏
အိုင်မင်းမွန်မြတ် အနော်ရထာမှ
ခပ်ယူသယ်ပိုး ရွှေရေအိုးနှင့်
အကျိုးထင်ထင် ဘုရားရှင်ကို
ရေစင်ဆက်ကပ်ခဲ့ဖူးပြီ။

၏ ဩော် ..... အနော်ရထာ၏
မြတ်သောရေစင် ဗုဒ္ဓဝင်၌

သို့လျှင်အကျိုး မော်ကွန်းထိုးခဲ့
တောင်ရိုးစစ်ကိုင်း ကျောင်းရိပ်ဝိုင်းနှင့်
ချောင်တိုင်းမဟူ သီတဂူ၏
အလှူဒါန ရေစင်မြကို
သောက်ရသုံးရ ချမ်းသာကြသော်
အနောတတ်အိုင် ပန်းကြာမြိုင်မှ
လှိုင်လှိုင်စီးကာ သွယ်ကျလာသော
သီတာမြသား တူဘီလားသို့
တရားရွှေမြေ ဗုဒ္ဓမြေ၌
ရေစင်ရေမို ရေသွန် ဖြိုးအောင်
အားကြို့မာန်ဆင် ဦးဆောင်ထွင်သည့်
အရှင်ဉာဏိဿရ ထေရ်ဆရာ့၏
မြတ်လှကျေးဇူး အထူးထူးအား
ညွတ်နူ ရိုကျိုး ကျွန်ရှိခိုးခိုက်
တောင်ရိုကောင်းကင် အာရုံမြင်သည်
ရှင်သုမန ပုံရိပ်လို .....
သဒ္ဒါထူ၍ ဖူးကြည်ညို .....
နှဟ်လှူအများ သာဓုဆို .....
(ဓမ္မပဒ၊ ဘိက္ခုဝဂ်၊ သုမနသာမဏေဝတ္ထု)

မောင်ဟေမာ

# သီတဂူဗေဟ်ကွန်း

ရှည်အကြာ၊ သည့်ကမ္ဘာ၊ တည်စရာအမှုပ၊
ဒီဃာယုက၊ ရှေးဦးရှယ်။
ပထဝီမဟာအထုမှ၊ ကျေးဇူးကြွယ်မည်၊
ပဂေးအထူးတစ်သွယ်ကောင်းမှုများ၊
ညီတူအမှု၊ ကြည်ဖြူသပ၊ သီတဂူက ဦးစီးကာငယ်၊
ထူးချီးဝဏ္ဏနာ၊ အံ့အဲဖွယ်ပတကား။ ။

ထာဝရကုသလ၊ ပမာဏရှုဆ၊
သာကေပြုစရာ၊ အတုလဆိုဖွယ်၊
ပြုသမျှထိုထို၊ တွက်ရေပွား။
ပုညဝိသေ၊ ကျက်သရေပွားဘိ၊
တက်နေအလား ဂုဏ်းပေါင်းလျှံ၊
အများဝေနေ၊ ခြွေရွှေများတို့၊
မသွေရှုပွား၊ ကုသလကျေးဇူးခံ။ ။

သာသနာနုဂ္ဂဟ၊ သဒ္ဓါပဟုတ်စွ၊
မဟာဥတ္တမ၊ နည်းမှီးကြံတယ်၊
အသီးသီးနိုင်ငံ၊ သာသနာဖြန့်ဖို့၊
ကမ္ဘာအဝှန့်ရည်စူး အကျိုးပြုစရာ၊
တည်ဦးအနဂ္ဃ ဝိဟာ၊
(မည်ထူးတက္ကသိလာ၊ ကြည်နူးအနုမောဒနာ။)

သီတဂူမော်ကွန်း၊ ကြည်ဖြူပေါ်ညွန်း၊
သည်ဇမ္ဗူကျော်လွှမ်း၊ တစ်သက်မမေ့သာအောင်၊
ဆက်၍ရှည်ကြာ ပဏ္ဏိဓိတည်ဖို့ရေ၊
သတ္တဝါများစု၊ ဖရဏာပွားမှု၊ အခါခါပွာ ရှု၊
မခြားယခုအခါဝယ်၊
စကားအနုဝါစာ ပီတိကြည်စို့လေ ။ ။

လှသမိန်

# ဗုဒ္ဓသာသနာ့တံခွန်

'ကရုဏာ သီတလ ဟဒယံ၊
ပညာ ပဇ္ဇောတ ဝိဟတ မောဟ တမံ။
သ နရာ မရ လောကဂရုံ၊
ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
ဧတေနသစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာရဝေါ။'

အကျော်အမော်ထင်ရှား၊
ဆရာတော်ဘုရား၏ ဘုရားရှိခိုး၊
တစ်မိုးလုံးညံ့ အသံကြည်မြ၊
နားပန်ရမြဲ တရားပွဲ မစမိ။

ကြိမ်ဖန်များစွာ ကြားနာရဖူး၊
တရားထူးမြတ် မှတ်သားဘွယ်ရာ၊
သာသနာအကျိုး တန်ဘိုးအနန္တ၊
သဒ္ဓမ္မသီတဂူ မြတ်တစ်ဆူ။

ပါရမီရင့်ကျက် အဘက်ဘက်စုံ၊
ပညာဂုဏ်တင့် စွမ်းရည်မြင့်မား၊
အားထုတ်မှု ကြိုးပမ်းမှု၊
သာသနာပြုမှု ချမ်းသာမှုမျိုး၊
အကျိုးထူးရာ မြန်မာပြည်မက၊
ကမ္ဘာကသိ ကျော်နံ့ရှိနေ။

ကမ္ဗည်းရွှေစာ ထုဆစ်ရာ၏၊
လမင်းအတူ သီတဂူဟု၊
ဖွေးဖြူအေးမြ ရှင်ဉာဏိဿရ၏၊
သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်၊
ကြာငုံလက်နှိပ် ဦးထိပ်ဆယ်ဖြာ၊
ပူဇော်ပါ၏။

နွယ် (စစ်တွေ)

# ပေးတဲ့ဆုနဲ့ ပြည့်ပါစေ

ယခုပြုရ၊ မြတ်ဒါနသည်၊
ဉာဏအသိ၊ မဂ်ဖိုလ်ထိအောင်
“ဗောဓိဉာဏ်ကို ရပါစေ”

ဗုဒ္ဓတက္ကသိုလ်၊ ဗဟိုဓိပတိ၊
မြတ်သည့်ဆရာ၊ ခွန်းမိန့်လွှာကို၊
ကြားကာပီတိ၊ ဝမ်းမြောက်မိခဲ့။

ထူးဘိညချမ်း၊ ဘုရားခန်းတွင်၊
လှူဒါန်းစီဝရ၊ ဦးနှိမ်ချလျက်၊
ဒုက္ခငြိမ်းရာ နိဗ္ဗာန်သာကို၊
စိတ်မှာညွတ်နူး၊ မှန်းရည်ရူးစဉ်၊
အထူးထက်သန်၊ ဗောဓိဉာဏ်ကို၊
ရရန်ခက်ဘိ၊ ထိုအသိဒ္ဓ၊
‘ဗောဓိ’အဖွင့်၊ အဆင့်ဆင့်တည့်၊
ထူးမြင့်ကာလ၊ လူ့ဘဝတွင်၊
လှလှကြိုးပမ်း၊ အထက်တန်းသို့၊
တက်လှမ်းရောက်အောင်၊ ကျင့်ဆောင်စေလို၊
သဒ္ဓါပိုလျက်၊ ကိုယ်နှုတ်နှလုံး၊
ပိုက်ကျုံးဆောက်တည်၊ ခိုင်ကျည်မိမိ၊
‘သမာဓိ’နှင့်၊ ကျင့်ဘိတရား၊
ပွားဘိ ‘ပညာ’၊ ပါရမီဆင့်ဆင့်၊
ဖြည့်ကျင့်ထပ်လောင်း၊ ‘သတိ’ဆောင်းကာ၊

ကြိုးပမ်းပါဟု မိန့်လှာသည့်နယ်၊
အဓိပ္ပါယ်ကို၊ ရည်ရွယ်ခဲ့ကြောင်း သိပါသည်။

မြတ်သည့်ဆရာ၊ မှာသည့်စကား၊
ပတ္တမြားငမောက်၊ လက်ဝယ်ရောက်သို့၊
ထွန်းတောက်ပါစေ၊ တောင်းဆုချွေသည်၊
'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'။

ကေရီ



# ဖြာရိပ် မြလွင် အလှဆင်သည်

ဗျာဒိတ်ရလျှင်၊ လောင်းမြတ်ရှင်သည်
ဒီပင်္ကရာ၊ မည်တွင်ပါသည့်
မြတ်စွာဘုန်းဟော့၊ ထံတော်ရှေ့ဝယ်၊
ရသေ့သုမေဓာ၊ ဘဝမှာပင်
ငါသည်မုချ၊ သုံးလောကကို
လမ်းညွှန်သင်ပြ၊ ဆိုဆုံးမမည့်
ဗုဒ္ဓကေန်၊ ဖြစ်လိမ့်မှန်ပြီ
ကျင့်ကြံမူလ၊ ထိုတွင်စ၍
ဘဝတဏှာ၊ ကိလေသာကို
ပယ်ခွာခြွေချွတ်၊ ခန္ဓာဝဋ်မှ
လွတ်ငြိမ်းစေရေး၊ ကြိုးရှာသေးခဲ့
လေးသင်္ချေသာ၊ မကပါသည်
ကမ္ဘာတစ်သိန်း၊ ကျင့်ကြံငြိမ်းလျက်
ဖြည့်သိမ်းပါရမီ၊ ကာလရှည်သည်
ငါသည်ဗုဒ္ဓ၊ ခွန်းနှုတ်ဟဖို့
ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာဝယ်
ကျင့်ရှာပေခဲ့၊ အနှိုင်းမဲ့သား
အို–ဘယ့်လောက၊ သုံးဌာနဝယ်
ဗုဒ္ဓအောင်လံ၊ ဝံလွင့်ပျံသော်
မိုးယံတုန်ဟည်း၊ သိမ့်သိမ့်ကြည်းမျှ
ကောင်းချီးနုမော်၊ သာဓုခေါ်သည်
ဂုဏ်တော်အနန္တ၊ မြတ်ဗုဒ္ဓအား
တုတ်ကွရိုသေ၊ ဦးနှိမ်ခြွေလျက်
ရွှေနှုတ်အမှန်၊ ခြွေထုတ်ညံသည်
ဗုဒ္ဓံ ပူဇေမိပါဘုရား။

ဉာဏ်ီသရအရှင်၊ နာမတွင်သည်
မြတ်ရှင်ဗုဒ္ဓ၊ ခွန်းနှုတ်ဟသည်
ဓမ္မစကား၊ မြတ်တရားကို
မှတ်သားလိုက်နာ၊ ဦးခိုက်ကာလျှင်
ဒါန သီလ၊ ဘာဝနာစသား
ဘဝလွတ်လမ်း၊ နိဗ္ဗာန်နန်းကို
တက်လှမ်းစိမ့်ငှါ၊ အားထုတ်ရာသည်
သာသနာပွင့်ပန်း၊ ကမ္ဘာတဝှမ်း၌
ပွင့်လန်းကုန်အံ့၊ ဂုဏ်ရနံ့နှင့်
ထုံပျံ့စေရည်၊ အရှည်တည်အောင်
ကြွချီခါခါ၊ သာသနာကို
ပြုရာသည်ကား၊ မြတ်ဘုရား၏
သားချစ်အမွန်၊ ဖြစ်ကြောင်းညွှန်သည်
သုတ္တန်နိပါတ်၊ အထပ်ထပ်နှင့်
ဇာတ် ဇာတက၊ အဝဝကို
ဖော်ပြညွှန်းထုတ်၊ ခွန်းရွှေနှုတ်မှ
ဗုဒ္ဓစကား၊ မြတ်တရားဟု
မှတ်သားရသူ၊ များဗိုလ်လူတို့
ကြည်ဖြူနှစ်ခြိုက်၊ အလင်းဆိုက်၏
အမိုက်ကိုပြင်၊ လိမ္မာယဉ်၏
အမြင်ညစ်ထေး၊ နှင်ပစ်ဝေးတည့်
ကျေးဇူးတော်အစုံ၊ အံ့မကုန်သည်
ဂုဏ်တော်အနန္တ၊ မြတ်ဗုဒ္ဓ၏
ဓမ္မအသံ ခြိမ့်ခြိမ့်ညံသည်
ဓမ္မံ ပူဇေမိပါဘုရား။

ပြာရိပ်မြလွှင်၊ အလှဆင်သည်
ညတွင်သီတဂူ၊ ဤဇမ္ဗူကို
ကြည်ဖြူပိုက်ပွေ့၊ လင်းရောင်ဖြည့်သို့
ချမ်းမြေ့စွသည်၊ လှပန်းချီပင်
မြရည်မှောင်မှိုင်း၊ တောင်စစ်ကိုင်း၌
ချောင်တိုင်းပြည့်သိပ်၊ သီတာရိပ်ကြောင့်
တောင်ထိပ်ကြာပေါက်၊ ဆိုနိုင်လောက်အောင်
ကြိုင်လှောက်ပွင့်ပန်း၊ ရောင်စုံလန်း၏
မကျန်းမမာ၊ ရှိတုံပါလည်း
ဂိလာနအား၊ ကောင်းစွာထား၍
ဆေးဝါးပြည့်စုံ၊ ပြုစုကုန်သည်
ဆေးရုံတည်ဆောက်၊ ဒါနမြောက်သား
ထွန်းတောက်နေလ၊ ဤဒေသ၌
ဗုဒ္ဓတက္ကသိုလ်၊ ကျောင်းကြီးကိုလျှင်
ကြည်ညိုစိတ်တွင်၊ ဖူးတွေ့မြင်သော်
ရှင်ဉာဏီသရ၊ ဘွဲ့မည်ရသည့်
လဝန်းရည်တူ၊ သီတဂူ၏
ကြည်ဖြူကောင်းမှု၊ အစုစုကား
သုံးလူ့သေဌ်နှင်း၊ တရားမင်းကို
ဝပ်စင်းကော်ရော်၊ ရှိခိုးမြော်ကာ
ပူဇော်ခြင်းကြီး၊ ပူဇော်နည်းဟု
ကောင်းချီးနမော်၊ သာဓုခေါ်အောင်
ရည်မျှော်အမတ၊ နိဗ္ဗာနသို့
လျှောက်ကြအမြန်၊ လမ်းပြမှန်သည်
သံဃံ ပူဇေမိပါဘုရား။

မြင်းမူမောင်နိုင်မိုး

# ပင့်ဖိတ်သံ

လွမ်းရက်ရှည်ကြာ၊ ဖပိတာက
ကြွလာစေကြောင်း၊ လျှောက်ပန်တောင်း၍
မတ်ကောင်းဒါယီ၊ လာခဲ့ပြီတည့်
ရာသီတပေါင်း၊ ချိန်ခါကောင်းဟု
ဂုဏ်ပေါင်းစုံညီ၊ ဂါထာစီ၍
ရှင်ကြည်သာမော၊ လျှောက်တင်သောကြောင့်
ရှင်စောမြတ်စွာ၊ ထေရ်သံဃာနှင့်
ပြည် (တော်) သာခရီး၊ နှစ်လတည်းဖြင့်
ရိပ်သည်းခိုလှုံ၊ ဆွေမင်းစုံသည့်
ရွှေဘုံကြငှန်း၊ ကပ္ပိနန်းသို့၊
လှမ်းကြွလာပုံ၊ မြင်းကွင်းစုံကို
အာရုံစိတ်စော၊ ကြွပါလော ဟု
နှုတ်ပြောသံယောင် ဖွင့်ဟဆောင်မိ
သာအောင်ကြေငြာ၊ ဆွမ်းလှူရာသို့
သံဃာအများ၊ ပင့်ဖိတ်ကြားသည်
ဩော် ဤကား မွေးနေ့ပွဲပေတကား။

ကောင်းမွန်
(၁၇,၃,၂၀၀၃)

# မွေးနေ့ဆုတောင်း

သောက်လော့ ရေချမ်း !
ကျန်းလော့ ခန္ဓာ !
ပညာ မွေ့မွေ့၊
တရွေ့ရွေ့ဖြင့်၊
လွေ့လွေ့ ဆည်းပူး၊
ပွေ့ပွေ့ရှူးလော့!
ချီးကျူးအပ်စွာ၊
ဤသုံးဖြာကို၊
ပျူငှာပေးကြား၊
ဆရာတော်ဘုရားသည်၊
နှစ်ပါးကိုယ်စိတ် အေးစေသော်။ ။

ကောင်းမွန်
(၁၇.၃.၂၀၀၃)

# သီတဂူ

သာသနာလမင်း ကမ္ဘာချဉ်းအောင်
အလင်းဆောင်သူ........ သီတဂူ။

ဓမ္မအစွမ်း ကမ္ဘာလွှမ်းအောင်
ထုံမွှမ်းမည့်သူ ........ သီတဂူ။

မိုက်မှောင်ပယ်ခွင်း ကမ္ဘာလင်းအောင်
ညှိထွန်းမည့်သူ ........ သီတဂူ။

သမိုင်းတစ်ခေတ် သမိုင်းသစ်အောင်
ဖွင့်လှစ်မည့်သူ ........ သီတဂူ။

သီတဂူရေစန်း ပက်ကာဖြန်းလို့
ငြိမ်းချမ်းစေသူ ........ သီတဂူ။

အရှင်သာသန
ဗုဒ္ဓတက္ကသိုလ်

# ပရဟိတ

သူတထူးကို၊ ကျေးဇူးပြုငှာ၊
လူ့ကြမ္မာက၊ ဖန်လာသည်ကား၊
ခုနစ်ပါးတည့်၊ နွားမမြစ်ချောင်း၊
သူတော်ကောင်းနှင့်၊ ရိပ်ဆောင်းသစ်ပင်၊
မိုးကောင်ကင်က၊ ဆင်ရာတိမ်ဆင့်၊
လှမ်းမမြင့်တည့်၊ စန်းပွင့်သီတဂူ၊
တဆူဝေလွှင်၊ နေပြဘင်သို့၊
လူ့ရှင်အကျိုး၊ သယ်ပိုးသည်မှာ၊
ခေတ်တိုင်းသာတည်း။ ။

ဉာဏ်ဖိုး(သီတဂူ)

# ရေဆေး အလှူ ကျိုးဆယ်ဆု

ရေနှင့်ဆေးကျောင်း၊ အဟောင်းပြုပြင်၊
ဥယျာဉ်တဝ၊ သီလမည်သာ၊
ဤခြောက်ဖြာကား၊ ဒီဃာယုက၊
အာရောဂျဟု၊ ပုညခေါ်ရိုး၊
ကျင့်တမျိုးမို့၊ အားကြီးသမှု၊
ဆောက်တည်ပြုလော့။

သက်ရှည်ကျန်းမာ၊ ဘေးရန်ကွာ၍၊
ချမ်းသာဆင်းလှ၊ ခြံရံရလျက်၊
ဗလအားသည်း၊ ပညာကြီး၍၊
ပစ္စည်းခိုင်မြဲ၊ မကွဲချစ်သူ၊
ကျိုးဆယ်ဆုမှာ၊ ဆေးလှူသူတို့ရဘို့တည်း။ ။

ညာဏ်စိုး(သီတဂူ)

# ဆုတောင်း

ရေဖန်ဆင်းလာ၊ ဗကပြဗြဟ္မာနှင့်၊
သူနာပြုလှ၊ ဗာကုလသို့၊
ဓမ္မစံနှိုင်း၊ တောင်စစ်ကိုင်း၏၊
သမိုင်းမော်ကွန်းတင်၊ သဲကုန်းရှင်အား၊
ကာဗျဥ္စလီ၊ ပူဇော်ရည်သည်၊
ရွှေပြည်တော်ချစ် သစ်စေသောဝ်။ ။

တက်လူ

# အာစရိယပူဇော

သဒ္ဓမ္မ   သုံးဖြာ၊ သာသနာ၊ ရောင်ဝါလင်းစေသား။

သီ   တာရေသို့၊ အေးချမ်းဖို့၊ ပို့သမေတ္တာများ။

တ   တိုင်းပြည့်စုံ၊ သီလဂုဏ်၊ ကြည်ယုံစိတ်မှာထား။

ဝ   ဟာလိုဏ်နန်း၊ ပုံနယ်မှန်း၊ စိတ်ဝမ်းကြည်စေသား။

ဆ   ပွားသဒ္ဒါ၊ ကြည်ညိုကာ၊ ထိပ်မှာပန်ဆင်ထား။

ရာ   ကျော်သက်တမ်း၊ စိတ်မြေ့ချမ်း၊ ဖြောင့်တန်းရှည်စေသား။

သခင်   ဓိပတိ၊ ကျော်ပါဘိ၊ ရှိဦးတင်ပါဘုရား။ ။

ရတနာလှိုင်

# သီတဂူဆရာတော်ဘုရားအား

ဂုဏပူဇာ ကာဗျ—ဝန္ဒနာ

* ပုဂ္ဂလဝိသေ၊ မြန်ပြည်တစ်လွှား၌
မှန်မသွေရှားစွ သည့်တစ်လူ၊
ဉာဏ်ထွေပွားလှ၊ သီတဂူလျှင်
ဤဇမ္ဗူတွင် တည်ကာထွန်း။
သာသနာနုဂ္ဂဟ၊ ကောင်းမှုဝေတယ်၊
တောင်ဆုရွှေရွှေ၊ ပြည်ရွှန်းသာဖို့တစ်ခန်း။ ။
* အဘယဒါန၊ ရှေးရှုညွှန့်တယ်၊
တွေးမှုဖန်ဖန်၊ စေတနာညွှန်း
များသတ္တာတွေ၊ မာစေချင်လွန်းလို့၊
သဒ္ဒါဖွေညွှန်း၊ ကျိုးရှက်ဆောင်၊
တက္ကသိလာ၊ ပရိယတ်မှုကို၊
သိမှတ်သမှု၊ ဖွဲ့စည်းအစတည်ထောင်။ ။
* သီတဂူကောင်းမှု၊ သမိုင်းပြောင်သည်၊
ပြည်တိုင်းမြန်ဘောင်၊ သာသနာ့ထွန်းလို့၊
ရွှေစာမော်ကွန်း၊ ကာလအခွန့်ဟည်စံ၊
ရည်ညွှန်း ဝိသုကံ၊
တေဇာတန်ခိုး၊ ထက်မိုးယံတွင်၊
တက်ဖြိုးလျှံလျှံ၊ ထက်ဝန်းလှိုင်လို့မွှေး။ ။
* ဆရာတော်ဘုရား၊ ကျေးဇူးခံသည်၊
ဝေးကျူးနဘံ၊ လက်ရွှန်းကြိုင်လို့လေး။ ။

လှသမိန်

# သီတဂူ အေးမြတဲ့စခန်း

* ရွှေမင်းဝံ တောင်ညိုညို့
မှောင်စိုစို့ မှိုင်းရီ
ချောင်ထိုထို့ စစ်ကိုင်းဆီ
သိုင်းချီကာ ယှက်သန်း။
လဝန်းသို့ ညီအတူ
သီတဂူ အေးမြတဲ့စခန်း။ ။

* ချောင်တိုင်းသို့ ဝေစည်ဖြာ
ရေသီတာ လှူဒါန်း၊
ထေရီဆရာ လူရဟန်းရယ်တို့
ယူစွမ်းလို့ သုံးဆောင်။
ကျန်းမာအောင် ထာဝရအမှု
ဒါနပြု ဆေးရုံတည်ထောင်။

* သာသနာ့အလင်းရောင်
ဝင်းပြောင်ရန် ဥဿာဟနဲ့
ဗုဒ္ဓတဲ့ တက္ကသိုလ်
ဆောက်လို့ကြည်ညို။
ဝီရိယ အားထုတ်ပိုသည်
တရားပုဂ္ဂိုလ် ဆောင်စွမ်းပါ့လေး။ ။

* ဆုတောင်းလို့ မြွက်ကာဆိုမည်
သက်ရာကို ချဉ်းပါဖျာ့လေး။ ။

သူရဇော်

# စစ်ကိုင်းအမွေ

* သမိုင်းပြောင်မညှိုး
  စစ်ကိုင်းတောင်ရိုးရဲ့အမွေ။
* သီတဂူ သော်တာစန်း
  ဖျန်းရစ်လို့ခွေ။
* သက်အာယု ရှည်ပါစေ၊
  ကုသိုလ်ဝေ ဆင့်ပွား။
* ဗုဒ္ဓဒေသနာနှင့်
  ဓမ္မပဒေသာတို့
  ဤကမ္ဘာ တည်ပါစမ်းရယ်လို့
  ထေရ်ဆရာ ရှည်ကာထမ်းတယ်
  လှမ်းကြည့် ထင်ရှား။ ။

ဦးအေးချို (မဟာဝိဇ္ဇာ)

# ငါတို့မမေ့ ဗုဒ္ဓနေ့

* သိတဂူအဖွဲ့ကြီး စုဝေးနေ၊
ရက်မြတ်ချိန်ခါပေ။
သိတော်စင်တွေ အားထားရ၊
မြတ်သည့် ရေဒါန။

* စစ်ကိုင်းတောင်က ချောင်တိုင်းစံ၊
စုပေါင်းလက်တွဲ အောင်ပွဲခံ။
သိတဂူက ဦးဆောင်ပေး၊
တစ်ပြည်လုံးရဲ့ ကုသိုလ်ရေး။

* သဒ္ဓါကြေးနဲ့ စက်မောင်းဆင်၊
'ရေလှူပေးနေ့' သမိုင်းတွင်၊
နှစ်စဉ်နှစ်တိုင်း ဘယ်မမေ့၊
ကဆုန်လပြည့် ဗုဒ္ဓနေ့။ ။

မနှင်းဆီ

# အောင်ပွဲ

* အိုးစည်သံ ပုလွေနဲ့နှင့်၊
သီတဂူအောင်ပွဲ ခြိမ့်ခြိမ့်ညံ။
ဒိုးပတ်သံ ပုလွေနဲ့နှင့်၊
သီတဂူအောင်ပွဲ ခြိမ့်ခြိမ့်ညံ။

* စစ်ကိုင်းတောင် ရွှေကြာပေါက်ပြီမို့၊
ဝမ်းမြောက်ရွှင်မြူးလှုံ့။

* (၂၂)နှစ်မြောက် အောင်ပွဲခံ၊
တိုင်းနိုင်ငံ နယ်တလွှား။

* ဘုန်းဘုရားသီတဂူ သူ့ကျေးဇူး၊
ထူးပေ့စွမ်းအား။
သဒ္ဓမ္မသီတဂူ သူ့ကျေးဇူး၊
ထူးပေ့စွမ်းအား။ ။

မြေလတ် လဖင်မြိုင်

# တောင် မြှတ် စ ခန်း

* မြစ်ရော လှိုင်းလေလေ့ရယ်နှင့်၊
ရစ်ခွေကာ ဝိုင်းခွေ၍သာပ၊
ကိုင်းရွှေမြေ့မှာဖြင့် စိမ်းရောင်စို။

* စစ်ပင်ကိုင်းသော်ကြောင့်၊
စစ်ကိုင်းခေါ် မည်သညာမို့၊
ပြည်ခွင်ဗမာ အလယ်ရိုးမှာလ၊
သမိုင်းရောင် အစဉ်မညှိုးပါဘူး၊
အသွင်တစ်မျိုး အမြင်သာ၍၊
ကြည်လင်စရာ ဝေဖြာလှိုင်လို့၊
ဟေမာမြိုင် ရှုမြင်တိုင်းမှာကွယ်၊
မြမှိုင်းတောင်ညို။

* နတ်တို့ဖန် ရေကန်အသင့်မှာလ၊
ဒြပ်မချို့ရန် ဝေလျှံတင့်စေဖို့၊
ရွှေကြာမြင့်ကာပ နီဝါညို၊
သီတာချိုကိုတဲ့ သွယ်ယူတန်။

* ဓေယျာမြေ
သေလာဗွေ နတ်ပြည်တိုင်းလိုပ၊
ပတ်လည်ဝိုင်းကာ ရေပြည့်လျှံလို့၊
အသင့်စီမံ ကြောင့်ကြကင်းသောကြောင့်၊
ဘာဝနာစခန်း မပျက်ပါဘု၊
အာနာပါန ကမ္မဋ္ဌာန်းအချုပ်ကယ်နှင့်၊
ရဟန်းအလုပ်တစ်မှု ပြုရမှာဖြင့်၊
နှစ်ဖြာရူရ အခြေခံ၍၊
အဖြေမှန် ယောနိသောရယ်နှင့်၊
ဖြစ်ပျက်သဘော ပွားရှုမှတ်ကြတယ်ကွယ်၊
တောင်မြတ်စခန်း။ ။

ဓေယျာထေရ်

# အလင်္ကာဝတ်ရည်ကဗျာရှည်

(၁)

အေးမြရောင်ဖြာ၊ လစန္ဒာတည့်
လောကာလူ့ဘုံ၊ ချမ်းမြထုံလျက်
ဂုဏ်သတ္တိထူး၊ ရောင်ခြည်မြူး၍
ကြည်နူးမေတ္တာ၊ ကရုဏာဖြင့်
သဒ္ဓါချိုမွှေး၊ အလင်းပေးခဲ့
ချမ်းအေးနိဗ္ဗူ၊ သီတဂူဟု
'ရေလှူ' 'ဆေးကျွေး'၊ 'ပညာပေး'သို့
အောင် အေးနိမိတ်၊ ဆောင်တွေးစိတ်ဖြင့်
'ဉာဏိဿရအရှင်၊ သဲကုန်းတွင်တော့'
တောင်စဉ်စစ်ကိုင်း၊ ချောင်မြင်တိုင်းလျှင်
ရင်လှိုင်းခတ်စည်၊ 'တက်လှူ'ကြည်ခဲ့
စေတီပုထိုး၊ နေခြည်မိုးသော်
တို့မျိုးတို့ဘွား၊ တို့မျိုးသားတို့
တရားချစ်ကြံ၊ အားသစ်မာန်နှင့်
အောင်လံထူစိုက်၊ ဗုဒ္ဓသိုက်အား
စီးဝိုက်ရော၊ ဦးခိုက်စွာဖြင့်
ကမ္ဘာသိရေး၊ သတင်းပေးတည့်
ယဉ်ကျေးမြန်မာ၊ မန္တလာနှင့်
ဇေယျာပူရ၊ ဂါရဝနှင့်

ရာတိုင်းဝီရိယ၊ စွမ်းထာမကြောင့်
ပရဟိတ၊ သူ့ကျိုးလှသို့
အတ္တဟိတ၊ ကိုယ့်ကျိုးရခဲ့၊
တော်စွ မှုကောင်း၊ သူတော်ကောင်းလျှင်
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကျိုး၍
တောင်ရိုးစစ်ကိုင်း၊ ဆောင်ပိုးတိုင်းဖြင့်
အနှိုင်းမဲ့ပီ၊ နှလုံးရည်သည်
သီတဂူရေဖွေး တောင်ရိုးပြေး
သီတဂူဆေး ဒါနကျွေး
သီတဂူဘွဲ့ပေး ပညာရေး
ကမ္ဘာငြိမ်းအေး ဝါဒပေး။

(၃)

သီတဂူကျွန်း၊ နိမိတ်ထွန်းတည့်
နှုတ်ခွန်းသြဘာ၊ ထုတ်ညွှန်းလွှာတွင်
“မြတ်စွာရှင်စော၊ ဥပကဟောသို့
‘နမော ဝိဘဇ္ဇဝါဒိနော
အနန္တဇိနဿ’၊ ရှိခိုးကြဟု
ဒေသစာရီ၊ ခရီးရှည်ဖြင့်
စက်ချီခြေတော်၊ ကြာပွင့်ပေါ်လျက်
အဖော်မမှီး၊ တကိုယ်တည်းလျှင်
ဉာဏ်ထီးဆောင်းကာ၊ ကြွချီရာမှ
ကပ္ပါသိက၊ တောအုပ်လှဝယ်
ဘဒ္ဒဝဂ္ဂီ၊ သုံးကျိပ်ညီတို့
ကြည်ရဟန်းပြု၊ ချီလှမ်းမှုနှင့်

အမရပူရ၊ ရွှေအင်းဝတို့
ထွန်းပခဲ့ပုံ၊ ကျေးဇူးဂုဏ်လည်း
အာရုံမှန်းရည်၊ လွမ်းခန်းပီသည်
သီတဂူရေချမ်း စမ်းမြအေး
သီတဂူအာယု ကုသပေး
သီတဂူတက္ကသိုလ် ချိုမြမွှေး
ကမ္ဘာအနှံ့ လင်းဖြန့်ပေး။ ။

(၂)

သီတဂူစန်းလ၊ ချမ်းအေးမြသို့
"ဓမ္မဒူတ" မြတ်ဗုဒ္ဓ၏
တစ်ရာ့သုံးခု၊ ဝါကျွတ်ဆုတွင်
တစ်ခုလမ်းသွယ်၊ နှစ်ပါးပယ်သား
ခြောက်ဆယ်ရဟန်း၊ ခြေကြွမြန်း၍
တောတန်းကိုဖြတ်၊ တောင်ကိုပတ်လျက်
သုံးရပ်သိက္ခာ၊ ကျင့်မြတ်စွာကို
သာသနာရေး၊ ဘာသာသွေးတို့
အေးတရားဟော၊ စ,ဆုံး, ချောက
မနောကြည်သာ၊ သတ္တဝါများ
ချမ်းသာပွားသိ၊ အကျိုးရှိအောင်
မိဂဒါဝုန်၊ တောရဂုံမှ
ရိပ်မြုံအာဝါသ၊ ပေးဝေငှ"ဟု
ထွန်းပသာသစ်၊ ညွှန်းပြလှစ်၍
အနှစ်စံတင်၊ သဲကုန်းရှင်တည့်
မြင်တိုင်းသတိ၊ ကြည့်တိုင်းပညာ

ဥရဝေလ၊ တောမြရိပ်ဝေ
နေရဉ္စရာ၊ မြစ်ကမ်းသာသို့
ပြာသိုလ်လဆန်း၊ ချီးမြှောက်မြန်းခဲ့
ရဟန်းတစ်ထောင် ကျွတ်တမ်းဆောင်၍
ညီနောင်ကဿပ၊ သုံးယောက်လုစေ--
ဆက်ကြွမြန်းကြို၊ ရာဇဂြိုဟ်တည့်
ရှဉ့်ညိုပျော်မော၊ တသောသောနှင့်
ထန်းတောဥယျာဉ်၊ အနီးတွင်မူ
ဘုရင်ဗိမ္ဗိသာရ၊ မဂဓပေါ်
ဓမ္မစက်ကိန်း၊ ချမ်းမြငြိမ်း၍
တစ်သိန်းတစ်သောင်း၊ လူအပေါင်းတို့
ကောင်းချီးပေးဟန်၊ သောတာပန်"ဟု
အောင်လံ ထူစိုက်၊ အောင်သံကြိုက်ရင်း
သည်းခိုက်တုန်ဟီ၊ သာဓုပီသည်
သီတဂူရေဝေ ရွှေထက်ချစ်
သီတဂူဆေးဝေ နေရက်သစ်
သီတဂူဘွဲ့ဝေ ဆွေတက်ခေတ်
ကမ္ဘာလျှမ်းဝေ ဖြေခက်ဆစ်။

(၄)

သီတဂူခြသေ့်၊ ရဲရင့်ပေ့တည့်
ချမ်းမြေ့သာစွ၊ ဟောဖော်ပြ၍
ပဋ္ဌဝဂ္ဂီ၊ တရားစည်ဖြင့်
ငယ်မည်အဿဇိ၊ ရာဇဂြိုဟ်လှည့်သော်
"ငါ၏ဆရာ၊ စောမြတ်စွာက

သစ္စာလေးပါး၊ မြတ်တရားကို
ပိုင်းခြားကိုယ်တိုင်၊ သိမြင်ပိုင်မှ
ခိုင်ကျည်သတ္တဝါ၊ ခြွေချွတ်ရာ”ဟု
သစ္စာလမ်းပြ၊ ဆွမ်းခံကြွစဉ်
ဥပတိဿ၊ ကောလိတတို့
(အရှင်သာရိပုတ္တနှင့် အရှင်မောဂ္ဂလာန်)
ဝါဒပြောင်းလာ၊ ရဟန္တာတည့်
လက်ယာလက်ဝဲ၊ အဂ္ဂပွဲလည်း
အံ့အဲထူးချွန် ၊ ဝေဠုဝန်ပေါ့
မြို့မွန်ရာဇဂြိုဟ်၊ တောင်ညိုငါးလုံး
ကျင့်သုံးယောဂီ၊ တရားမှီကြ”
ကြည်စေနှလုံး၊ ဖုံးစေပီတိ
သိစေဗုဒ္ဓဝင်၊ ဉာဏ်လမ်းထွင်ခဲ့
အယဉ်အကျေး၊ အတွေးအခေါ်
အမြော်အမြင်၊ အသင်အပြ
ချို့မြသာကြည်၊ နှလုံးရည်ဖြင့်
စွမ်းရည်ဝေငှ၊ ကထိကပေါ့
ဓမ္မအသံ၊ ထက်နဘံသို့
အောင်လံလွှင့်ချီ၊ အောင်ဆုကြည်သည်
သီတဂူရေလျှောင် တောင်စစ်ကိုင်း
သီတဂူဆေးစွမ်း လန်းရွှင်တိုင်း
သီတဂူဉာဏ်ထွန်း ညွန်းစံနိုင်း
ကမ္ဘာလှည့်ချစ် သစ်သမိုင်း။ ။

(၅)

သီတဂူဝါဒ၊ ကမ္ဘာလှတည့်
လုံးဝယူစေ၊ ယုံကြည်စေဖို့
ထေရဝါဒ၊ ဓမ္မအသင်၊
အလင်းလမ်းလှ၊ ရှင်တမ်းပြသို့
“အသောကမင်း၊ လောကလင်းအောင်
သင်ခြင်း, ကျင့်ခြင်း၊ သိမြင်ခြင်းဖြင့်
ဘုရင်းနိဂြောဓ၊ ဇာတ်လမ်းပြသော်
သုမနမယ်တော်၊ ဗိုက်ရင့်ရော်နှင့်
နန်းတော်ရှုပ်ထွေး၊ သေမည့်ဘေးမှ
လွတ်ရေးမျှော်ထောက်၊ ညောင်ရိပ်ရောက်ခဲ့
စောင့်ရှောက်ချစ်ကြ၊ စဏ္ဍာလတို့
ဖွားစသားချော၊ ညောင်စွဲပြောလျက်
နိဂြောဓဖြစ်၊ မင်းသားသစ်တည့်
ခုနှစ်နှစ်သား၊ ကံတရားကြောင့်
နှုတ်ဖျားဝသီ၊ ရုပ်သန့်ကြည်ထင့်
တောမှိသက်ရှု၊ ဆွမ်းခံမှုဖြင့်
ဝရဏာထေရ်၊ ချစ်ပွင့်ဝေ၍
သက်သေအမွေ၊ သာမဏေပေါ်
ဆံခြွေ ရိတ်ခန်း၊ ကမ္မဋ္ဌာန်းနှင့်
ရဟန်းကိစ္စ၊ ပြီးစေရ၏။
အသောကမင်း၊ နန်းပြတင်းက
ရှိုးတွင်းချစ်ခြင်း၊ ကြည်ညိုခြင်းဖြင့်
နန်းတွင်းပင့်မှု၊ နေရာယူသော်
သူတော်ကောင်းမြတ်၊ မရှိလတ်၍

မင်းမြတ်ပလ္လင်၊ ခွေတင်ပျဉ်တည့်
ဒူးခွင်ဟုန်ခေါက်၊ လက်ထိပ်မြှောက်ကာ
တည်ဆောက်တုပ်ကွ၊ အသောက”ဟု
ဗုဒ္ဓသားကျော်၊ ဆရာတော်လျှင်
တွေးခေါ်မျှော်ရည်၊ ပေးကမ်းကြည်သည်
သီတဂူရေဆိပ် အေးမြရိပ်
သီတဂူဆေးဖိတ် ကျွေးပါ့စိတ်
သီတဂူကျောင်းရိပ် ကောင်းနိမိတ်
ကမ္ဘာချစ်ခွင့် သစ်ပွင့်ဖိတ်။ ။

(၆)

သီတဂူတရား၊ အေးမြသားတည့်
လူများကြည်ဖြူ၊ ရည်အတူနှင့်
“တူ့နိုကြော့ဓ၊ အသောကအား
‘အပ္ပမာဒေန သမ္ပာဒေထ’
ဓမ္မကျဉ်းချုပ်၊ တော်စွဟုတ်၍
ရှစ်အုပ်ဆွမ်းလှူ၊ ဥပဇ္ဈာယ်လှူအံ့
ဆောင်ယူရှစ်မှတ်၊ ဆရာကပ်အံ့
နောက်ထပ်ရှစ်ပွဲ၊ သံဃာလွဲအံ့
ရောင့်ရဲစိတ်ချုပ်၊ ဆွမ်းရှစ်အုပ်ဖြင့်
လုပ်ကျွေးလှူသိမ်း၊ အောင်လံထိန်း၏
‘ဂျိန်း ခြောင်သောင်းအား၊ နန်းတံခါးမှ
ဆီးတားပိတ်ပင်၊ မောင်းထုတ်နှင်ခဲ့’
‘ကြည်လင်ယူဆ၊ ဩဝါဒဖြင့်
တူလှမေတ္တာ၊ ဖြူသစ္စာနှင့်

သဒ္ဒါတပ်လာ'၊ 'ကြမ်းကြုတ်စွာသော
တစ်ရာတစ်ပါး၊ ညီနောင်ဖွား·တို့
တရားမဲ့စွာ၊ သတ်ပုတ်လာ၍
စဏ္ဍာသောက၊ ဆို·မည်ရခဲ'
ဘ၀နိမိတ်၊ အလှရိပ်ကာ.
ကံ, စိတ်, ဥတု၊ အမှီပြုလျက်
ပူမှုကင်း·ကွာ၊ မြတ်ချမ်း·သာသို့
ရောက်ပါစေချင်၊ ယဉ်ပါစေလို
ချို့ပါသဒ္ဒါ၊ မြတ်သံဃာနှင့်
ဓမ္မာသောက၊ ကို·ဌာနကို
စံပြုစေလွတ် တမန်ညွှတ်ဟု
အထွဋ်ဦးတင်၊ တရား·သျှင်မှ
ဆင်ခြင်သတိ၊ မြင်အသိနှင့်
ဖြည့်ပါရမီ၊ ·တရာ·စည်အား
နှာကြည်ရာသီ၊ အခါမိသည်
သီတဂူရေစက် တက်လေတောင်
သီတဂူကုထုံး ရှုဆုံးပေါင်
သီတဂူကျမ်းသစ် ကျွမ်း·ချစ်ဆောင်
ကမ္ဘာ့မှောင်ခွင်း ဆောင်လင်းရောင်။ ။

(၇)

သီတဂူကျောက်၊ စိန်ရည်တောက်သို့
တောင်ဖောက်ပတ္တမြား၊ ရောင်တောက်ကြွားတော့
တရားကြောင်·ပြ၊ အားကောင်းရလျက်
ဓမ္မဒူတ၊ လောင်းလျာလှခဲ့

"စံပြမေတ္တာ၊ စေတနာဖြင့်
မဟာထေရ်ဝရဏ၊ နိကြောဓတို့
သာသနာ့အောင်လံ၊ တံခွန်ပျံနှင့်
ခြေခံအုတ်မြစ်၊ အသောကချစ်၍
ရင်နှစ်သားလှ၊ မဟိန္ဒနှင့်
သဃ်မိတ္တာ၊ သမီးလျာကို
သာသနာ့အမွေ၊ 'တီသထေရ်'သို့
ပေးစေချီးမြှောက်၊ ဝါထိန်တောက်ခဲ့
မိုးအောက်မြေလွှာ၊ ရတနာဖြင့်
ပါဋလိပုတ်၊ မြို့သရုပ်လည်း
ကျောင်းအုပ်တင်သော၊ မြတ်မနောကြောင့်
'အသောကာရာမ'၊ ကျောင်းတိုက်လှတည့်
ဗုဒ္ဓလိုက်ျ၊ ကိုးဌာနမှ
ပြဟ္မဇာလသုတ်၊ ဟောဖော်ထုတ်၍
'ဥတ္တရထေရ်'၊ 'သောဏထေရ်'တို့
ဟောင်းမွေခလေ့၊ ကောင်းမွေတွေ့ပေါ့
အရှေ့တောင်အာရှ၊ သုဝဏ္ဏဘူမိ
ဂုဏ်ပြည့်သာသနာ ပြည်မြန်မာ"ဟု
ဆရာရွှေနှုတ်၊ ကြာကုမုဒ်မှ
အံထုတ်မွေးမြ၊ တပည့်လှသို့
ဒကာချွေးနှင်း၊ ငွေပွင့်ခင်းသော်
ဖန်ဆင်းလှုပြည်၊ ကောင်းချီးမြည်သည်
သီတဂူရေအား ငါသိန်းလှူ
သီတဂူဆေးဝါး အားသစ်ထူ
သီတဂူရွှေကျောင်း ကောင်းချီးမှူ
ကမ္ဘာတဝန်း ထွန်းပြသူ။ ။

(၈)

သီတဂူရိပ်ဖွင့်၊ စိတ်ပန်းပွင့်တည့်
မလင့်ပုံသေ၊ ဖြည့်ကျင့်ပေသား
စာပေနှစ်ချုပ်၊ မှတ်တမ်းထုတ်ဖို့
နှုတ်တစ်ရာပြောထုံး၊ စာတစ်လုံးသို့
"ကျင့်သုံးရင်အေး၊ မိထွေးတော်ကြီး
ဖြည့်ဆည်းပါရမီ၊ ဂေါတမီလျှင်
ငါးလီအာရုံ၊ ကာမဂုဏ်ကို
ခွါတုံပယ်ရှောင်၊ ရဟန်းဘောင်သို့
သားမောင်သိဒ္ဓတ်၊ လျှောက်ပန်လတ်လည်း
ပယ်မှတ်လေးကြိမ်၊ သည်းခံငြိမ်ခဲ့
'သည်းအိမ်ပြတ်လု၊ ရင်ထုမနာ
အာနန္ဒာမြင်၊ သနားကြင်၍'
"ရှင်မြတ်ရိုက်ရာ၊ သာသနာသည်
မာတုဂါမ၊ မထိုက်ရလား"
"မဂ္ဂလေးတန်၊ ဖလဌာန်လေး
ငြိမ်းအေးနိဗ္ဗာန်၊ သောတာပန်တို့
မစံရပိုင်၊ မရနိုင်လား"
"ခိုင်ကျည်ရွေ့သွား၊ နောင်တော်ဘုရားတို့
သနားသမှု၊ ခွင့်မပြုလား"
သုံးခုဆွေးနွေး၊ လျှောက်ထားမေးမှ
မိထွေးတော် ဂေါတမီ၊ ဘိက္ခုနီနှင့်
ယုံကြည်မချွတ်၊ ငါးရာဝတ်"ဟု
ဦးညွတ်ကြည်ပြုံး၊ မင်းတုန်းပုဇော်
'ဗန်းမော်' 'မယ်ကင်း'၊ စာချိုးခြင်းမှ

ထင်လင်းသာသနာ၊ ရှင်းသန့်ဖြာ၍
ဒေါ်မာလာရီ၊ ရှည်တစ်ရာသက်
ထက်မြက်သွန်သင်၊ သီလရှင်တည့်
ကြည်လင်တူမ၊ ဂါရဝဖြင့်
သီလရှင်မွေ၊ သင်စာပေနှင့်
ဒေါ်ဟေမာရီ၊ တိုက်တာတည်လျက်
သီလရှင်လောက၊ ဓမ္မာစရိယလည်း
ပထမဆုံး၊ ဆွတ်ခူးသုံးခဲ့
နှိုင်းနှုန်းမမီ၊ ဉာဏ်စွမ်းပီသည်
သီတဂူရေလျှံ တောင်ထက်စံ
သီတဂူဆေးမှန် အမြင်သန်
သီတဂူကျောင်းကန် သင်ပြဟန်
ကမ္ဘာစုန်ဆန် အောင်တမန်။ ။

(၉)

သီတဂူဘုန်း၊ မိုးသို့ချုန်း၍
နှလုံးစိတ်ဝမ်း၊ ပီတိဆမ်းလျက်
ငြိမ်းချမ်းသက်ရှည်၊ ရာကျော်တည်လိမ့်
"ထေရီ,ထေရာ၊ တောင်သေလာနှင့်
ပညာ သီလ၊ ထက်မြက်ကြသို့
ဗုဒ္ဓဂုဏ်ရောင်၊ ထွန်းလင်းပြောင်၍
'ထွင့်ခေါင်ဆရာ'၊ 'တောင်ဖီလာ'နှင့်
'ဂန္ဓာရုံ'မှ၊ 'ပရက္ကမ'သို့
'အရိယဝံသ'၊ 'ရေငုံ'ပြခဲ့
ရေးက ဂူအောင်း၊ ကျင့်စဉ်ကောင်းနှင့်

'မင်းကျောင်းဆရာတော်'၊ 'ဇန်းမော်,ခင်ကြီး'
မင်းထိ ရိပ်ဝင်၊ သူတော်စင်တို့
ဖူးမြင်ချင်စမ်း၊ အာရုံလွမ်းမိ
မြနန်းသစ်ခက်၊ ပင်ချင်းယှက်၍
ကျေးငှက်သာရကာ၊ မာဂဓာနှင့်
ဘာသာ ဘာဝ၊ ပျော်မြူးကြတည့်
သာစွတောင်တော၊ အုံ့ဖွယ်ပေါ်တိုင်း
'တိလောကဂုရု'၊ ရှင်မြတ်ပြုသည့်
ကောင်းမှုဆုပွား၊ မကွေးသားလေး
အားပေးကြံစည်၊ ကဗျာရည်တော့
ဂုဏ်ရည်လိမ်ကျုံ၊ လျှောက်ထားပန်မိ
အောင်သံနိမိတ်၊ တောင်ယံထိပ်က
ဆိတ်ငြိမ်စေဟီ၊ ဆည်းလည်းမြည်ခဲ့
သီတဂူအရှင်၊ ယို ရိပ်မြင်သော်
ရွှင်ပျ ပီးကီ၊ ဂွမ် ဆီထိသို့
ခက်ခဲရာကို၊ ငါမဆိုဘဲ
ထိုထိုကျမ် ညွှန်းလာ၊ ဆေးဆရာနှယ်
လက်ာလုံးချော၊ ဟာသနှောလိမ့်'
အုံ့သြဘနန်း၊ ဘုန်းကံဆန်းနှင့်
တောင်တန်းနေခြည်၊ ဖူးအုံ့ရည်သည်
သီတဂူရေဆာ ရောဆက်
သီတဂူဆေးရှာ ပေးလာသက်
သီတဂူပညာ ကြင်နာဖက်
ကမ္ဘာဝေ ,နီး သွေးစည်းလျက်။ ။

(၁၀)

သီတဂူသံချို၊ စိတ်သန့်ပျိုတည့်
တောင်ညိုစစ်ကိုင်း၊ ချောင်ဆိုတိုင်းလျှင်
အနှိုင်းအယှဉ်၊ သမိုင်းတွင်အောင်
'တောင်စဉ်ကန့်လန့်ကာ၊ တောင်ဖီလာတွင်
ဆရာတော်ကြီး၊ သောကနည်းလျက်
ဝိနည်းငါးကျမ်း၊ နိဿယစွမ်းမင့်
ကြိုးပမ်းမှုတော်၊ နှစ်ပါးပေါ်၍
မလျှော့ချက်ချင်း၊ စေတီရင်း၌
ဝပ်စင်းကျမ်းစာ၊ ဌာပနာတည့်'
'ဝိနယာလင်္ကာရ၊ ဋီကာလုနှင့်
ဗုဒ္ဓသားတော်၊ ကြည့်ကြဲကျော်အောင်
မြော်မြင်သိစိတ်၊ သဒ္ဓါဖိတ်ခဲ့'
'အဓိဋ္ဌာန်ထူး၊ ဓာ မကူးလည်း
ကန်ဦးမြင်ရ၊ လွမ်းချင်း တ,မိ
အင်းဝသာလွန်မင်း၊ နိုပ်စက်ခြင်းဖြင့်
ညှဉ်းဆဲသယောင်၊ ထောင်ခြောက်ထောင်သို့
တောင်ဖီလာခေါ်၊ ဆရာတော်အား
မျက်ဖျော်မောင်းမ၊ ဖျက်ဆီးပြုဟု
ချောင်လုပတ်ဝိုင်း၊ တောင်စစ်ကိုင်းသို့
နှားရိုင်းသွင်းချိန်၊ ဆည်းဆာမှိန်ဝယ်
ဣန္ဒြေဖျက်ခိုက်၊ ဓာ မြလိုက်သော်
ကပ်ဆိုက်ခမျာ၊ ကယ်တင်ရှာမိ
ချမ်းသာမိန်းမရိုင်း၊ ညဥ့်မှောင်မှိုင်းတွင်

ရှိင်းစိုင်းကာမ၊ အေးဓားမြဖြင့်
တစ်စတစ်စ၊ ချွတ်ဖော်ပြ၍
ဓားမလက်နှီး၊ သလုံးလှီးလျက်
မီးဆယ့်တစ်ရန်၊ ပယ်တွန်းလှန်ခဲ့
တောင်ယံနတ်မင်း၊ကောင်းချီးနှင်းလိမ့်
'မင်းနှင့်ပြည်သူ၊ မောင်မမြူနှင့်
ဖြူစင်သီလ၊ သက်သေပြဟု
အဓမ္မခင်း၊ စွပ်စွဲခြင်းဖြင့်'
ကန်ဆင်းဓားမ၊ ရေကူးပြ၍'
သစ္စာ့စွမ်းရည်၊ မြတ်စေတီအား
တောင်ဖီလာကြည်၊ လက်အုပ်ချီသည်
သီတဂူလျှုရေ ကူလေဖြန့်
သီတဂူလျှုဆေး ဖြူသွေးသန့်
သီတဂူရွှေကျမ်း ဝေစွမ်းခန့်
ကမ္ဘာဂုဏ်လင်း ထုံသင်းပြန့်။ ။

(၁၁)

သီတဂူချိုမြ၊ သြဝါဒဖြင့်
"အမရပူရ၊ ထီးနန်းလှနှင့်
ကြက်ဖပိုက်ရင်း၊ ပုဂံမင်းလျှင်
ပျော်ခင်းဖော်သင်း၊ ကြက်တိုက်မင်းဟု
ပြည်တွင်းမင့်၊ အုပ်ချုပ်မှဲ့၍
နယ်ချဲ့မျိုးဝါး၊ အောက်ပိုင်းစားတော့
ပြည်ကားတစ်ဝက်၊ ကုန်ဆုံးချက်ကြောင့်
ကြက်တိုက်ဘုရင်၊ နန်းချချင်သော်

ညီခင် 'ကနောင်'၊ 'မင်းတုန်း'နောင်တို့
သိမ်းဆောင်အာဏာ၊ မအောင်လာတော့
ရောမြစ်ဖြတ်၊ စစ်ကိုင်းရပ်သို့
ခိုကပ်တိမ်းရှောင်၊ ထွန့်ခေါင်ချောင်တည့်
"စိတ်ပုတီးရယ်နဲ့
ရိပ်မိုးတဲ့ ထွန့်ခေါင်၊
ဦးရွှေညို့ သီလချောရယ်နဲ့
တောခိုတဲ့ ချောင်။ ။"
ထွန့်ခေါင်ဆရာတော်၊ သီလဖော်နှင့်
ဗန်းမော်စာချိုး၊ စိတ်မဆိုးခဲ့
နှစ်မျိုးနက်လွန်၊ နှစ်ဖက်ချွန်ဖြင့်
ညွှံ ကာမခင်၊ သီလရှင်လား'
"ဖြူစင်သီလ၊ ကျင့်မြတ်လုလား"
ဆုံးမပဲ့ပြင်၊ ဉာဏ်နက်ထင်ခဲ့
ရယ်ချင်သည့်စိတ်၊ သံဝေဖိတ်ရင်း
တိမ်ရိပ်မိုးရာ၊ စေတီသာသို့
ဆရာတော်ကြီး၊ စိတ်ခရီးဖြင့်
ရိပ်မိုးဆုပန်၊ သစ္စာနှံလျက်
နတ်ထံပြန်ကြွ၊ မြင်ယောင်တရင်း
တုပ်ကွရိုကျိုး၊ ငါရှိခိုးသော်
တန်ဖိုးပြည့်လျှံ၊ ကဗျာရှာန်တို့
ကာရန်သုံးချက်၊ ပန်းကုံးဆက်ဲတော့
မိတ်ဆက်အရှင် ပြုံးပျော်ရွှင်သိမ့်
ယဉ်ကျေး မွေ့ကြည်၊ ပါရမီသည်
သီတဂူရေတိုး တောင်ရိုးစိမ့်

သီတဂူဆေးကျိုး လူမျိုးငြိမ့်
သီတဂူဉာဏ်ကိုး တန်ခိုးဖိမ့်
ကမ္ဘာလှည့်သွား တရားမိန့်။ ။

(၁၂)

သီတဂူမိန့်ခြွေ၊ နားပန်လေ၍
စေတီပုထိုး၊ ဂူမျိုးမျိုးနှင့်
ရှိခိုးမျှော်ယောင်၊ ဗန်းမော်ချောင်တည့်
ကုန်းဘောင်ဖန်ဆင်း၊ မင်းတုန်းမင်းလျှင်
မင်းနှင့်ဆရာ၊ ကြည်ဖြူစွာဖြင့်
မှန်ရာမိန့်မြွက်၊ နှုတ်သာထက်၍
မင်းမျက်သင့်သော၊ ဗန်းမော်တောသို့
စိတ်မောစေသား၊ ရွှေတောင်ဖွားအား
တင်စားဂုဏ်ရည်၊ ဗန်းမော်ပီခဲ့
ပြည်လည်ပင့်ဖိတ်၊ မန်းတောင်ရိပ်မှ
ဗျာဒိတ်ပေးလက်၊ စာဆွဲ ချက်တွင်
'နန်းထက်က လူမွေလား သတိထား'ဟု
ဘုရားညွှန်းစေ၊ ဗန်းမော်ပေမင့်
ကြည်လေနှလုံး၊ ခွင့်လွှတ်ပြုံးခဲ့
မင်းတုန်း,နန်းသူ,၊ နေရာယူ၍
ဆွမ်းလှူ ပင့်ရာ၊ ဗန်းမော်လာသော်
'နေရာမခင်း'၊ ဖုန်ပေကင်းအောင်
သင်းပိုင် မ,ညွတ်၊ အာပတ်လွတ်ဟော့
ရွှဲ့ရှုပ်ထိုင်ချ၊ ဟိုဒင်းပြသို့
ပြုံးမြမင်းတြား၊ မိဖုရားတို့

လက်ဝါးမျက်အုပ်၊ ရှက်နိုးရှပ်ကြောင့်
ကသုတ်ကယက်၊ အခင်းဆက်ကြ
နှစ်သက်ကြည်သာ၊ မင်းဆရာတို့
ပျော်ရာတဖုံ၊ ကြုံရာတလီ
ကြည်ရာတချက်၊ ဥဒါန်းဆက်"ဟု
ချိုမျက်နှာပြုံး၊ ပီတိဖုံးအောင်
သဲကုန်းအရှင်၊ ဉာဏ်ရည်ရွှင်ခဲ့
တင်မော်ကွန်းထိုး၊ စာတန်ဘိုးဖြင့်
ပြည်ကျိုးရွယ်ရည်၊ ပဟာမိန့်ကြည်သည်
သီတဂူရေဖြန့် ရေသန့်ပုံ
သီတဂူဆေးသန့် ကူပံ့စုံ
သီတဂူစာခန့် ကြာနံ့ထုံ
ကမ္ဘာဆက်သွင်း လက်လင်းဂုဏ်။ ။

(၁၃)

သီတဂူအသံ၊ ပြည်သူထံသို့
နာခံသိစိတ်၊ သဒ္ဓါဖိတ်အောင်
တောင်ရိပ်မိုးရာ၊ တောရိပ်သာတွင်
နှစ်ဖြာရှုရ၊ ကျင့်ဆောင်ကြ၍
သာသနာ့ဘောင်၊ ထွန်းလင်းပြောင်ခဲ့
ထွင့်ခေါင်ချောင်စပ်၊ ဗန်းမော်ဒွတ်၍
ကပ္ပိယခေါ်၊ ဖိုးသူတော်နှင့်
ဆွမ်းတော်ခံတိုင်း၊ မြို့စစ်ကိုင်းတည့်
အိမ်တိုင်းကြည်ညို၊ ဆွမ်းရပို၏
စိမ်းစိုမြတော၊ သားကောင်ပေါ်သို့
အံ့သြကြုံကြိုက်၊ 'ဖွတ်' ခွေးကိုက်၍

လမ်း၌သေမူ၊ ပုံသကူပေါ့
'သူတော်ဆွဲခဲ့၊ ဆောင်ယူခဲ့ဟဲ့'
လုပ်လဲ့လုပ်လီ၊ ဗန်းမော်ချီသော်
မြင်သည်ထွင့်ခေါင်၊ ဟန်မဆောင်ဘဲ
'ဟဲ့–မောင်ဟာလို့၊ ဗန်းမော်တို့များကွာ–
စားဖို့မချွတ်၊ ငတ်ဆာမွတ်တာ
ဖွတ်လဲမခံနိုင်၊ ဘာမခံနိုင်'တဲ့
ချစ်ပိုင်ခင်ရိုး၊ စိတ်မဆိုးဘူး
ဒုံဒိုးနှုတ်တိုက်၊ ဗန်းမော်လိုက်ကာ
သင်္ဂဇာဆိုမြွက်၊ 'မင်းကျောင်းခက်ပါ့'
'ဘာဆက်ဟောမှန်း၊ မသိကြမ်း'သတဲ့
ငေါက်ငမ်းသံကျော်၊ မင်းကျောင်းမော်လျက်
'ကိုယ်တော်တို့ပဲ၊ အစွဲမပါ
မှန်တာတရားဆို'၊ ဥဒါန်းကြိုခဲ့
စိတ်လိုမလိုက်၊ စိတ်မိုက်ပယ်ခွာ
စိတ်သာရှင်စော၊ ဘုရားဟောသို့
သည်တောသည်တောင်၊ ဝါးချက်ချောင်နှင့်
ကမ်းသောင် ရော၊ တရားရှာရင်း
ပညာသင်ကြား တပည့်များနှင့်
အစားလည်းကောင်း၊ တရားကောင်းသို့
ကောင်းမြတ်အရှင်၊ သေမည်ထင်၍
သေလျှင်သုသာန်၊ မြေမြုပ်နှံဖို့
အကြံပေါ်ခြင်း၊ ကျောင်းမှ ဆင်းလျက်
ညခင်းသုသာန်၊ ဂူကြားစံအား
လျှောက်ပန်ဉာဏ်ရည်၊ ကန်တော့ပါသည်

သီတဂူရေသစ် စစ်၍ပို့
သီတဂူဆေးစစ် လှူဖြစ်ဖို့
သီတဂူကျမ်းချစ် သင်ရစ်စို့
ကမ္ဘာလန်းဖြာ မေတ္တာပို့။ ။

(၁၄)

သီတဂူကျင့်မှု၊ မှတ်တိုင်ထူတည့်
သူတော်မြတ်ကောင်း၊ စိတ်မှတ်ပေါင်း၍
သိကြောင်းသစ္စာ၊ လမ်းပြလာသို့
သမာဓိတည်၊ နှလုံးရည်နှင့်
ဝီရိယကျိုး၊ ကမ္ပည်းထိုးခဲ့
"တောင်ရိုးဖူးမြော်၊ မင်းကျောင်းပေါ်၌
စာတော်ပရိယတ်၊ ကျင့်ပဋိပတ်နှင့်
ထူးမြတ်အရှင်၊ လောကီတွင်လည်း
လက်ပြင်အင်းချ၊ အင်းကိုပြသော်
ရှော့လိုင်းထပ်၊ သဘော်ရပ်ဟု
ပါးစပ်ရာဇဝင်၊ နားပန်ဆင်ခဲ့
ကျင့်စဉ်ထူးခြား၊ ကြီးအစားနှင့်
ဝက်သားသုံးပိဿာ၊ ဘုဉ်းပေးရာသို့
ကပ်လာငှက်ပျော၊ သုံးဖီးချော၏
စားကြောအီလေ၊ စာမကြေက
ရေစိမ်နေကုန်၊ ရှောကြုံ၏
'စားစုံအီလျှင်၊ ပညာရှင်တို့
မြစ်ပြင်ရော၊ ရေစိမ်ပါက
ဆရာမင်းကျောင်း၊ ထုံးနည်းကောင်း'ဟု

နှစ်ထောင်းကြည်နူး၊ ဟာသထူးခဲ့
စိတ်ကူးပုံဟောင်း၊ ပုံသွင်းကောင်း၍
မင်းကျောင်းဆရာ၊ မန္တလာမှ
ချမ်းသာလှူပွဲ၊ ကြည်ညိုစွဲဖြင့်
ပွဲရပ်လေးပြင်၊ ဆရာရှင်တို့
ပျော်ရွှင်ရင်းနှီး၊ တော်ဘုန်းကြီးအား
ချီးမြှင့်တရား၊ ဝိုင်းလျှောက်ကြားသော်
'တရားမှန်ဟော၊ နာကလောလိမ့်'
မှန်သောစကား၊ ဉာဏ်တရား'တဲ့
ငြင်းတားအခက်၊ ပလ္လင်ထက်မှ
ပြက်ပြက်ထင်ထင်၊ တရားသျှင်အား
အရှင်သဲကုန်း၊ ဘဝင်ပြုံးအောင်
နှိုင်းနှုန်းပြန်လည်၊ မိန့်မြွက်ကြည်သည်
သီတဂူရေသောက် အောက်ထက်လန်း
သီတဂူဆေးတိုက် အေးမြိုက်ဝမ်း
သီတဂူရွှေကျမ်း လွမ်းစေခန်း
ကမ္ဘာဝေခြမ်း လမ်းစဉ်ကျွမ်း။ ။

(၁၅)

သီတဂူပို့သ၊ မေတ္တာလှနှင့်
ချမ်းမြကြည်ဖြူ၊ တမ်းတ,သူတို့
ရည်တူဘေးကင်း၊ အောင်ပန်းနှင်း၏
"မင်းကျောင်းဆရာ၊ တရားနာစို့
ဩဇာသံကြည်၊ မိန့်မြွက်ပီ၍
'ဟောဒီ ဒကာတွေ၊ ဒကာမတွေက

ရင်မွေ လောဘ၊ ရုပ်သိမ်းကြပြီး
စွန့်ကြ လွှတ်ကြ၊ ညွှတ်ဒါနနဲ့
လောဘပစ္စည်း၊ စွန့်ပွဲ ပြီးတော့
နတ်ထီး လှူဟဲ့၊ ဟုတ်ကြရဲ့လား
ထောက်ငဲ့ဉာဏ်ချုပ်၊ အမေးထုတ်သော်
ဟုတ်ပါရဲ့ဘုရား၊ ဟုတ်ပါ့ဘုရား--တဲ့'
တရားရှေ့ဆက်၊ သံဃာဘက်သို့
မက်လောဘကြီး၊ သိမ်းပိုက်ပြီးတော့
'ပစ္စည်းဥစ္စာ၊ လောဘခွါလျက်
ဒကာ ဒကာမ၊ လှူဒါနပေါ့'
လောဘသိမ်းဆည်း၊ ထိုဘုန်းကြီးတွေ
သေပြီးသောခါ၊ ဖြစ်ပြိတ္တာ'ဟဲ့
ဟုတ်ပါရဲ့လား၊ မလျှောက်ကြား၍
တရားပြီးလျှင်၊ သံဃာစင်မှ
'ဖွတ်ကြိုက်သူရယ်၊ ဖွတ်ဆွဲသယ်တော့
မယ်သီလကြိုက်တော့၊ မယ်သီလပေါ့'ဟု
အလျှော့မပေး၊ ဥဒါန်းဆွေးအောင်
နှုတ်ရေးကြွယ်ပုံ၊ ရေးမကုန်ဘူး
အာရုံ ပုံကား၊ ဘုန်းနှစ်ပါးတို့
တရားချစ်ခင်၊ သူတော်စင်မင့်
အမြင်အပြော၊ စရိုက်မောခဲ့
ရိုးသော ပုံရိပ်၊ ကြည်ညိုစိတ်ဖြင့်
စာလိပ်ပြာမင်၊ မော်ကွန်းတင်ရင်း
ကာဗျဥ္စလီ၊ လက်အုပ်ချီသည်
သီတဂူရေကျော် တောင်တန်းပျော်

သီတဂူဆေးမော် လှူဒါန်းကျော်
သီတဂူဘွဲ့တော် ယူလှည့်နော်
ကမ္ဘာကုန်ချဉ်း လင်းပွဲတော်။ ။

(၁၆)

သီတဂူလမင်း၊ ကမ္ဘာလင်း၍
မင်းမင်းထွင့်ခေါင်၊ ရွှေဘုန်းရောင်နှင့်
အောင်နိမိတ်ပန်း၊ တောင်ထိပ်လွှမ်းခဲ့
မြနန်းပင်ပျို၊ ရွှန်းရွှန်းစိုသို့
ရွှေအို ရော်ရွက်၊ မြေခ, သက်ရင်း
ရွှေစက် ရွှေပြောက်၊ ရွှေရည်သောက်ကြ
ခေါက်ရှာငှက်ပျံ၊ လောကခံနှင့်
ဖြစ်ပြန် ပျက်မြဲ၊ သံဝေစွဲလျက်
နက်နဲသိလာ၊ ထွန်းပြန့်သာအောင်
'ဓမ္မာသောက'၊ 'ဉာဏိဿရ'ဟု
နှစ်ဝ မျက်ဝန်း၊ ရှင်မြတ်ထွန်းခဲ့
ဖော်ညွှန်းဗုဒ္ဓ၊ ကြယ်စုံခ,သည့်
ပြီဿရာသီ၊ ဖွားသန့်ပီသော်
'ဝန်ချီနွားလား၊ ဥသဘအားနှင့်'
'တောလားမြင်းစီး၊ တောထွက်မှီးသို့'
'တစ်စီးဆင်ဖြူ၊ သန္ဓေယူရင်း'
'ဟောမူဉာဏ်တောက်၊ ခြသေ့်ဟောက်သား'
ကျော်ကိုက်စံပြ၊ ဉာဏ်နှစ်ခွနှင့်
အသောကမူ၊ ရှင်မြတ်ထူခဲ့
ပြည်သူခေတ်မီ၊ ရည်တူကြည်ဖို့

သီတဂူကမ္ဘာ၊ ဗုဒ္ဓတက္ကသိုလ်
စာဆိုမျှော်တမ်း၊ မဲဇာလွမ်းသို့
သည်လမ်းဆေးရုံ၊ သည်ဘုံတက္ကသိုလ်
သည်ဆိုရေစက်၊ သည်ဘက်စေတီ
ရွှေရည် လွှမ်းခြုံ၊ သမာဓိဂုဏ်နှင့်
ကံကြုံ၍ဖူး၊ ဉာဏ်စုံထူးအား
ရည်စူးပင့်ချီ၊ လွမ်းစာစီသည်
သီတဂူစက်ရေ ဆက်ဝေငှ
သီတဂူဆေးဝေ ခက်ဖြေကြ
သီတဂူဉာဏ်စေ စံမွေလှ
ကမ္ဘာလက်ဝေ သက်သေပြ။ ။

(၁၇)

သီတဂူချစ်၊ ပေကညစ်မှ
ရွှေခေတ်ကလောင်၊ ရွှေဉာဏ်ရောင်နှင့်
အခေါင်ဝေရှန်း အောင်မြေညွှန်းသော်
"ထွန်းပြောင်စည်ဝေ၊ ဂီတမွေဖြင့်
အောင်မြေသာခံ၊ ပခန်းမာန်လျှင်
(ဓမ္မရာဇာပခန်းမင်းသား = မြင်စည်)
သောင်ယံသဲမို့၊ မဲဇာပို့စေ
'စာဆို့လွမ်းငှက်၊ မျက်ဖြေဆဂါသော
လက်ဝဲသုန္ဒရ၊ ရွှေပြည်တလျှော်
စီးကျမျက်ရည်၊ ဖြေမဆည်သို့'
'နန်းတည်ပထမ၊ အမရပူရ၏
ဖခမည်းတော်မင်း၊ သားသက်နှင်းမင့်

(ဖခမည်းတော် ≈ ဘိုးတော်ပဒုံမင်းကြား)

သိချင်းဆို–ရေး၊ ရွှေရေးဆောင် မယ်တော်
ပျော်တော်ဆက်လေး၊ သတိပေးလျက်
တေးသည်စရိုက်၊ ပျော်ပါးကြိုက်ကြ
နောက်လိုက်ဗိုလ်ပါ၊ စုရုံးရှာသို့
အာဏာသိမ်းယောင်၊ မင်းပြစ်ဆောင်ဟု
ဖမ်းနှောင် ထောင်ချောက်၊ ပခန်းရောက်ခဲ့
မလျှောက်သာချို၊ မဲဇာကြိုတော့
စာဆို အားမာန်၊ 'ဗားဂရာဟန်နှင့်'
အောင်သံဟိန်းထက်၊ 'ပလ္လင်ထက်မှာ
သန်လျက်ကိုင်စစ်၊ နန်းစံချစ်ထက်
ကညစ်နှင့်ပေ၊ သစ်ငုတ်ဖွေရင်း
ထိုင်နေသည်က၊ မြင့်မြတ်လှ'သတဲ့
နှမသည်းဖြူ၊ လှမွေးကြူငယ်
'ရွှေကူရှင်မင်း'၊ နားတော်သွင်းသား
တမ်းချင်းဝေစည်၊ နန်းတွင်းရည်လျက်
ရွှေပြည်တော်တေး၊ မျှော်တိုင်းဝေးနှင့်
အေးလေပြည်တိမ်း၊ မြစိမ်းညို့ညို့
မို့မို့မှိုင်းပြာ၊ ရေကန်သာလျှင်
ရွှေကြာပဒုမ်၊ ဝေဆာငုံခဲ့
ရဂုံမြိုင်တွင်း၊ ပန်းစုံသင်း၍
သိချင်းကြီးဖွဲ့၊ မဲဇာမြေမှ
အောင်မြေသာဓုံ၊ ပခန်းသံနှင့်
တောင်ယံစစ်ကိုင်း၊ ချောင်စံတိုင်းက
ရင်လှိုင်းခတ်မြည်၊ လွမ်းဖြေဆည်သည်

သီတဂူရေသွန်း ကွန်းခိုသား
သီတဂူဆေးထွန်း ညွှန်းဆိုအား
သီတဂူဉာဏ်မွန်း ခွန်းချိုပွား
ကမ္ဘာစံညွှန်း ထွန်းလိုတကား။ ။

(၁၈)

သီတဂူရေ၊ တောင်ရိုးဝေတည့်
စိတ်စေသည့်ရုပ်၊ ဉာဏ်ဝင့်ချုပ်လျက်
အားထုတ်စီးဖြန်း၊ ကမ္မဋ္ဌာန်းနှင့်
ရဟန်းကိုရင်၊ သီလရှင်တို့
ရွှေမြင် မလွမ်း၊ ရေမြင်လွမ်း၍
ရွှေ တမ်းမတ၊ ရေတမ်းတ,ကြ
ချမ်းမြသည့်ရေ၊ လျှမ်းကျစေသော်
ရေရမျက်နှာ၊ ရွှေမျက်နှာသို့
ဆယ်ဖြာထိုးပြ၊ ရေကျိုးရ၏
အသင်္ချာ စောယွန်းရာဇာ
သာ,ယာ,ဝိုင်း,မည်၊ စစ်ကိုင်းတည်သော
(သာတဲ့ဝိုင်း စစ်ကိုင်းတည်ဟုလည်း မှတ်ရှိသည်)
နေပြည်အောင်ချာ၊ နန်းစိုက်ရာတည့်
ရေဆာဝေငှ၊ စေတီလှထိ
မြရေသွန်ဖြိုး၊ တောင်ရိုးချိုး၏
နီးကြား အသိ၊ မြောက်ဘက်သှည့်ကာ
ဓမ္မိကချောင်နား၊ ပတ္တမြားစေတီ
ရေကြည်တက်လျှင်၊ ဆက်ကပ်ဝင်လျက်
မင်္ဂလာစေတီ၊ အောက်ခြေလည်ပေါ်

နောက်ဆီမင်းဝံ၊ တောင်ရိုးစွန်လည်း
ရေသွန်ဆက်သွန်း၊ အရှေ့ယွန်းသော်
ကမ်းညွန်းရေမြွှာ၊ ဧရာဝတီ
လျှောက်ချီပန်တောင်း၊ ရေလှူကောင်း၍
ချောင်ပေါင်းရစ်ရာကျော်၊ သူတော်စင်ရှစ်ထောင်
အောင်ရေလှူရှာ၊ ရေချမ်းသာ၏၊
ရေဂါလံငါးသိန်း၊ နေ့စဉ်ထိန်းလျှက်
ငြိမ်းချမ်းရေးနယ်၊ ချောင်ငါးဆယ်လည်း
ရေသွယ်ပို့မည်၊ စိတ်တမ်းရည်သည်
သီတဂူရေပို့ နှစ်မြို့ကောင်း
သီတဂူဆေးမွှန် လွှန်နှစ်ထောင်း
သီတဂူတွေးကြံ ပေးဉာဏ်ဆောင်း
ကမ္ဘာစုံသိ ဂုဏ်ပြည့်ကြောင်း။ ။

(၁၉)

သီတဂူကျင့်တတ်၊ စိတ်မြင့်မြတ်နှင့်
ပတ်လော့ကမ္ဘာ၊ ခြေစကြာနှင့်
ရှာလော့အသိ၊ မျှဝေသိနှင့်
ကပ္ပိယကျော်၊ တပည့်မော်တို့
ဉာဏ်မြော်မြင်သိ၊ စွမ်းအားဖြည့်လျက်
တပည့်ဆရာ၊ ပြည့်သဒ္ဒါနှင့်
ရောရေချမ်း၊ တောင်ရိုးလွှမ်းအောင်
ကြိုးပမ်းမှုစုံ၊ ရေးမကုန်ဘူး
ဘယ်ဂုဏ်နှင့်ယှဉ်၊ သမိုင်းတင်၍
ဘယ်မြင်နှင့်ရှု၊ မော်ကွန်းပြု၍

အနုလက်ရာ၊ မစွမ်းသာနိုင်
လက်ာပန်းကုံး၊ ကြင်နာပြုံးနှင့်
နှလုံးစိတ်ဝမ်း၊ နေ့တိုင်းလွမ်းလိမ့်
စွမ်းရည်စံနှုန်း၊ ထမ်းချီရုန်းလျက်
ကျင့်သုံးတူပျော်၊ ရေလှူတော်ကို
တောင်ပေါ်တောင်အောက်၊ စက်ရေသောက်၍
'ကြာပေါက်တောင်ထိပ်၊ စေတီရိပ်တွင်
ငါးလိပ်ပျော်ပါး၊ ဥဒါန်းထားအံ့'
'တရားချစ်ခင်၊ သူတော်စင်လည်း
ဈာန်ဝင်ပျော်လှည့်၊ ဆုတောင်းပြည့်အံ့'
'မွန်းတည့်နေဝန်း၊ စိန်ရောင်ရှန်းသို့
ထွန်းထိန်တောက်ပ၊ ကန်တော့ပြအံ့'
ဗုဒ္ဓသားကျော်၊ ဆရာတော်နှင့်
အဖော်ကပ္ပိယ၊ စိတ်အလှတို့
လောကရေးရာ၊ လောကုတ္တရာနှင့်
'ချမ်းသာ,ဆင်းရဲ'၊ ဘယ်မခွဲသို့
ခက်ခဲဇာချဲ့၊ 'ကဲ့ရဲ့, ချီးမွမ်း'
'ချစ်ကျွမ်း, မုန်းတင်း'၊ ဘယ်မငြင်းဘူး
'ငွေခင်းခြွေရံ၊ ပေါပြည့်လျှံစေ'
'ဝေဖန်ထန်သည်း၊ ခြွေရံနည်းစေ'
ထုံးသည်းနည်းနာ၊ အဖြာဖြာနှင့်
လှူရှာကျိုးရည်၊ လမ်းပြချီသည်
သီတဂူအေးရေ ပေးဝေထုး
သီတဂူဆေးဝေ အေးလေဦး
သီတဂူဉာဏ်စေ ကြံလေမြူး
ကမ္ဘာမြင်စေ တင်ကျေးဇူး။ ။

## (၂၀)

သီတဂူ အာယု၊ ဒါနရှု၍
ကရုဏာပြည့်၊ သနားဘိသို့
မုဒိတာထင်၊ ဝမ်းမြောက်ရွှင်ခဲ့
ခေါင်းတွင်ဘုရား၊ လက်တော်ထားသော်
ညီဖွား အာနန်၊ ခြေရင်းစံလျက်
နာလန်ထ,လို၊ ရဟန်းအိုအား
ကြည်ညိုသမှု၊ သူနာပြုရင်း
အာယုဒါန၊ ဆေးရုံလုတွင်
စံပြပန်းချီ၊ ဉာဏ်လုပီသား
ယုံကြည်သဒ္ဓါ၊ ဂုဏ်တည်စာလည်း
'ငါ့ဘုရားကို၊ လုပ်ကျွေးလိုက
လူအိုလူနာ၊ လုပ်ကျွေးရာ၏'
'ချမ်းသာမမြဲ၊ ဆင်းရဲမလွတ်
ကျွတ်တမ်းမဝင်၊ ပုထုဇဉ်ဟု
အမြင်သနား၊ အစဉ်ကြားအောင်
တရားသွန်သင်၊ သံကုန်းရှင်တည့်'
နာစဉ်ခဏ၊ သံဝေရသို့
သေရမည့်ရေး၊ တွေးကြောက်သေးလျှင်
ဆေးဆွမ်းထက်မြက်၊ ကုသချက်ဖြင့်
အသက်ပေးလှူ၊ သီတဂူပေါ်
'အဖြူအမဲ၊ မသဲကွဲ၍
အားနည်းမျက်ဝန်း၊ ကြည်စေညွှန်းအံ့
လက်ရှန်းကြည်သာ၊ မျက်ကြည်လွှာဖြင့်
တပ်ခါဆင်ပေး၊ ကြည့်တိုင်းအေးတည့်'

ဆေးထွန်းအောင်နိုင်၊ တောင်စစ်ကိုင်းသို့
ချောင်တိုင်းခိုဝင်၊ သူတော်စင်များ
သံစဉ်တရား၊ ဉာဏ်မြင်ကြားအောင်
ဘုရားသူနာပြု၊ ပေါ်အောင်ရှုကြ
ပုမ္မဒုက္ခ၊ ကင်းကွာကျအောင်
လုပ်ခ,ရာကြိုက်၊ ငွေပင်စိုက်ကြ
ဆေးတိုက်ကျွေးပါ၊ ကုသပါဟု
မေတ္တာစွမ်းရည်၊ သစ္စာပီသည်
သီတဂူရေကက် ဝေလက်ကြာ
သီတဂူဆေးချက် အေးကွက်ရှာ
သီတဂူမြတ်ကျမ်း တက်ကျွမ်းရာ
ကမ္ဘာလည်လှည့် ပီတိဖြာ။ ။

(၂၁)

သီတဂူ စံပြ၊ ကမ္ဘာ့ဗုဒ္ဓ
တက္ကသိုလ်လှ၊ တည်ထောင်ပြသို့
"တက္ကသီလာ၊ ဂန္ဓာရတိုင်း
သမိုင်းဦးတွင်၊ မော်ကွန်တင်တည့်
ပညာစုံပြည့်၊ သာရိပုတ္တရာ
ဖွားရာဒေသ၊ နာလန္ဒလည်း
'နာဂ အဇ္ဈ'၊ 'ဘိက္ခုကဿပ'
ဗုဒ္ဓသားကျော်၊ ဆရာတော်တို့
မြော်မြင်ကြံတွေး၊ ပညာရေးတွက်
အားပေးကြံလော၊ စုံဘာသာနှင့်
နာလန္ဒတက္ကသိုလ်၊ ဟောင်း, သစ်ကြိုခဲ့

ကြည်ညိုစဖွယ်၊ လွမ်းစဖွယ်တို့
ဉာဏ်ကြွယ်ဘဏ်တိုက်၊ ပြည်ဖိုးထိုက်အောင်
ကြံကြိုက်မချို့၊ ဖွင့်လှစ်ပို့မည်
ငါတို့ဗုဒ္ဓ၊ ဝိနယနှင့်
သုတ္တဋ္ဌာန၊ အဘိဓမ္မနှင့်
ကမ္မဋ္ဌာန၊ ပါဠိလှနှင့်
သာသနဝံသ၊ ရာဇဝံသနှင့်
ဒဿနတွေး၊ ဘာသာရေးနှင့်
နီး,ဝေး ဘာသန္တရာ၊ မြန်မာစာတို့
ဆယ်ဖြာဌာန၊ သင်ရိုးလှလိမ့်
သက္ကတ, ဟိန္ဒီ,၊ ဂျာမနီနှင့်
တလီ ပြည်သစ်၊ ဂျပန်ချစ်သား
ပြေပြစ်စာပေ၊ ဝေချစ်စေအံ့
မသေရပ်ဝန်း၊ နိဗ္ဗာန်ယွန်းဖို့
ဉာဏ်ချွန်အုပ်စို၊ စိတ်နှောင်ကြိုးကို
ဖြတ်ချိုးပြတ်စေ၊ ဉာဏမွေတည့်
'နေ' တစ်ဝန်းချစ်၊ နေ့ရှုန်းသစ်သို့
ရွှေဖြစ်'လစန်း'၊ ညသစ်လျှမ်းစွ
လူ့စွမ်းပါရမီ၊ ပညာပီမှ
ဝီရိယနောက်၊ ခွဲပြို့ပြောက်သို့
တစ်ခေါက်လူ့ပြည်၊ လင်းပြမည်အံ့
ချစ်ကြည့်ရေမြင်၊ သဲကုန်ရှင်ဟု
နေသွင်လန္နှန်း၊ အလင်းဆုံးဖြင့်
နှလုံးသားစည်၊ ပုံတင်မြည်သည့်
သီတဂူရေသုံး တောင်လုံကြည့်

သီတဂူဆေးသုံး အေးထုံးဖြည့်
သီတဂူဉာဏ်သုံး စံနှုန်းပြည့်
ကမ္ဘာမြင့်ဆုံး ကျင့်သုံးလှည့်။ ။

(၂၂)

သီတဂူအရှင်၊ ဉာဏ်လမ်းစဉ်ဖြင့်
ဈာန်ယာဉ်စီးကာ၊ တရားရှာသို့
အာဇာနည်မှတ်၊ ပုဂ္ဂိုလ်မြတ်ဟု
စာစပ်ပူဇော်၊ စာညိုးရော်လိမ့်
မျက်ဖျော်ကဗျာ၊ လက်တော်လာလည်
ဆရာတော်ဘုန်း၊ ဂုဏ်မမှုန်နိုင်
ပြောထုံဖြစ်အောင်၊ ဟောမဆောင်နိုင်
ရောင်ခြည်ဉာဏ်မြူး၊ ဖမ်းမရှုနိုင်
ကူမြတ်ပေးသည်၊ မြန်မာပြည်မှ
ပြည်ပသာသနာ၊ ထွန်းသစ်လာသို့
သံဃာဂုဏ်ရည်၊ ပို့လွှတ်ပီ၍
'သီတဂူဗုဒ္ဓဝိဟာရ' ဟု
တက္ကဆက်ပြည်တွင်၊ အော်စတင်၌
ထင်လာကျောင်းဂုဏ်၊ ထုံလာသီလ
ထေရဝါဒ၊ ဓမ္မအသင်း
စည့် မျဉ့်ဝန်ထမ်း၊ 'ရဟန်းငါးပါး'
'လူမျာ စောင့်ရှောက်၊ ဆယ့်ငါးယောက်တို့'
အထောက်အကူ၊ အချိန်ယူလျက်
သူတော်မနော၊ တရားဟောသို့
နောဂါရဝ၊ တရားပြသို့

ဓမ္မစာအုပ်၊ စာတမ်းထုတ်၍
ယုတ်, မြတ်မရွေး၊ တရားနွှေ ရင်·
အာ·ပေးချေင်၊ အမေရိကန်တည့်
သိပ္ပံနည်း·ကျ၊ မြတ်ဗုဒ္ဓ၏
မုခနူတ်ဖွင့်၊ ဓမ္မကျင့်နှင့်
နာမ်ဆင့်ခေါ်ပြ၊ ရုပ်လောကနှင့်
'အတ္တပေလော၊ အနတ္တလော'ဟု
'နိစ္စပေလော၊ အနိစ္စလော'ဟု
စောကြောဝေဖန်၊ လောကခံနှင့်
ရုပ်နာမ်ဓမ္မ၊ သင်္ခါရနှင့်
ထေရဝါဒ၊ ဟောဖော်ပြ၍
ခမ္မအောင်လံ၊ မိုးထိ ပျံခဲ့
တမန်ဉာဏ်ရှင်၊ သဲကုန်·ရှင်"ဟု
ဦး တင်ဂုဏ်ရည်၊ ကဗျာရည်သည်
သီတဂူရေဖျန်း တောင်လန် ရှင်
သီတဂူဆေ ဆွမ်း အေးချမ်း·ရင်
သီတဂူစာတမ်း ကျော် ခန်း·ဝင်
ကမ္ဘာမြင်စမ်း မှတ်တမ်း တင်။ ။

(၂၇)

သီတဂူကုသိုလ်၊ ဉာဏ်လှူလို၍
'စာဆို ဂုဏ်တင်၊ ပညာရှင်တို့'
'အရှင်ဉာဏိဿရ၊ သာရဟိတ်နှင့်
သပိတ်အိုင်ထုံ၊ ကျင့်နှလုံး·ဖြင့်
သဲကုန် စင်ဖြူ၊ သီတဂူတည့်'

သုံးလူထွင့်ထား၊ မြတ်ဘုရား၏
တရားဆူဆူ၊ အသံလှူရင်း
'စာမူရေးစေ၊ တောင်းခံပေ' ဟု
စေတနာကြည်၊ ဖိတ်ခေါ်သည်နှင့်
စေတီပုထိုး၊ ဂူမျိုးမျိုးနှင့်
မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိမြေနှင့်
(ဗောဓိတစ်ထောင်)
ကံခေနှလန်ထူ၊ ကံတလူနှင့်
ဆုယူဖူးမျှော်၊ ကောင်းမှုတော်နှင့်
ကျောက်တော်ကြီးဘုရား၊ မန်းတောင်နား၍
ဘုရားမုနိ၊ အတုမရှိ၊ ရွှေကျောင်း၊
ဗားဂရာကျောင်းစုံ၊ မဟာဂန္ဓာရုံနှင့်
ကြေးမုံရိပ်သွင်၊ အာရုံထင်မိ
တင်ရှိကျေးရွာ၊ ဆပ်နိုင်ဦးအံ့
ပေးဖူးမကုန်၊ ကျေးရွာဂုဏ်လျှင်
မွေးထုံစာပန်း၊ စာသစ်ဆန်းဖြင့်
ရဟန်းမြတ်မူ၊ သီတဂူအား
စာလှူတမ်းပွဲ၊ ငါတို့နွဲ့သို့
ခက်ခဲမဟူ၊ လက်တွဲကူရင်း
ကြည်ဖြူရွှင်ပျ၊ ကပ္ပိယတို့
ချမ်းမြခရီး၊ ကားနှစ်စီးဖြင့်
မညည်းစတမ်း၊ ဟောပြောခန်းနှင့်
ပြုံးပန်းဆောင်ယူ၊ သီတဂူပေါ်
"ရေလှူ၊ ဆေးပေး၊ ပညာရေးနှင့်
နီးဝေးမြင်ကွင်း၊ ဓမ္မသင်းတည့်

ရှင်းတမ်းထုတ်ဖော်၊ ဆရာတော်၏
ဉာဏ်တော်သံကြည့်၊ နာမအီနိုင်
ကသီလင်တ၊ မပို့ရ၍
လုံးဝကျောင်းပြီး၊ စာစောင်ကြီး နှင့်
ခရီးကြိုက်ကြုံ၊ သည့်ခိုက်တုံအောင်
ဆုံဆည်းမှုလမ်း၊ ခွဲခွာလုမ်း ခဲ့
လွမ်းလောက်စဖွယ်၊ စကားကြွယ်" ဟု
အားငယ်စိတ်တင်း၊ ကြေကွဲခြင်း ဖြင့်
အလင်းဖြန့်ချိ၊ စာပန်း စီသည့်
သီတဂူရေလုံး ဖုံးတုံ့ဖုံ
သီတဂူဆေ တုံး သုံးတုံ့သုံ
သီတဂူဉာဏ်သုံး ကုံးတုံ့ကုံ
ကမ္ဘာပတ်ကုံး ပြုံးတုံ့ပြုံး

## (၂၄)

သီတဂူတရား၊ နေ့တိုင်းကြားက
'ဘုရားပွင့်ထွန်း၊ ချမ်းသာညွန်းသို့
အစွန်းလွတ်ငြား၊ ဟောတရားသို့
မခြားညီညွတ်၊ သံဃာလွတ်သို့
မြတ်ထွင့်ကျမ်းသာ၊ ကျင့်စေရာဟု
ဆရာသဲကုန်း၊ ဖွဲ့ဖွင့်သုံး၍
နှလုံးသားတွင်၊ ကမ္ပည်းတင်၏'
'ရေစင်ပြည့်အိုး၊ ပညာဖြိုးက
အကျိုးရောက်မှု၊ နည်းကောင်းမှုလည်း
ကရုဏာဖိတ်၊ စုစည်းသိပ်သော်

မြတ်စိတ်ကုသိုလ်၊ ရသချို၏'
'ရန်လိုသူကြား၊ ရန်မပွားဘဲ
တရားမျှတ၊ ချမ်းသာရသို့
လောဘကွပ်ထိန်း၊ ဒေါသငြိမ်းရင်း
မိန်းမူးမောဟ၊ ကင်းမာနကြောင့်
သောကရန်စစ်၊ ငြိမ်းချမ်းချစ်၏'
ရင်ဖြစ်သဒ္ဒါ၊ စေလွတ်ရာတော့
ပညာနား၀၊ ပြည့်စုံလှလျက်
ဒုက္ခချုပ်ငြိမ်း၊ နိဗ္ဗူကိန်းအံ့
ငြိမ်းချမ်းတံခါး၊ ငါဖွင့်ထားဟု
တရားအသံ၊ အောင်တမန်ဖြင့်
ဆောင်ရန်ရွေးထုတ်၊ အနှစ်ချုပ်လျှင်
သရုပ်ပြဖော်၊ ဆရာတော်တည့်
'မခေါ်ဘဲလျှင်၊ လူ့ပြည့်ဝင်သို့
မနှင်ဘဲပြန်၊ လူ့ရပ်ဌာန်မှ
သံသရာခရီး၊ အရှည်ကြီးတည့်
မီးပန်းလျှပ်ဆင်၊ ရွှေတောင်ထင်၍
ရွှင်ပျခုန်တိုး၊ ဖလံပိုးနှယ်
နှောင်ကြိုးတင်းလင်း၊ ချ, သက်ပြင်းနှင့်
ငြင်းဆန်အခက်၊ ရှင်, သေ, ရက်ပေါ်
တစ်လက်ဆွမ်းခံ၊ ဒါနဆန်နှင့်
သံသပိတ်တောင်း၊ တစလောင်းနှင့်
ကောင်းသောစလေ့၊ လှူခံတွေ့သော်
အလေ့အလာ၊ လှူတတ်စွာသား
ရိက္ခာအသွင်၊ ဒါနခင်' ဟု
မြော်မြင်ကြံစည်၊ ဟောတိုင်းပီသည်

သီတဂူရေပန်း တောင်တန်းစီး
သီတဂူဆေးဆွမ်း အောင်လမ်းကြီး
သီတဂူဉာဏ်ခန်း ဆောင်စွမ်းထီး
ကမ္ဘာကြည်လျှမ်း မိုငြမ်းမှီး

(၂၅)

သီတဂူ စစ်ကိုင်း၊ ရည်တူနှိုင်းလျှင်
အနှိုင်းခံပုဒ်၊ ဂုဏ်မယုတ်ဘူး
'အလုပ်တရား၊ အထုပ်များနှင့်'
'ခါးဝတ် သီလ၊ ဆင်မြန်းလှနှင့်'
'ဒါနပန်းမွှေး၊ နေ့တိုင်းပေး၍'
'အတွေးအခေါ်၊ ဉာဏ်လမ်းပေါ်တွင်
အဖော်မမင်၊ သူတော်စင်တို့
ချောင်ဝင်သမိုင်း၊ တောင်စစ်ကိုင်းက
ပုံခိုင်းကြည်ညို၊ ဗြဟ္မစိုရ်တည့်
ရင်ခိုလေးပါး၊ မြင်ချီးပွားဓါ်'
'အကြားအမြင်၊ နည်းစွာထင်က
နွားသွင်မခြား၊ ချည်းနှီးထွားသို့
အသားတိုးပွား၊ ထိုယောကျ်ားအား
နည်းပါးပညာ၊ ကျိုးယုတ်စွာဓါ်'
'ဗာလာ-သူမိုက်၊ ရှယ်ရှိခိုက်၌
မလိုက်ကျင့်စဉ်၊ ဘယ်မမြင်၍
မခင်ဥစ္စာ၊ ကြိုက်မရှာသော်
ကြိုးကြာဆာမွတ်၊ အတောင်ကျွတ်သို့
ငါးချွတ်ယွင်းအိုင်၊ အိုကြဲမှိုင်းရင်း

မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းလိမ့်'
'ဖွဲ့တမ်းယောကျာ်း၊ နှတ်ချစ်များသို့'
'တရားဓမ္မ၊ ကျင့်သုံးကလည်း
ဓမ္မစွမ်းအင်၊ စောင့်ရှောက်ခင်၏
မမြင်ဒုဂ္ဂတိ၊ မကပ်ငြိသို့
တတ်သိ လိမ္မာ၊ ကျိုးချမ်းသာ' ဟု
ဆရာသဲကုန်း၊ မြတ်နှလုံးဖြင့်
ကျင့်သုံးလမ်းကြောင်း၊ လမ်းပြကောင်းတည်း
နှစ်ထောင်းချစ်ကြည်၊ လက်အုပ်ချီသည်
သီတဂူရေညွှန်း မွှန်းစေပေါ့
သီတဂူဆေးထွန်း ညွှန်းလေတော့
သီတဂူဉာဏ်ချွန်း မွန်းဖြေလျှော့
ကမ္ဘာစံညွှန်း ကွန်းဖွေရော့။ ။

(၂၆)

သီတဂူ ကျင့်လှ၊ ဉာတတ္တတည့်
'နွားမ နို့ရည်၊ ချိုချိုအိကို
ပြန်လည်နွားမ၊ မသောက်ကြဘူး
မြစ်မချောင်းသွယ်၊ ရေမှိုသယ်လည်း
ချောင်းငယ်မြစ်လှ၊ မသောက်ကြသို့
သီးလှသစ်ပင်၊ ဖွံ့ဖြိုးရှင်လျက်
သစ်ပင်အားလုံး၊ စားမသုံး' ဟု
'နှလုံးသားတွင်၊ ကမ္ဘည်းတင်ကာ
အရှင်သဲကုန်း၊ ရင်ထဲပြုံးနှင့်
ပြည်လုံးငြိမ်းချမ်း၊ ကျင့်ဆောင်စွမ်းစေ

မှာတမ်းသံချို၊ ကြားကြည်ညိုတည့်'
'စာဆို စေတနာ၊ ကရုဏာနှင့်
မေတ္တာစွမ်းအင်၊ သဒ္ဒါထင်အောင်
ကာဗျဥ္စလီ၊ ဂုဏ်ပွင့်စီတော့
လူ့ပြည်ဘဝ၊ တဒင်္ဂ၏
အလှကိုယ်စီ၊ ချိုမြကြည်လိမ့်'
အလည်လာသော၊ ဘဝမောတွေ
အတောမသတ်၊ သောကဇာတ်တွေ
အမြွတ်တင်စီ.၊ လောဘမီးတွေ
အသည်းခါရူး၊ ဒေါသဆူးတွေ
မိန်းမူးစရိုက်၊ မောဟမိုက်တွေ
အခိုက်အတန့်၊ မဝင်ဆံ့အောင်
စိတ်သန့်ကြည်ပန်း၊ သီလစွမ်းနှင့်
ပေးကမ်းသရုပ်၊ ဒါနထုပ်နှင့်
အားထုတ်ရှုလာ၊ ဘာဝနာနှင့်
ချမ်းသာစစ်မွေ၊ ရယူစေဖို့
စာပေစကား၊ မြွတ်တရားဖြင့်
ဟောကြားစွမ်းရည်၊ ဘုရားတည့်သည့်
သီတဂူရေအောင် ချောင်ချမ်းမြေ့
သီတဂူဆေးဆောင် နှောင်လန်းပေ့
သီတဂူဉာဏ်ရောင် ဆောင်ခန့်မွေ့
ကမ္ဘာလွှမ်းယောင် အောင်လမ်းတွေ့။ ။

(၂၇)

သီတဂူသရုပ်၊ စွမ်းအားထုတ်လျှင်
လောကုတ္တရာ၊ ကျိုးချမ်းသာသို့
လူ့ရွာလောကီ၊ ချမ်းသာပီ၍
နှစ်လီကောင်းကျိုး၊ နေ့တိုင်းတိုးအောင်
တန်ဖိုးတီထွင်၊ သဲကုန်းရှင်တည့်
သံစဉ်တရား၊ ဉာဏ်ရှင်ပွားလျက်
ဘုရားလိုကျ၊ ဟောဖော်ပြ၏
'ဥဒကရေ၊ တောင်ရိုးစေလျက်
ရေဖန်ဆင်းသူ၊ သီတဂူတည့်'
'ဆေးလှူသက်လု၊ ကျန်းမာမှုတွက်
အာယုဒါန၊ ဇီဝိတဟု
စံပြဆေးရုံ၊ ဖန်ဆင်းကြုံတည့်'
'တွေ့ဆုံကြုံကွဲ၊ ခရီးခဲ၌
နက်နဲပညာ၊ ဆည်းပူးရာ၍
အာစရိယပီ၊ လမ်းပြချီဖို့
သီတဂူကမ္ဘာ့၊ ဗုဒ္ဓတက္ကသိုလ်
ကြည်ညိုဉာဏ်ထွင်၊ ဖန်ဆင်းရှင်တည့်'
'ယဉ်ကျေးပျူငှာ၊ မျိုးမြန်မာဟု
မေတ္တာစွမ်းရည်၊ ဆက်ဆံပီသော
သီတဂူဗုဒ္ဓ၊ ဝိဟာရဖြင့်
ဓမ္မအသံ၊ အမေရိကန်တွင်
နာခံမှတ်သား၊ ကျိုးမြင့်မားတည့်'
ဘုရားသားကျော်၊ ဆရာတော်လျှင်
ဟောဖော်မည့်ည်း၊ တရားထိးနှင့်

ပွားစီးမကုန်၊ ဘာဝနာထုံလျက်
အာရုံစိတ်စွမ်း၊ ရုပ်မနွမ်းအောင်
ကြိုးပမ်းခဲ့ပြား၊ ရှာမှုရှားဟု
ဝင့်ကြွားဂုဏ်ယူ၊ မော်ကွန်းထူလျက်
တက်လူကဗျာ၊ ဆက်မှုလွှာဖြင့်
ပညာဒါန၊ ဂါရဝတည့်
ကမ္ဘာ့စံနမူ၊ သီတဂူအား
စိန်ဆုဆုဆက်၊ စစ်ကိုင်းသက်နှင့်
မိတ်ဖက်ချစ်ကြည်၊ ဂုဏ်ရောင်ခြည်သည်
သီတဂူလမင်း အလင်းဆက်
သီတဂူဘုန်းမြတ် သုံးသပ်ထက်
သီတဂူမော်ကွန်း ဖော်ညွှန်းချက်
သီတဂူဗိမာန် နိဗ္ဗာန်တက်
ဖောင်ကူးတို့နှင့် ဆောင်ပို့လျက်။ ။

## နောက်ဆက်တွဲဆုတောင်း

ရေဖန်ဆင်းလာ၊ ဗကပြဟ္မာနှင့်
သူနာပြုလှ၊ ဗာကုလသို့
ဓမ္မစံနှိုင်း၊ တောင်စစ်ကိုင်း၏
သမိုင်းမော်ကွန်းတင်၊ သဲကုန်းရှင်အား
ကာဗျဥ္စလီ၊ ပူဇော်ရည်သည်
ရွှေပြည်တော်ချစ် သစ်စေသောဝ .....။ ။

တက်လူ

# သူ့ရဲ့ကောင်းစိတ်ဓာတ်

တစ်စုံတစ်ခုပြီးမြောက်အောင်မြင်အောင် လူတွေ ပင်ကိုယ်အရည်အချင်းနှင့် ပြုကြပါသည်။ သို့သော် လူတို့မှာ အလုပ်တစ်စုံတစ်ခုကို လုပ်ကိုင်နိုင်စွမ်းရှိသော်လည်း ပြီး မြောက်အောင်မြင် မလာတတ်တာတွေလည်းရှိသည်။ ကျွန်မ ကို ဆရာတစ်ဦးက လမ်းညွှန်မှုပြုဖူးပါသည်။

You should have activity
more than ability.

အရည်အချင်း (Ability) ထက် ပြီးမြောက် အောင် မြင်အောင် လုပ်နိုင်စွမ်း (Activity)ကား အမှန်ပင် လိုအပ်ပါသည်။ ကျွန်မတို့ဆရာတော် (သီတဂူဆရာတော် သို့မဟုတ် အရှင်ဉာဏိဿရ)သည် အလုပ်များကို ပြီးမြောက် အောင်မြင်အောင် လုပ်ကိုင်နိုင်စွမ်းရှိသော ဓမ္မခေါင်းဆောင် ကောင်းတစ်ဦးဖြစ်ပါသည်။ ဆရာတော်အား ဓမ္မသူ့ရဲ့ကောင်း ဟုပင် တင်စားကာ ဝိသေသပြုချင်ပါသေးသည်။

၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ကျွန်မအား အိန္ဒိယနိုင်ငံသို့ ဓမ္မခရီးသွားရန် ဖိတ်ကြားချက်စာရ ရောက်ရှိလာခဲ့ပေရာ ဘုံဘေမြို့အနီး အီဂတ်ပူရီ ရိပ်သာ တွင် အဆိုတစ်ရပ် ကြားခဲ့ရပါသည်။

Buddha never taught Buddhism,
Buddha taught Dhamma.

ဗုဒ္ဓသည် ဗုဒ္ဓဘာသာကို သင်ကြားခြင်းမဟုတ်၊ ဗုဒ္ဓသည် ဓမ္မကိုသာ သင်ကြားခြင်းဖြစ်သည်ဟူ၏။ ယခု ဆရာတော်လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ရပ်များသည်လည်း ဓမ္မကြောင့်ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်တုန်းက ဆရာတော်အား ဖူးမြော်တွေ့ရှိခဲ့ရသော အချိန်ကာလမှစ၍ ယနေ့ထက်တိုင် ဆရာတော်၏ ဓမ္မလုပ်ငန်းများကား မိုးကောင်းကင်တမျှမြင့်မားပြီး သမုဒ္ဒရာနှယ် အပြောကျယ်လှပေသည်။ ကျွန်မကဲ့သို့သော သာမန်စာရေးသူအဖို့ ဘဝ သုံးဘဝပြောင်းကူးသည့်တိုင်အောင် လုပ်နိုင်စွမ်းရှိမည်မထင်ပါ။

**ဖွဲမနှန်းသာဘု**

**သဲကုန်းရယ်တဲ့ ဆရာတော်**

ဆရာဦးဆန်းထွန်း ရေးစပ်ထားသကဲ့သို့ပင် ဖွဲကတော့ ဘယ်သူမှ နှိုင်းယှဉ်လို့မရနိုင်သော 'ဖွဲ'ဖြစ်ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ် ဦးဆန်းထွန်း (ရဟန်းဝတ်နှင့် ယခုသီတဂူ ဆရာတော်နှင့် ဘွဲ့မည်တူသော ရှင်ဉာဏိဿရ)သည် ဆရာတော်၏ စွမ်းဆောင်ချက်များကို အံ့သြခဲ့ပါသည်။

**တောင်ပေါ်မှာ ရေစီးလို့**
**မြစ်ကြီးဧရာဝတီ**
**မိုးပျံခဲ့ပြီ။**
**အာဇာနည်**
**စာဂီနှင့်အစွမ်း**

ဟု ဆရာသုခ ကလည်း ရေးဖွဲ့ခဲ့သည် မဟုတ်ပါလား။

အသာ ညိုညို ထောင်ထောင်မောင်မောင်း နဖူးပြေပြေ စူးရှတောက်ပြောင်သော မျက်လုံးတော်အစုံ၊ နှာတံမြင့်မြင့်နှင့် ဆရာတော်၏ ဥပဓိရုပ်သည်ပင်လျှင် အာလုံးကို ရိုသေကိုင်းရှိုင်းစေပါသည်။ တစ်ချိန်သော မတ်လဆန်း (၂)ရက် တပေါင်းလရာသီရောက်သော်လည်း အီဂတ်ပုရိတောင်ကုန်ပေါ်၌ ငွေနှင်းမှုန်များ ကျဲပြန့်ဆဲ၊ အအေးဓာတ်ကာ ဝန်းကျင်တစ်ခုတွင် သိုင်းခြုံရစ်ပတ်ဆဲတည်း ။ ညောင်ရွက်များ ၊ ကွမ်းရွက်၊ ဝါးရုံရွက်၊ သရက်၊ မရမ်းပင်တို့မှ အရွက်စိပ်စိပ်တို့ပေါ်တွင် ပုလဲရည် ငွေနှင်းတို့ တွဲဥဆဲ. . . .

ဆရာတော် အင်္ဂလိပ်ဘာသာအာဖြင့် စာတမ်းဖတ်ပြီးစ အခွင့်သာတုန်း ဆရာတော်ထံ ကျွန်မချဉ်းကပ်ခါ ကိုယ့်ကိုယ်ကို မိတ်ဆက်ပါသည်။

"တပည့်တော် စာရေးဆရာ မဟာဆွေရဲ့သမီး ခင်ဆွေဦး ပါဘုရား"

"ဩော် ဘုန်းကြီး စာတွေဖတ်ဖူးပါတယ်"

သိမ်မွေ့တည်ငြိမ်သောအပြုံးနှင့် အသိအမှတ်ပြုပါသည်။ ကျွန်မသည် မှတ်စုစာအုပ်ငယ်လေးတစ်အုပ် ဆရာတော့်ရှေ့ထိုးပေးကာ ဆရာတော်ထံမှ ဩဝါဒစကားရယူပါသည်။ ဆရာတော်သည် ပါဠိဘာသာဖြင့် ရေးပေးပြီး ကျွန်မကို မြန်မာဘာသာအားဖြင့် ပြန်မိန့်ဆိုပါသည်။ နောင်ကာလတွင် ဆရာတော်မိန့်နေကျ 'ခမ္မအောင်လံ' ထူသည့်အကြောင်း ဖြစ်သော်လည်း ထိုနေ့က ဆရာတော် မိန့်ခွန်ခဲ့သော စကားများကို အတိအကျ ပြန်ပြောချင်ပါသေးသည်။

'ဓမ္မ ဟာ သာသနာတော်ရဲ့ အလံဖြစ်တယ်။ တရား ဟောခြင်းဖြင့် ဓမ္မအောင်လံထူပါ။ တရားဓမ္မနဲ့ ပတ်သက်လို့ တိုးပွားအောင် မပြုလုပ်နိုင်ရင် အောင်လံလှဲတာနဲ့တူတယ်ဟုတ်လား ။ အိန္ဒိယပြည်မှာနှစ်ပေါင်းများစွာ အောင်လံ လှဲသလို ဖြစ်ခဲ့တယ်။ ခု အောင်လံထူပါပြီ။ အလံလှဲတဲ့ တိုင်းပြည်ဟာ စစ်ရှုံးတာနဲ့အတူတူပါပဲ။'

လွန်ခဲ့သော ရှစ်နှစ်ခန့်က ဆရာတော်ပြောကြားခဲ့သော ဓမ္မစကား များ ဖြစ်ပါသည်။

တပေါင်း လဆန်း (၇)ရက်နေ့ မှတ်မှတ်ရရ ဖြစ်ခဲ့ပါသည်။ ဆရာတော်၏ မွေးနေ့ကား တပေါင်းလပြည့်နေ့ဟု ကျွန်မယခု သိရပြန်ပါသည်။ ထိုစဉ် အိန္ဒိယတွင် ရှေ့အပတ် မတ်လ (၁၀)ရက်နေ့ကာ တပေါင်းလပြည့်နေ့။ မှတ်မှတ်ရရ မိုးသာ အနည်း ငယ်ထူထပ်ကာ အနည်းငယ် အုံ့မှိုင်း နေပါသည်။ အိန္ဒိယတိုင်း ပြည်၌ သင်္ကြန်ကျနေပေပြီ။ မြန်မာနိုင်ငံ သင်္ကြန်နှင့်မတူပါ။ ရေပက်ရမက တစ်ဦး ကိုတစ်ဦး ခဲလုံး များ နှင့်ပင် ပစ်ကြခတ်ကြသည်အထိ ပွဲကြမ်းတတ်ပါသည်။
မြန်မာနိုင်ငံ၌ကား တပေါင်းလပြည့်နေ့သည် ရွှေတိဂုံဘုရား ပွဲတော်နေ့၊ သဲပုံစေတီဘုရား ပွဲတော်နေ့၊ ယနေ့ ကျွန်မသိရသည်မှာ ဆရာတော်၏ မွေးနေ့ . . .။

ဂျပန်တိုင်းပြည်မှ 'ကာဂေ မူရှား' ဆိုသော ကမ္ဘာကျော် သမိုင်းဝင်ရုပ်ရှင်ကားကို ရိုက်ကူးသော ဒါရိုက်တာ ကူရိုဆာဝါ (Kurosawa)က စစ်သူရဲကောင်းကို ရည်ညွှန်း ဂုဏ်ပြုသော စကားတစ်ရပ်ရှိပါသည်။ မနှိုင်းစရာသာ နှိုင်း စရာသား၊ ဆရာ တော်ကို ဓမ္မသူရဲကောင်း အဖြစ် ထိုစကား ဖြင့် ကျွန်မဂုဏ်တင် ချင်ပါသည်။

Swift as a wind
Quiet as a forest
Fierce as a fire
Immovable as a mountain!

လေအဟုန်နှယ် လျှင်မြန်ကာ
သစ်တောအုပ်သဖွယ် ငြိမ်သက်ခြင်း
ကြောက်မက်ဖွယ် မီးလျှံကဲ့သို့အရှိန်ပြင်းပြီး
တောင်ကြီးသဖွယ် ရွှေ့ပြောင်းမရ ခိုင်ခံ့လှသည်။

ဤသည်ကား အပွဲပွဲတွင်အောင်ခဲ့သော စစ်ခေါင်းဆောင်၏ အရည်အချင်းနှင့် စွမ်းဆောင်ချက်ဖြစ်ပါသည်။ ထိုနည်းတူအရည်အချင်း (Ability)နှင့် စွမ်းဆောင်ချက် (Activity)တို့ကပင် ဆရာတော်ကြီးစည်သမျှ လုပ်ကိုင်ဆောင်ရွက်သမျှ အောင်မြင်ခဲ့သည်ချည်း ဖြစ်ပါသတည်း။

ခင်ဆွေဦး

# လေဟုန် တောကြီး မီးနှင့်ကျောက်တောင် ပမာဆောင်

Swift as a wind
Quiet as a forest
Fierce as a fire
Immovable as a mountain!

- အများအကျိုး ရွက်သည်ပိုးစဉ်
  ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
  မဖဲ့မစောင်း ကိုယ့်လမ်းကြောင်းကို
  စိတ်ကောင်းနှင့်ယှဉ် ရှေ့ရှုနင်သော
  လူ့ရှင်တကာ တို့ဆရာ၏
  ပမာရွက်စုံ ဖွင့်လှစ်ပုံသည်
  လေဟုန်သို့လည်း မြန်သတည်း။ ။

- အများအကျိုး ရွက်သည်ပိုးစဉ်
  ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
  မဖဲ့မစောင်း ကိုယ့်လမ်းကြောင်းကို
  စိတ်ကောင်းနှင့်ယှဉ် ရှေ့ရှုနင်သော
  လူ့ရှင်တကာ တို့ဆရာ၏
  မေတ္တာဓာတ်ခြံ ငြိမ်သက်ပုံသည်
  ရဂုံနှင့်လည်း တူသတည်း။ ။

- အများအကျိုး ရွက်သည်ပိုးစဉ်
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မဖဲ့မစောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေ့ရှုနှင်သော
လူရှင်တကာ တို့ဆရာ၏
သဒ္ဓါစိတ်ခံ ဗွဲ့အားမာန်သည်
မီးလျှံသို့လည်း ပြင်းသတည်း။ ။

- အများအကျိုး ရွက်သည်ပိုးစဉ်
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မဖဲ့မစောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေ့ရှုနှင်သော
လူရှင်တကာ တို့ဆရာကား
ပညာအရောင် လင်းတောက်ပြောင်၍
ကျောက်ဆောင်သို့လည်း ခိုင်သတည်း။ ။

အရှင်စန္ဒာသီရိ (သီတဂူ)
၂၁ ၊ ၃ ၊ ၂၀၀၃

**သုတေသနစာကြည့်တိုက်**
**ဓ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊**
**ကမ္ဘာအေး၊ ရန်ကုန်။**

# Ground to Crown




Gifted men seized
Time and Work
as their Opportunity.
They make them Great and Grand.

လူစွမ်းကောင်းတို့သည်
အချိန်နှင့်အလုပ်ကို သူတို့၏ အခွင့်အရေးအဖြစ်
ထိထိရောက်ရောက် ဖမ်းဆုပ်ကိုင်ကြသည်။
သူတို့သည် ထိုအချိန်နှင့်အလုပ်ကို ကြီးကျယ်ခမ်းနားအောင်
ပြုလုပ် ဖန်တီးပေးကြသည်။

သီတဂူ စန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။


သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ၊ စစ်ကိုင်းတောင်ရိုး ၊ စစ်ကိုင်းမြို့
✆ ၀၇၂ - ၂၁၆၁၀၊ ၂၁၆၁၁၊ ၂၂၀၄၄၊ ၂၁၅၈၇၊